
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်

# သူငယ်ချင်းဒိုင်ယာရီ

www.burmeseclassic.com

www.burmeseclassic.com

"အချစ်" ဆိုတဲ့အရာမှာ အရောင်ရှိတယ်လို့ ကျွန်တော် ဘယ်သူ့ဆီကမှ တိတိကျကျ မကြားဖူးပါဘူး။ တချို့ကတော့ အချစ်ရဲ့သင်္ကေတကို ပန်းရောင်နဲ့ တင်စားကြတယ်။ အဲဒါကိုလည်း ကျွန်တော် လက်မခံနိုင်ပြန်ဘူး။

အချစ်ဆိုတာ စိတ်အာရုံ၊ နှလုံးသား၊ ခံစားမှု၊ အထိအတွေ့တွေ ရောယှက် ရက်ဖောက်ပြီးမှ သိမြင်ရတာ မဟုတ်လား။

ထားပါတော့။ တကယ်လို့သာ အချစ်မှာ အရောင်အဆင်းတစ်ခု တိတိကျကျ ရှိခဲ့ရင်ဆိုပါတော့။

အရောင်ကန်းနေသူတွေကို "ကာလာဘလိုင်း" လို့ သတ်မှတ်ခေါ်ဝေါ်ကြ သလို...

ကျွန်တော်ဟာလည်း အချစ်ကိုမမြင်နိုင်ဘဲ ကန်းနေတဲ့ "လပ်ဗ်ဘလိုင်း" တစ်ကောင်ပါပဲ။

ညီထူး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့တစ်ယောက် မွေးဖွားလာပုံချင်းလည်း မတူ။ ကြီးပြင်းလာတဲ့ စိတ်ခံစားချက်တွေလည်း မတူ။ သွေးသားလည်း မတော်စပ်ပါဘဲ "အချစ်" ဆိုတဲ့ ခေါင်းဆဉ်အောက်မှာ ခေါင်းနှစ်လိုက်ရတာ နားလည်မှုတစ်ခုတည်းနဲ့တဲ့လား။ အဲဒီလိုတွေး မိတိုင်း ကျွန်မကိုယ်ကျွန်မ အံ့ဩပြီး နားမလည်နိုင်ဖြစ်ခဲ့ရပေမယ့် အဖြေတစ်ခုကတော့ ကျွန်မရင်ထဲမှာ ကိန်းဝပ်စွာ သေဆုံးပြီးနှင့်ခဲ့ပါပြီ။

အကြိမ်ကြိမ်သေဆုံးခဲ့ရလို့လည်း အဲဒီအချစ်ဆိုတာကို ဘယ်တော့မှ ပြန်နှိုးထဖို့ ကျွန်မ. မကြိုးစားချင်တော့ပါဘူး။

ကျွန်မရဲ့နှလုံးသားကလေးတစ်ဖက်ကို လာထိတွေ့တိုင်း တစ်ကြိမ်စီ သေဆုံး ခဲ့ရတဲ့အချစ်တွေဟာ ကျွန်မအတွက် ဖြေရှင်းလို့မရနိုင်တော့တဲ့ အမှန်တရားတွေပဲပေါ့။

နေခြည်ယွန်းယွန်း



www.burmeseclassic.com

www.burmeseclassic.com

တစ်လှေလုံး ပုပ်ခဲ့ရရင်တောင်
အဲဒီငါးခုံးမလေးဘက်က
ငါ...
တနာသနားချင်သေးတယ်။
မြေနိမ့်ရာလှံစိုက်ဆိုတာ
သူရဲကောင်းတွေရဲ့စကားပုံမှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်)

စံပယ်ရနံ့တို့ ထုံးဆွပါဝင်နေသော လေပြည်နုနုသည် မနက်ခင်း၏ ထောင်ချောက်ထဲတွင် အတိအကျမိနေသေးသောအချိန်မှာ ဖြစ်သည်။

ခပ်လှမ်းလှမ်းမြက်ခင်းပေါ် ဆော့ပြေးကစားနေသော မွေးစုတ်ဖွား ခွေးကလေးက ထိုသို့ကစားနေရခြင်းကို ပျင်းရိလာဟန်ဖြင့် ရပ်တန့်ကာ သမ်းဝေလိုက်သည်ကို မြင်လိုက်ရ၏။

လူ့ဘဝဆိုတာကရော ဒီအတိုင်းပဲလား။ ဆန္ဒတစ်ခုအတွက် ရယူ ပိုင်ဆိုင်လိုသောစိတ်ဖြင့် မမောပန်းကစားပြီး ထိုအရာကို ရလျှင် ပျင်းရိငြီးငွေ့ သွားတတ်သလား။

ထိုသမ်းဝေသံများကို စုပေါင်းကာ စီဒီခုတ်ပြီး ကြိုးစားမှုအသီးအပွင့် ၏အသံများဟု ဈေးကွက်ထဲမှာ ရောင်းချလျှင် ဘုမသိ ဘမသိနှင့် တော်တော် ဝယ်ကြလိမ့်မည်ဟူ၍ ညီထူး ပြောင်ချော်ချော်တွေးမိသည်။

လူ့ဘဝဟု တွေးနေတော့မှ သူသည်လည်း ဒီပုတ်ထဲက ဒီပဲပါပဲဟု



www.burmeseclassic.com

www.burmeseclassic.com

ရယ်ချင်ပက်ကျိ စဉ်းစားမိပြန်၏။

ခုပဲ ကြည့် ...

သူ စဉ်းစားနေချိန်မှာပဲ ခွေးကလေးက ပျင်းရိခြင်းကို ရပ်တန့်ကာ တစ်ဖန်ပြန်၍ ဆော့ကစားနေပြန်ပြီ။

သူလည်း ဒီလိုပျင်းပျင်းရိရိ ထိုင်မနေချင်တော့။ လှုပ်ခတ်ဆူဝေသင့်နေပြီ။ ထို့ကြောင့် အားရပါးရတစ်ချက်သမ်းဝေကာ ပျင်းရိခြင်းကို ကုန်ဆုံးစေလိုက်ပြီး ညီထူးထိုင်နေရာမှ လတ်ဆတ်ပေါ့ပါးစွာ ထရပ်လိုက်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကစားပွဲတစ်ခု စတင်ရန် မနေ့ညကအထိ မရေရာခဲ့သောစိတ်သည် ယခုအချိန်မှာ ရေရာခိုင်ကျည်သွားခဲ့ပြီ မဟုတ်ပါလား။

သို့သော်လည်း လောလောဆယ် သူ့ခြေလှမ်းတွေကတော့ ...

"ယွန်းယွန်းရေ ယွန်းယွန်း ... နင် အိမ်ထဲမှာလား"

အိမ်ပေါက်ဝမှ အော်ခေါ်နေသောအသံပြဲကြီးကြောင့် ခြံထဲဆင်းကာ ကော်ဖီသောက်ရင်း ဂျာနယ်ဖတ်နေသည့် ယွန်းယွန်းတစ်ယောက် မျက်မှောင်ကြုတ်မိသွားသည်။

ဒီအသံ၊ ဒီအသုံးအနှုန်းနှင့် ခေါ်နေသူကိုတော့ ဘယ်သူလဲဟု၍ အထူးစဉ်းစားနေစရာမလိုချေ။ ဟိုကောင် ... ညီထူးဆိုတာ သူမ သိပြီးသား။ ထို့ကြောင့် အမြင်ကတ်ကတ်နှင့် ပြန်မထူးဘဲ ဂျာနယ်သာဖတ်နေလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း အိမ်ထဲက တစ်ယောက်ယောက်၏လမ်းညွှန်မှုဖြင့် ခဏနေလျှင် ဒင်းအနားသို့ ရောက်လာဦးမည်ဆိုတာကိုလည်း ဖေဒင်မေးစရာ ပင် မလိုချေ။

ထင်ထားသည့်အတိုင်း ...

"ဟြော် ... ဂျပုမ ယွန်းယွန်း ... နင်က ငါခေါ်တာတောင် မထူး ဘဲ ဒီမှာဖိမ်ကျနေတာကိုး ... ဟုတ်လား"

"အောင်မာ ... ငါက ဘာဖြစ်လို့ လေကုန်ခံပြီး ထူးနေရမှာလဲ၊ ငါ မထူးလည်း နင်လာမှာပဲ မဟုတ်လား"

ပြောရင်း ယွန်းယွန်းက မျက်စောင်းထိုးလိုက်သည်။ ညီထူးကလည်း မျက်ခုံးလေးပင့်ကာပင့်ကာလုပ်ပြီး ...

"အဟဲ ... ဒါတော့ နင်သိနေသားပဲ ဂျပုမရဲ့"

"ညီထူးနော် ... နင် ငါ့ကို ဂျပုမ ဂျပုမနဲ့ မခေါ်နဲ့၊ ငါးပေလေး လက်မဆိုတဲ့ ငါ့အရပ်ဟာ မိန်းမတွေထဲမှာ ပုတယ်လို့မဆိုနိုင်ဘူး၊ နင်သာ ဖဲလင်းမြွေသီးလို အရပ်ကြီးမိုးထိုးနေတာ"

"အေးပါ ... ငါကလည်း ငါ့အရပ်နဲ့နှိုင်းယှဉ်ပြီး နင့်ကို ဂျပုမလို့ ခေါ်တာပါဟ၊ နင်နဲ့ငါ နှစ်ယောက်တည်းရှိချိန်ကလွဲပြီး ဘယ်သူ့ရှေ့မှာများ အဲဒီလို ခေါ်ဖူးလို့လဲ"

ဟုတ်သားပဲဟု တွေးရင်း ယွန်းယွန်း အနည်းငယ်ဘဝင်ကျသွားမိ သည်။ တခြားသူငယ်ချင်းတွေရှေ့မှာမပြောနှင့် သူမ၏မိသားစုရှေ့မှာပင် ညီထူးက ထိုသို့ခေါ်လေ့မရှိပါ။

သို့သော်လည်း ခုလိုမနက်စောစော ညီထူးတစ်ယောက် ကြီးစွာ သောဝီရိယနှင့် သူမထံသို့ လာသည်ကိုတော့ ယွန်းယွန်း စိတ်စနိုးစနောင့် ဖြစ်မိသွားသည်။ (တော်ရုံတန်ရုံကိစ္စမျိုးမရှိလျှင် ညီထူးဆိုသည့်ကောင်က

www.burmeseclassic.com



နေဖင်ထိုးမှ ထ,တတ်သည်ကို သူမ ယေယေကတည်းက သိထားပြီးဖြစ်သည်)

ထိုကြောင့် ယွန်းယွန်းက မျက်မှောင်ကြုတ်၍ ...

"နေစမ်းပါဦး ... နင် ဒီအချိန်မျိုး မလာစဖူးလာပြီး ငါ့ရဲ့ကိုယ်ပိုင် အချိန်တွေကြားထဲ လက်စင်လှူရအောင် ဘာကိစ္စများရှိလို့လဲ"

ညီထူးက မပွင့်တပွင့်လေး ပြုံးလိုက်သည်။ ပြီး ဘာမှမပြောသေးဘဲ ယွန်းယွန်းသောက်နေသည့် ကော်ဖီခွက်ထဲမှ ကော်ဖီလက်ကျန်အား အကုန်မော့သောက်လိုက်ပြီးမှ ...

"အားပါး ... ကောင်းလိုက်တဲ့ကော်ဖီ"

"ညီထူး ... နင် အပိုတွေပြောမနေနဲ့၊ အဲဒါ ကော်ဖီမစ်ထုပ်ကို ဖန်ခွက်ထဲ ဖောက်ထည့်ပြီး ရေနွေးထည့်မွှေလာတာ၊ ဘာမှထူးထူးခြားခြား ကောင်းစရာမလိုဘူး"

ယွန်းယွန်း၏ဘောက်ဆတ်ဆတ်စကားအဆုံးမှာ ညီထူးက ...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ဖျော်လာတာက နင်လေ၊ အဲဒါကြောင့် ပိုပြီးထူးကဲနေတယ်လို့ ပြောတာ"

"သွားစမ်းပါဟာ၊ အပိုတွေလာပြောမနေနဲ့ နင် အကြောင်းမရှိဘဲ ဒီအချိန်မျိုး မလာဘူးဆိုတာ သိတယ်၊ လိုရင်းကိုပဲပြော"

ထိုအခါမှ ညီထူးက ...

"ဒီလိုဟာ ... ဘောလုံးကစားတာမှာ အိမ်ကွင်း,အဝေးကွင်းဆိုတာ ရှိတယ်ဟ"

"ငါသိသလောက်တော့ တစ်ခါတလေ ကြားကွင်းမှာလည်း ကန်ပါတယ်"

ရုတ်တရက် ယွန်းယွန်းက ဖြတ်ပြောလိုက်သဖြင့် ညီထူး အိုးတိုးအမ်းတမ်းဖြစ်သွားရပြီး ...



www.burmeseclassic.com

www.burmeseclassic.com


"အာ . . . နင်ကလည်း ငါက အခြေခံသဘောထားကို ပြောတာ ဒါ"

"ဟုတ်ပါပြီ၊ ဘာလဲ . . . နင်က ဘောလုံးကန်မလို့လား၊ တော်ပါ ဟာ . . . အရှုံးမထစမ်းပါနဲ့၊ နင် ဒီအသက်အရွယ်အထိ ဘောလုံးနဲ့ ခြေ ထောက် ဘယ်နှခါ ထိဖူးလို့လဲ"

"ဂျပုမ တော်ဟာ . . . ငါ စိတ်တိုလာပြီ ငါက ဥပမာ ပြောနေတာ"

"ဪ ဟုတ်လား . . . ငါမှမသိဘဲ"

ရွှဲတဲ့တဲ့ပြောလာသောကြောင့် ညီထူး အမှန်တကယ် စိတ်တိုလာ ရသည်။ သို့သော်လည်း စိတ်တို၍မဖြစ်သေး။ လာရင်းကိစ္စကိုတော့ ပန်း တိုင်သို့ရောက်အောင် ချီတက်ရပေလိမ့်မည်။

ထိုကြောင့် စိတ်ကိုလျှော့ကာ မျက်နှာလေး ငယ်ပြလိုက်ရင်း . . .

"ခဏလေးဟာ . . . ငါပြောပြပါ့မယ်၊ အိမ်ကွင်း,- အဝေးကွင်းလို့ ခေါ်တာက အခြားရပ်ကွက်က ကောင်မလေးတွေနဲ့ ကိုယ့်ရပ်ကွက်ထဲက ကောင်မလေးတွေကိုပြောတာ၊ ငါ့မှာ တခြားရပ်ကွက်ထဲက ကောင်မလေး တွေနဲ့ပဲ ရည်းစားဖြစ်ဖူးတာ၊ အဝေးကွင်း ကန်တယ်ပေါ့ဟာ၊ ခုတော့ . . . အိမ်ကွင်း ပြောင်းကန်မလားလို့"

"ရွာနားကမြက် ရွာနွားစားတော့မယ်ပေါ့"

ညီထူး ကိုယ့်ဘဝကိုယ် ကြေကွဲဆို့နင့်သွားမိသည်။ မထူးတော့ပြီ မို့ ချေပမနေတော့ဘဲ . . .

"အဲဒီသဘောပဲဟာ၊ ငါ အခု ငါတို့ရပ်ကွက်ထဲက ကောင်မလေး တစ်ယောက်ကို လိုက်မလို့၊ အဲဒါ နင့်အကူအညီလိုတယ်"

"ဘုရားရေ"

ယွန်းယွန်း ရင်ဘတ်ကလေး ဖိလိုက်မိသည်။ ညီထူးမိုသည့်ကောင်


www.burmeseclassic.com

www.burmeseclassic.com



က ရည်းစားတွေ မှိုလိုပေါက်အောင်ထားခဲ့သော်လည်း သူမနှင့် ခုလိုတိုက်ရိုက်ပတ်သက်လာခြင်းမျိုးမရှိ၊ ခုတော့ တိတိကျကျကြီးကို ပတ်သက်လာလေပြီ။

ယွန်းယွန်းက စဉ်းစားရင်း စိတ်လက်ကုန်ခန်းဟန်နှင့် . . .

"တော်စမ်းပါဟာ၊ နင့်ကိစ္စတွေထဲမှာ ငါ့ကို ဆွဲမထည့်စမ်းပါနဲ့၊ တခြားအကူအညီ တောင်းစမ်းပါ"

"ယွန်းယွန်းကလည်းဟာ နင့်အတွက် ခက်ခက်ခဲခဲကြီးလည်း မဟုတ်ပါဘူး။ အဲဒါလေး ကူညီရုံနဲ့ နင်လိုချင်တဲ့လက်ဆောင်ကို ငါ ဝယ်ပေးပါ့မယ်"

"အံမယ် . . . ပိုက်ဆံပေါနေတယ်ပေါ့လေ၊ ဒါပေမဲ့ . . . နင့်လို ကိုယ်ပိုင်ဝင်ငွေမရှိတဲ့လူဆီက ငါ လက်ဆောင်မယူပါရစေနဲ့ ညီထူးရာ"

မျက်ခုံးကလေးပင့်ကာ ယွန်းယွန်း ပြောလာသောစကားသည် သူ့အတွက် စာနာနေတာမဟုတ်မှန်း ညီထူး သိပါသည်။ သူ့ကို မကူညီချင်တာနှင့် ခုအချိန်အထိ အလုပ်မလုပ်သေးခြင်းအား ရောပြီး ရွဲ့ပြောလိုက်တာမှန်း အသိသာကြီးပင်။

ထို့ကြောင့် . . .

"ယွန်းယွန်း . . . နင် အပိုတွေပြောမနေနဲ့၊ နင် အလုပ်ရှိတယ်ဆိုတာက နင့်အဖေကုမ္ပဏီမှာ ခပ်တည်တည်နဲ့ M.D တက်လုပ်နေ တာကိုး"

"အောင်မာ . . . ဒါဆို နင်ကရော ငါ့လို ဘာလို့မလုပ်လဲ"

"ပါနဲ့ ငါ့အဖေကမှ မတည့်တာ၊ အဲဒါတွေ ထားစမ်းပါဟာ၊ နင့်ကို ကူညီခိုင်းတာ ပါးပါးလေးပါ၊ ရပ်ကွက်ထဲက ကောင်မလေးတစ်ယောက်ရဲ့ ဖုန်းနံပါတ်လေးကို ဒီရက်ပိုင်းမှာ စုံစမ်းပေးရုံလေးပါ"

ယွန်းယွန်းက မျက်စောင်း ဒိုင်းခနဲထိုးလာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါများ ... နင့်ဟာနင် စုံစမ်းပါလား''

''ဟ ... ငါက ဒီရက်ပိုင်း မအားလို့ပေါ့''

''မအားရအောင် နင့်မှာ ဘာအလုပ်များ ရှိလို့လဲ''

ညီထူးက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကို တဗျင်းဗျင်းကုတ်ကာ ...

''ခု ဒီတစ်ယောက်ကို မလိုက်ခင် တစ်ဖက်မှာ လက်ရှိတွဲနေတဲ့ ကောင်မလေးတစ်ယောက်နဲ့ ဒီရက်ပိုင်း စာရင်းအပြတ်ရှင်းရမှာလေ၊ အဲဒါကြောင့် ဒီဖုန်းနံပါတ်ကို စုံစမ်းနေဖို့ အချိန်မရဘူး၊ နင် စုံစမ်းပေးထားတော့ ဟိုဘက်က စာရင်းပြတ်တာနဲ့ ဒီဘက်မှာ တန်းပြီးလှုပ်ရှားလို့ ရတာပေါ့၊ ဆိုလို ချင်တာက ကြားထဲမှာ အချိန်မဟာတော့ဘူးပေါ့ဟာ''

ညီထူးပြောနေသည့်ပုံစံက တကယ့်ကို လေးလေးနက်နက်ပင်။ အလုပ်လုပ်နေသော သူမပင်လျှင် အချိန်ဟာ ဒီလောက်တောင် တန်ဖိုးရှိမှန်း ညီထူးပြောမှ သိရတော့၏။

ခပ်ချဉ်ချဉ်နှင့်ပင် ယွန်းယွန်းက ...

''ညီထူး ... နင် ကောင်မလေးတွေနဲ့ တွဲလိုက်,ပြတ်သွားလိုက်နဲ့ နေည်းတော့ဘူး၊ နင့်ရဲ့ရည်းစားမွေးမြူရေးလုပ်ငန်းက ဘယ်တော့ အဆုံးသတ်မှာလဲ၊ မိန်းမယူချင်ရင်လည်း ယူတာမဟုတ်ဘူး''

''အဲဒါကို ငါ နောက်တော့ ပြောပြပါ့မယ်ဟာ၊ ဘာဖြစ်လို့ မယူသေးလဲဆိုတာကို ခုတော့ ငါ ပြောသလိုပဲ စုံစမ်းပေးစမ်းပါ''

ဆက်ငြင်းနေလျှင်လည်း ထူးမည်မဟုတ်မှန်း သိနေ၍ ယွန်းယွန်းက ...

''ပြော ပြော ... ရပ်ကွက်ထဲက ဘယ်ကောင်မလေးလဲ''

ညီထူးက ပျော်ရွှင်ဟန်လေးဖြင့် ...

''လှဲ့လှဲ့မိုးဦးဆိုတဲ့ကောင်မလေးလေ ... ဟိုဘက်အိမ်းထဲက



www.burmeseclassic.com

www.burmeseclassic.com

ရွှေဗန်းကြီးဆိုတဲ့ စတိုးဆိုင်က ...''

စကားပင် မဆုံးလိုက်။ ယွန်းယွန်းမျက်နှာ ရဲခနဲဖြစ်သွားပြီး ...

''အာ ... ရှယ်ဗန်းကြီးပါဟာ ... နင်ကလည်း''

''အဟီး ... စကားပြောချင်ဇောနဲ့ လောသွားလို့ပါ၊ အေး ... ဟုတ်တယ်၊ အဲဒီ ရွှေဗန်း အဲ ... ရှယ်ဗန်းကြီးဆိုင်က ကောင်မလေးပဲ''

ယွန်းယွန်းက သက်ပြင်းဖွဖွကို ခိုးချလိုက်ရင်း ...

''အေးလေ ... အဲဒါလောက်တော့ ငါ စုံစမ်းပေးနိုင်မှာပါ၊ ဒါပေမဲ့ အဲဒီကောင်မလေးက နှင့်လိုပဲ ရည်းစားများတယ်လို့တော့ ကြားတာပဲ''

ဝင့်ခနဲ တစ်ချက်ပြုံးရင်း ညီထူးက ...

''အဲဒါ ငါ့အတွက် အရေးမကြီးပါဘူးဟာ၊ ငါ့ကိစ္စကို ငါပိုင်ပါတယ်၊ နင်သာ အမြန်ဆုံး စုံစမ်းပေး ... ကြားလား''

''ကြားပါတယ်၊ ကြားပါတယ်''

စူပွပွအသံနှင့် ယွန်းယွန်းက ပြောလိုက်သည်။ ညီထူးက သူ အကူအညီတောင်းတိုင်း လုပ်လေ့ရှိသော ယွန်းယွန်းနားရွက်ကလေးတစ်ဖက်ကို လှမ်းကိုင်ကာ ခပ်ဖွဖွပွတ်ရင်း ...

''ကျေးဇူးပါပဲဟာ၊ ကျဉ်းထဲကျပ်ထဲရောက်ရင် နင်က သိပ်အားကိုးရတာပဲ ... အဲဒါကြောင့် ခင်ရတာ''

ညီထူး ကိုင်ထားသောနားရွက်မှလက်ကို ယွန်းယွန်း အသာဖြုတ်လိုက်သည်။ ဒီစကားလုံးမျိုးနှင့် ဒီလိုအပြုအမူတွေက သူမအတွက် နှစ်ပေါင်းအတော်ကြာက သေနေခဲ့သော မီးတောင်တစ်လုံးလို ဖြစ်နေခဲ့ပြီ။

ညီထူးက ...

''အဲဒီအတွက် ငါ ဘာလက်ဆောင်ဝယ်ပေးရမလဲ ပြော''

ယွန်းယွန်းက စဉ်းစားနေဟန်နှင့် နားထင်ကို လက်ညှိုးလေး


www.burmeseclassic.com

www.burmeseclassic.com



ထောက်ကာ,ထောက်ကာလုပ်ရင်း …

"စဉ်းစားဦးမယ်လေ … ညကျမှ ငါ ဖုန်းဆက်ရင်းနဲ့ပြောမယ်"

ညီထူးက ပေါ့ပေါ့ပါးပါး ထရပ်လိုက်ကာ …

"အေး … ပြီးရော၊ ဒါဆိုလည်း ငါသွားတော့မယ်၊ အန်တီတို့ကို နှုတ်ဆက်သွားတယ်လို့ ပြောလိုက်၊ ငါ အထဲပြန်မဝင်တော့ဘူး"

"ဘယ်ဝင်တော့မှာလဲ၊ နင့်ဆန္ဒပြည့်သွားပြီကိုး"

"ဂျပုမရယ် … ငါ့ဘက်ကလည်း နင့်ဆန္ဒကို ပြန်ဖြည့်ဆည်းပေးဦးမှာပါ၊ ကဲ … လစ်ပြီဟေ့"

လှည့်ထွက်သွားသော ညီထူး၏ကျောပြင်ကို ငေးကြည့်နေပြီးမှ ခေါင်းအသာခါရင်း ယွန်းယွန်း မျက်နှာလွှဲလိုက်ပါသည်။

■

သူမအတွက်တော့ ညီထူးသည် တစ်သက်လုံး ဘာမှမဟုတ်ခဲ့သလို အကုန်ဟုတ်နေခဲ့သောသူလည်း ဖြစ်သည်။

ဒီစကားကိုတော့ ဘယ်သူမှ နားလည်နိုင်မှာ မဟုတ်ပါဘူး။

ဟုတ်တယ်လေ …။

**တစ်ခါတစ်ခါ ဘဝမှာ ခေါက်ရိုးကျိုးပြနေရတာက အသက်ရှူဝတယ်မဟုတ်လား။**

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း (နှစ်)

အားလုံးအဆင်ပြေပါစေ။ ကြံစည်ထားသမျှ အောင်မြင်ပါစေဟု ညီထူး အမှန်တကယ် ဆုတောင်းလာခဲ့ပါသည်။

■

တစ်ညလုံး မအိပ်ထားရသဖြင့် ညီထူးမျက်လုံးတွေက ကျိန်းစပ်ပြီး ရဲတွတ်နေသည်။ အိပ်ရေးက ပျက်ချင်၍ ပျက်ရခြင်းမဟုတ်။ စိတ်ရောကိုယ်ပါ တစ်ညလုံး ထူမတ်တောင့်ခံပြီး မအိပ်ခဲ့ခြင်းဖြစ်သည်။

ဒီနေ့လိုမနက်မှာ သူ့အတွက် ...

၁။ အိပ်ရေးပျက်လွန်းသည့် ကြောင်စီစီပုံစံဖြစ်နေရမည်။

၂။ အထက်အောက် တွဲဖက်ဝတ်ဆင်ရမည့် အဝတ်များကို အထူး



www.burmeseclassic.com

www.burmeseclassic.com


ဂရုစိုက်ရမည်။

၃။ စကားလုံးအသုံးအနှုန်းများကိုလည်း အထူးဂရုစိုက်ရမည်။

ထိုအချက်သုံးချက်သည် နိုင်ရတနာဖြူဖြူဇော်ဝင်းသန်းနှင့် တွေ့ရန် အတွက် အဓိကလိုအပ်ချက်ဖြစ်သည်။

တခြားလိုအပ်လာလျှင် လိုသလို ထုတ်သုံးရန် တွေးထားသော အချက်တွေကလည်း အများကြီး။

ဩော် ... နိုင်ရတနာဖြူဖြူဇော်ဝင်းသန်း ... နိုင်ရတနာဖြူဖြူ ဇော်ဝင်းသန်း ... တစ်ယောက်နဲ့တစ်ယောက် လမ်းခွဲပြီးရင်တောင် ကစ် သက်စာ အမှတ်ရနေမယ့် နာမည်မျိုးပါလားကွယ်။

■

အဲဒီနိုင်ရတနာဖြူဖြူဇော်ဝင်းသန်းဆိုသော ကောင်မလေးကို မြင် မြင်ချင်း ချစ်စိတ်တွေယိုဖိတ်ပြီး ကိုယ့်ဘက်က နွားသိုးကြိုးပြတ်လိုက်ခဲ့ တာ မဟုတ်ဟု အဆူဆူသောဘုရားတွေမှာ ညီထူး အခါတစ်သိန်း ကျိန်ဆို ဝံ့ပါသည်။

တကယ်တော့ ဒီကိစ္စသည် သူများဓားခုတ်ရာမှာ လက်ဝင်လျှိုမိ ခြင်းလည်း မဟုတ်။ ဓားခုတ်ရာထဲသို့ ကိုယ့်လက်အား အတင်းဆွဲသွင်းခြင်း ခံရတာမျိုးဖြစ်သည်။

တရားခံက တိုးမောင် ...

(သူကလည်း နောက်ပိုင်းမှာ ညီထူးကို ကောင်းစားစေခဲ့သော စေတနာဖလပွနှင့် ကူညီမိခဲ့၍ ထိုအများအတွက် နောက်ဘဝအထိ တောင်း


www.burmeseclassic.com

www.burmeseclassic.com



ဝန်ပါမည်ဟု မျက်ရည်ကလေးဝဲရင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြောရှာ ပါသည်)

ထားတော့၊ ကိုယ်ကလည်း ကိုယ့်အကျင့်နှင့်ကိုယ် နည်းနည်းတော့ ဆတ်ဆော့မိခဲ့သည်မဟုတ်လား။

အဲဒီနေ့တုန်းကတော့ ဝတ်ကောင်းစားလှတွေနှင့် တောက်ပြောင်ပြီး တိုးမောင် အိမ်သို့ ခပ်စောစောရောက်ချလာသည်။

ညီထူးကိုလည်း ...

"ညီထူး ... မင်း ငါ့ရဲ့အခင်ဆုံးသူငယ်ချင်းတစ်ယောက်အနေနဲ့ ဒီနေ့လိုက်ခဲ့ကွာ"

ရုတ်တရက် ဘာကိုဆိုလိုမှန်းမသိ၍ ညီထူးက ...

"ဟာ ... ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

အဲဒီတော့မှ တိုးမောင်က ဟီးခနဲရယ်ပြီး ...

"ဟုတ်သားပဲ ... စကားပြော လောသွားတာကွ၊ ဒီနေ့ ငါ့မွေးနေ့ လေ၊ ငါမွေးနေ့မှာ ငါ့ရဲ့အခင်ဆုံးသူငယ်ချင်းတစ်ယောက်အနေနဲ့ ချီးမြှင့်ဖို့ လိုက်ခဲ့စမ်းပါကွာ"

ညီထူးက ...

"ဩော် ... ဟုတ်လား၊ ဒါနဲ့ ... ဌေးဝင်းတို့, သူရတို့လည်း ပါ တယ်မဟုတ်လား"

"မပါဘူး၊ ယောကျ်ားလေးဆိုလို့ မင်းရယ်, ငါရယ်ပဲ အခင်ဆုံး သူငယ်ချင်းဆိုမှကွာ"

ညီထူး အူကြောင်ကြောင်ဖြစ်သွားရသည်။ တကယ်တော့ သူရယ် တိုးမောင်၊ သူရနှင့် ဌေးဝင်းဆိုတာက တက္ကသိုလ်တက်စဉ်ကတည်းက အခင်ဆုံးသူငယ်ချင်းများအဖြစ် တပူးတွဲတွဲ နေခဲ့ကြသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ တိုးမောင်က ကိုယ့်ကိုမှ ရွေးပြီး ဘာကြောင့်များ အခင်ဆုံး ဖြစ်သွားသနည်း။

ညီထူးက မျက်မှောင်ကြုတ်၍ ...

"နေစမ်းပါဦးကွ၊ ငါတို့အားလုံးက သူငယ်ချင်းတွေပဲလေ၊ မင်း မွေးနေ့မှာ ဟိုကောင်တွေကိုလည်း ဖိတ်သင့်တာပေါ့"

တိုးမောင် ခေါင်းကုတ်တော့သည်။

"မင်း ... မသိပါဘူးကွာ၊ မာလာနဲ့အတူ သူ့သူငယ်ချင်းကောင်မ လေးတွေပါလာမှာကွ၊ ဟိုကောင်တွေကို ခေါ်သွားရင် အစအနောက်သန် တာနဲ့ ပွဲပျက်မှာ၊ အဲဒါကြောင့် ပြီးမှ ဒီကောင်တွေကို သတ်သတ်ပြုစုလိုက် မယ်"

ဒီလောက်ဆို ညီထူး သဘောပေါက်လိုက်လေပြီ။ တိုးမောင်က သူ့ရည်းစားမာလာနှင့် ပါလာမည့် ကောင်မလေးတွေကို ဟိုကောင်တွေနှင့် ဆုံစေချင်သည့်သဘော ဖြစ်သည်။

ဒါဆို ... သူ့ကိုကျတော့ရော ...

စဉ်းစားနေချိန်မှာပဲ တိုးမောင်က ...

"မင်း သဘောပေါက်မှာပါ၊ ဟိုကောင်တွေမှာက အတွဲကိုယ်စီနဲ့ကွ၊ ခုလောလောဆယ် မင်းမှာက အတွဲပြုတ်နေတယ်လေ"

"အတွဲ ... အတွဲနဲ့ မပြောနဲ့ကွာ၊ အူယားတယ်၊ ရည်းစားလစ် ဟင်းနေတယ်လို့ သုံးနှုန်းစမ်းပါ"

တိုးမောင်က တခွီးခွီးရယ်ရင်း ...

"အေးကွာ ... အဲဒီသဘောပဲ၊ မာလာ့သူငယ်ချင်းတွေထဲက မင်း တစ်ယောက်ယောက်ကို တော်ကောက်လို့ရအောင် ငါက လာခေါ်တာ"

ဟုတ်သည်ပဲ။ ဒါ တော်ရုံတန်ရုံစေတနာတော့ မဟုတ်ဟု ညီထူး



www.burmeseclassic.com

www.burmeseclassic.com



တွေးမိသည်။ ကိုယ့်မှာလည်း နောက်ဆုံးရည်းစားနှင့် ပြတ်သွားခဲ့သည်မှာ တစ်ပတ်ပြည့်ရန် သုံးရက်သာလိုတော့သည်မို့ နောက်တစ်ယောက်က မရှိ မဖြစ်လိုနေပြီ။

အလိုက်သိတတ်လွန်းသော တိုးမောင်အား ပခုံးပုတ်လိုက်ရင်း . . .

"တိုးမောင် . . . တိုးမောင် . . . မင်းဟာလေ တကယ့်သူငယ်ချင်း အကောင်းစားပါပဲကွာ"

ထိုသို့ကျေကျေနပ်နပ်ပြောပြီး တိုးမောင်နှင့်အတူ အားသွန်ခွန်စိုက် လိုက်သွားမိသည်။

သို့သော် . . .

မှန်းချက်နှင့်နှမ်းထွက် မကိုက်ဟု ဆိုရမည်လား။

မာလာတို့အုပ်စုနှင့်ဆုံတော့ အဲဒီကောင်မလေးတွေက ညီထူးအ တွက် တစ်စက်မှ ရင်ခုန်စရာမရှိချေ။

စားရင်းသောက်ရင်းပင် အကဲခတ်လာသော တိုးမောင်အား ယဲ့ယဲ့ လေးပြုံး၍ ခေါင်းသာ ခါပြမိလိုက်သည်။

စားသောက်ပြီးစီး၍ လမ်းခွဲကျတော့လည်း တိုးမောင်က မာလာ့ကို အိမ်အထိ လိုက်ပို့ပေးချင်သည်ဟု ဆိုလာပြန်သဖြင့် ညီထူးမှာ ကားမောင်း လိုက်ပို့ရပြန်သည်။

မာလာက သူတို့ရပ်ကွက်ထဲဝင်တော့ . . .

"ညီထူး ကားခဏရပ်ပေးပါလား၊ ဒီနားက သူငယ်ချင်းတစ် ယောက်အိမ် ခဏဝင်ချင်လို့"

ကားရပ်ပေးလိုက်တော့ မာလာက ညီထူးကို အဓိပ္ပာယ်ပါပါကြည့် ရင်း . . .

"လာလေ . . . နင်တို့ပါ လိုက်ခဲ့၊ ငါ မိတ်ဆက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com


လာပြန်ပြီတစ်ယောက်ဟုတွေးကာ ပခုံးအသာတွန့်ရင်း လိုက်သွား သည်။

အိမ်ရှေ့ရောက်တော့ မာလာက . . .

"နိုင်ရေ . . . ရတနာရေ . . . ဖြူဖြူရေ . . . ဇော်ဝင်းသန်းရေ . . . လာပါဦး"

ဘာတွေလဲဟုဟု ညီထူး အူကြောင်ကြောင်တွေးလိုက်မိသည်။ မာလာပြောတော့ အသိတစ်ယောက်တဲ့။ ခုတော့ ဘယ်နှယောက်တောင် ခေါ်နေသည်မသိ။

ညီထူးတွေးနေစဉ်မှာပဲ အိမ်ထဲက ကောင်မလေးတစ်ယောက် အပြေးလေးထွက်လာပြီး . . .

"ဟယ် . . . မာလာတို့ပါလား။ လာလေ အိမ်ထဲကို"

ပြောရင်း ငတီမလေးက ညီထူးကို ပြောင်ပြောင်တင်းတင်းပင် တစ်ချက်လှမ်းရှိုးလိုက်သေးသည်။ အနည်းငယ်လေး 'ဝ'သယောင်ရှိသော် သည်း ခေတ်ဆန်ဆန်ဝတ်စားထား၍ ဒီဟာမလေးတော့ မဆိုးဟု ညီထူး သတ်မှတ်မိ၏။

စိတ်ထဲမှာလည်း ဒီငတီမဟာ ခုနက မာလာ လှမ်းခေါ်သူတွေထဲက နိုင်ဆိုတာလား၊ ရတနာဆိုတာလား၊ ဒါမှမဟုတ် ဖြူဖြူဆိုတာပဲလား။

ညီထူး အတွေးက မဆုံးလိုက်။ မာလာက . . .

"ညီထူး . . . ဒါ ငါ့သူငယ်ချင်းလေ၊ နိုင်ရတနာဖြူဖြူဇော်ဝင်းသန်း တဲ့"

ဗုဒ္ဓေါ . . .။ ရထားတွဲလောက်ရှည်သော နာမည်ကြီးကြောင့် ညီထူး သန့်သွားမိသည်။

ငတီမကတော့ ပြုံးတုံ့တုံ့နှင့်ပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"နိုင်လို့ပဲ ခေါ်ပေါ့၊ ဒါနဲ့ သူ့နာမည်က ညီထူးတဲ့လား"

"ဟုတ်ကဲ့"

ပြောရင်း တေမကာ အလာကြီးပဲဟု ညီထူး မှတ်ချက်ချမိသည်။ ခုမှ တွေ့တာတောင် ဒင်းမျက်ဝန်းတွေက ညီထူးကို ကြည့်နေသည်မှာ တလက်တောက်တောက်နှင့်။ ဒီတစ်ခါတော့ ဟန်ကျလေပြီဟု ညီထူး ပက်ပက်စက်စက်တွေးလိုက်မိသည်။

နိုင်ရတနာဖြူဖြူဖော်ဝင်းသန်းနှင့် သိကျွမ်းပြီး သိပ်မကြာလိုက်ချေ တစ်ရက် ဖုန်းဝင်လာပြီး ...

"ကိုညီထူးလား ... နိုင်ပါ၊ အကူအညီတစ်ခုလောက် တောင်းချင်လို့၊ မာလာ့ဆီက ဖုန်းနံပါတ်ယူပြီး ဆက်လိုက်တာ"

ဖျစ်ချွဲချွဲပြောလာသည့် တေမစကားအဆုံးမှာတော့ ညီထူးက တစ်ချက်ပြုံးလိုက်ရင်း ...

"သိပ်ရတာပေါ့ နိုင်ရယ်၊ ကိုယ်လည်း နိုင့်ဆီ ဖုန်းဆက်မလို့ လေးဆီက နံပါတ်တောင်းပြီး ခုပဲ ဆက်မလို့လုပ်နေတာ"

"ဘာကယ် တိုက်တိုက်ဆိုင်ဆိုင်နော်"

"ဟုတ်တယ်၊ ကိုယ်လည်း နိုင့်ဆီက အကူအညီတစ်ခုတောင်းချင်နေတာ"

"ဟင် ... ဘာများလဲ"

"မပြောသေးဘူး၊ နိုင်နဲ့တွေ့မှပဲ နိုင့်မျက်နှာလေးကြည့်ပြီး ပြောတော့မယ်"

"ပြီးရောလေ၊ ဒါဆို"

"ကိုယ်တို့ ဆုံကြတာပေါ့ နိုင်ရယ်"

ဆုံမည့်နေရာကို ချိန်းလိုက်ပြီး ညီထူး ဖုန်းချလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှာတော့ တိုက်တိုက်ဆိုင်ဆိုင်ဆိုတဲ့အတိုင်း တိုက်ပြီးမှတော့ ဆိုင်ကြပြီပေါ့ . . . ဆိုင်ကြပြီပေါ့ ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းရယ်ဟု ညီထူး အသံတိတ် ကြုံးဝါးလိုက်လေ၏။

စတင်ချိန်းဆိုလိုက်သည့်နေ့မှာပဲ အဲဒီငတိမနှင့် သူ အမှန်တကယ် ညှိုးစားဖြစ်သွားခြင်းမှာ ကမ္ဘာ့အမြန်ဆုံး သမီးရည်းစားစုံတွဲအဖြစ် ဂင်းနစ် စံချိန်ဝင်ဖို့ပင် ကောင်းလှသေးတော့သည်။

■

ချစ်သူတွေဖြစ်သွားကြပြီး ပထမရက်သတ္တပတ်အထိ ညီထူးအဖို့ အစားစရာအသစ်တစ်ခုရသလို သည်းသည်းလှုပ် ပျော်ရွှင်နေမိသည်။ ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းဘက်ကဆိုလျှင် အချိန်အကြာကြီးပေးကာ ငွေးစားထားရသောချစ်သူမို့ ပြောဖွယ်ရာပင် မရှိတော့။

သို့သော်လည်း တစ်ပတ်ကျော်လောက်အကြာမှာတော့ ညီထူး တစ်ယောက် ငြီးငွေ့စပြုလာတော့သည်။ ငြီးငွေ့စရာအကြောင်းတွေကလည်း သက်သေပြရန် လုံလုံလောက်လောက်ရှိသည်။ပြောရလျှင်တော့ အများကြီး။

ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းသည် နာမည်နှင့်လိုက်ဖက်စွာ နေရာ အကာ အလွန်ရှည်သည်။

ဥပမာ . . . နေ့ခင်းဘက်ကပင် နှစ်ယောက်သား ဆုံဖြစ်ခဲ့ကြပြီး ညဘက်မှာ လည်း အိပ်ကောင်းခြင်း မအိပ်ရအောင် ဖုန်းဆက်လာသည်။

မောင်ရယ် . . . အချိန်တိုင်း သိပ်သတိရတာပဲဟု အစချီပြီး အိပ် တော့နော်၊ ခိုင့်ကို အိပ်မက်ထဲထည့်မက်ဆိုပြီး ဖုန်းချသွားချိန်မှာတော့ မနက်



www.burmeseclassic.com

www.burmeseclassic.com

နှစ်နာရီခွဲနေလေပြီ။ စကားလိုက်ထောက်ပြီး ပြောပေးခဲ့ရသော ညီထူးမှာ အိပ်ရာထက် ခပ်ယှဲ့ယှဲ့လေး ကျန်ရစ်ခဲ့ရ၏။ ဒီအချိန်ကျမှ ဘယ်လိုအိပ်ရတော့မည်နည်း။

အင်း . . . ဒီလောက်တောင် သတိရနေရင်တော့ အိမ်သာတက်ပြီး အီးညှစ်တိုင်း ငါ့မျက်နှာ ပြေးပြေးမြင်နေရင်တော့ ဒုက္ခပါပဲ။

အဲဒီလို လေကြောရှည်ရုံမှ မကသေးပါ။ ရှော့ပင်းထွက်လျှင်လည်း တစ်ရက်တည်းမှာပင် စူပါမတ်ကတ်သုံးခုလောက်ထိ ပတ်သွားနိုင်လောက်အောင် ခြေရှည်ပါသေးသည်။

အစားအသောက်စားလျှင်လည်း နီးစပ်ရာ သင့်သလိုမဟုတ်ဘဲ ရှည်ရှည်ဝေးဝေးနေရာတွေမှာ တကူးတက သွားစားသောက်သည်။ ပြီး . . . ထိုအစားအသောက် ဘာမှထူးခြားဆန်းကြယ်တာမဟုတ်။ ရှမ်းခေါက်ဆွဲ မြီးရှည် ဒါမှမဟုတ် တိုရှည်တို့လို အစားအစာမျိုး။ အအေးသောက်လျှင်တောင် ပိုက်ကအရှည်မှ။

ခင်းတော့ ယောက်ျားယူရင် ဒုက္ခပါပဲဟု ညီထူး မထိတ်သာ မလန့်သာ တွေးမိသေးသည်။

အဲဒီလိုနေရာတကာမှာ ရှည်လျားထွေပြားနေသော ဝေဒိမအား ကြာတော့ ညီထူး စိတ်မရှည်ဖြစ်လာရသည်မှာ ဘာဆန်းသနည်း။

ပထမတော့ ရင်ခုန်စိတ်ကလေး ဖြစ်ပေါ်ခဲ့သည်။ ကြည်နူးမှုတွေလည်း အမှန်တကယ် ထွန်းကားခဲ့ပါသည်။ သူ့ဆံပင်ရှည်တွေကိုလည်း ရေးယောင်မြတ်နိုးမိသလိုဖြစ်ခဲ့ဖူးပါသည်။

ခုတော့ ခင်း၏ရှည်လျားခြင်းသံသရာထဲမှာ လည်စင်းခံရတော့မည့် သားကောင် အဖြစ်မခံနိုင်တော့။

သို့နှင့် စိတ်ရှည်ရှည်ထားပြီး ညီထူး စဉ်းစားဆုံးဖြတ်လိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

နိုင်ရတနာဖြူဖြူဇော်ဝင်းသန်းရေ . . . မင်းနဲ့ငါ အချိန်တိုတိုအတွင်း မှာပဲ လမ်းခွဲကြပါစို့ . . . ဟု။

တကယ်တော့ ရည်းစားတစ်ယောက်၏ စိတ်နေသဘောထားကို လေ့လာရန် အချိန်တစ်ပတ်လောက်နှင့် လုံလောက်ပါသည်။

ထိုယူဆချက်ကို သင်လက်ခံပါသလား။

ကြိုက်ရာရွေးပါ (X၊ ✓)

■

ကျန်ခဲ့သည့် တစ်ပတ်ကျော်က အချိန်တွေကို ပြန်စဉ်းစားက နေပြော တသဖြစ်နေချိန်မှာပဲ ကန္တဲ့ကလျလှမ်းလျှောက်လာသော နိုင်ရတနာဖြူဖြူဇော် ဝင်းသန်းအား လှမ်းတွေ့လိုက်ရ၍ လက်ရှိအချိန်ကို စိတ်ပြန်ရောက်သွားပါ၏။

တစ်ဆက်တည်းမှာပင် ငါဟာ ဒင်းရဲ့ရည်းစားအဖြစ် တရားဝင်ရှိ နေဆဲပါလားဟုတွေးကာ အဆမတန် အားငယ်ဝမ်းနည်းသွားကာ မျက်ရည် ပင် လှိုက်ခနဲ စို့တက်လာသေး၏။

ထိုအချိန်မှာပဲ နိုင်ရတနာဖြူဖြူဝင်းဇော်သန်းက ညီထူးရှေ့သို့ ရောက်ရှိနေလေပြီ။

ညီထူးဝတ်စားလာသောပုံစံကိုကြည့်ကာ မျက်လုံးပြူးသွားရင်း . . .

"မောင် . . . ဘယ်လိုပုံစံကြီး ဝတ်လာတာပဲ"

ညီထူးက သူ့ကိုယ်သူ ကြောင်စီစီငုံ့ကြည့်ကာ . . .

"ဘာဖြစ်လို့လဲ နိုင်ရဲ့ . . . ဒါ မောင် ခုအရမ်းကြိုက်နေတဲ့ဖက်ရှင် လေ၊ နှင်းဆီဖက်ရှင်တဲ့၊ နှင်းဆီပန်းကြီးတစ်ပွင့်နဲ့ မောင် တင့်နေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟောတော်"

ဝတီမက ပြူးတူးပြဲတဲထပ်ကြည့်ပြန်သည်။ နှင်းဆီပန်းတစ်ပွင့်မှာဆိုလျှင် ထိုအရောင်သည် လိုက်ဖက်မည်ဖြစ်သော်လည်း စတိုင်ပင်အစိမ်းရောင်ကြီးနှင့် အကျီအနီတောက်တောက်ကြီးကို တွဲဖက်ဝတ်ဆင်ထားသောညီထူးကိုတော့ ဘယ်လိုမှ နှင်းဆီပွင့်ကြီးတစ်ပွင့်ဟု ခံစားရပုံမပေါ်ချေ။

ညီထူးက ဆက်၍ . . .

"ဒါတင်မကဘူး နိုင်ရဲ့ . . . နောက်ရက်တွေမှာ မောင် ပြက္ခဒိန်ဖက်ရှင်တို့ ကော်ဇောဖက်ရှင်တို့ ဝတ်ပြဦးမယ် . . . သိလား"

ဘုရားရေဟု နိုင်ရတနာဖြူဖြူဇော်ဝင်းသန်း အသံတိတ် 'တ' လိုက်မိသည်။ မျက်စိထဲမှာလည်း ပြက္ခဒိန်ကို အပေါက်ဖောက်ကာ ခေါင်းစွပ်ထားသော၊ နောက်တစ်ကိုယ်လုံး ကော်ဇောပတ်ထားသော ညီထူးပုံစံကြီးကို ကြိုတင်မြင်ယောင်မိလိုက်သည်။

ရင်ထဲမှာလည်း သံသယတွေ တဖွားဖွားဝင်လာကာ အနည်းငယ်ထိတ်လန့်လာသောစိတ်ဖြင့် . . .

"မောင် နေတော့ကောင်းပါတယ်နော်၊ ကျန်ခဲ့တဲ့ သုံးရက်ကဘာဖြစ်လို့ ဖုန်းပိတ်ထားတာလဲ"

ညီထူးက ကြောင်စီစီပြန်ကြည့်ကာ . . .

"ဖုန်း . . . ဟုတ်လား။ မပြောချင်တော့ပါဘူး နိုင်ရယ်၊ ဖုန်းကိုမေမေတို့ ပြန်သိမ်းလိုက်ကြပြီ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"မသိဘူး နိုင်ရဲ့၊ မေမေတို့လေ မောင့်ကို ညည မအိပ်လို့တဲ့၊ ဆေးတွေလည်း တိုက်တယ်၊ ပြီးတော့ အပြင်လည်း မထွက်ရဘူးတဲ့၊ နောက်တစ်ရက်နှစ်ရက်နေရင် ရွာသာကြီးက အမျိုးအိမ်မှာ သွားနေရမယ်


www.burmeseclassic.com

www.burmeseclassic.com


လို့တောင် ပြောသေးတယ်၊ မောင်ကတော့ မသွားချင်ပါဘူး၊ နိုင်နဲ့ခွဲရမှာ ပေါ့၊ ခုတောင် မေမေတို့မသိအောင် ခိုးထွက်လာတာ''

ပီဘိ ကလေးလေးတစ်ယောက်လို တတွတ်တွတ်ပြောနေသော ညီထူးကိုကြည့်ကာ ဘုရား ဘုရား ... ဟု နိုင်ရတနာဖြူဖြူဖော်ဝင်းသန်း အခါနှစ်ရာလောက် တုန်လှုပ်မှုများစွာဖြင့် စိတ်ထဲက 'တ' နေမိသည်။

တစ်ဆက်တည်း ချောက်ချောက်ချားချားတွေးလိုက်မိ၏။ ဒီအတိုင်း ဆိုလျှင်တော့ ညီထူး ရူးစပြုနေလေပြီ။

ညီထူး အိပ်မပျော်ခဲ့သည့်စနက်တွေက မိမိဖုန်း တစ်ညလုံးနီးပါး ဆက်ရာကနေ စခဲ့တာလားဟုတွေးမိကာ ဝေဝိမ မျက်နှာတစ်ခုလုံး သွေးဆုတ် ဖြူရော်သွားလေ၏။ ညီထူးက တပြုံးကြီးပင် ...

''နိုင်ရော နေကောင်းတယ်မဟုတ်လား၊ ဟင် ... ကဲပါ မောင်တို့ လျှောက်လည်ရအောင် ပန်းခြံထဲရောက်ရင် ကုလားကားထဲကလို ကမယ်၊ ဟာ ... မထူးပါဘူး ခုပဲ ကိုရီးယားကားထဲကလို နိုင့်ကို မောင် ကုန်းပိုးပြီး ခေါ်သွားမှာပေါ့ ... လာတက်''

ပြုံးခနဲထကာ ညီထူးက ကုန်းပိုးရန် ခါးကုန်းပေးလိုက်သဖြင့် ဝေဝိမ အလန့်တကြားဖြစ်သွားပြီး ...

''ဟင် ... မလုပ်နဲ့၊ မလုပ်နဲ့''

''ဘာဖြစ်လို့လဲ နိုင်ရဲ့၊ မောင့်ကို ဘုန်းနိမ့်မှာစိုးလို့လား၊ လာပါ ... မောင် ဘာမှအယူမရှိပါဘူး''

ဒီတစ်ခါတော့ ဝေဝိမ,နောက်ကိုပင် နှစ်လှမ်းလောက်ဆုတ်လိုက် မြန်သည်။ နဖူးမှ ချွေးစတွေကိုလည်း သပ်ချရင်း မျက်နှာအပျက်ပျက်အပြောင်း ယွင်းဖြင့် ...

''ဟို .. ဟိုလေ ... မောင် ... နိုင်လေ ရုတ်တရက်မူးချင်သလို


www.burmeseclassic.com

www.burmeseclassic.com

ညီထူးက ဘာများလဲဟူသော အကြည့်လေးနှင့် ...

"ဪ ... နိုင်ရယ် စားချင်တာဆိုရင် ဝယ်စားလိုက်တာပဲ မဟုတ်လား။ အဲဒီလိုပဲ ဖျားချင်ရင်လည်း ဖျားပစ်လိုက်ပေါ့ ဘာခက်လို့လဲ"

ညီထူးစကားတွေက ပုံမှန်မဟုတ်တော့။ ဝေဝိမ ချောက်ချားရုံမျှမက ဘဲ သွေးပါဖျက်လာပုံရသည်။

အသနားခံသောပုံစံလေးနှင့် ညီထူးကိုကြည့်ကာ ...

"မောင် ခဏနော်၊ နိုင် ဒီအနားက ဆိုင်တစ်ဆိုင်မှာ ဆေးလေး ပြေးဝယ်လိုက်ဦးမယ်၊ ပြီးမှ ... လျှောက်လည်ကြတာပေါ့"

"အင်း ... မကြာနဲ့နော် နိုင်"

စကားပင် ပြန်မပြောနိုင်ဘဲ နိုင်ရတနာဖြူဖြူဇော်ဝင်းသန်းတစ်ယောက် ညီထူးနှင့် ဝေးသထက်ဝေးရာသို့ သုတ်ခြေတင်တော့၏။

နောက်သုံးမိနစ်လောက်အကြာမှာပဲ ညီထူးဆိုင်ထဲက ထထွက်လာခဲ့သည်။

နိုင်ရတနာဖြူဖြူဇော်ဝင်းသန်းဆိုသော ဝေဝိမအား ဆက်စောင့်နေရာမလိုပါ။ စောင့်နေလျှင်လည်း ပြန်လာလိမ့်မည်မဟုတ်ဆိုတာ ညီထူး ယုံကြည်ပြီးသားဖြစ်သည်။

အဲဒီနေ့ကစပြီး နိုင်ရတနာဖြူဖြူဇော်ဝင်းသန်းသည် လူချင်းမပြောနှင့် ... ဖုန်းလေးပင်မဆက်တော့။ ဇာတ်လမ်းက ပြတ်လေပြီ။

ခုချိန်မှာ ရဲကျခံမလား၊ နောင်တစ်ချိန်မှာ ရဲကျခံမလား မေးလာလျှင်တော့ ညီထူးသည် နောင်တစ်ချိန်မှ အကျခံမည်ဟု ဖြေမည့် ညစ်ကျယ်ကျယ်ကောင်စားမျိုးသာ ဖြစ်ပါသည်။

မိတ်ဆွေ သင့်အနေနှင့်ဆိုလျှင်ရော ...

■ ■ ■

www.burmeseclassic.com

## အခန်း (ထုံး)

ထိုင်းမှိုင်းလေးကန်စွာ ရိုက်ထိုးနေသော နေခြည်ထဲတွင် မိုးမှုန်တို့က သွက်လက်တုန်ခါနေကြသည်။ လမ်းမပေါ် တင်ကျန်ခဲ့သည့် ရေကွက်များပေါ်သို့ နေခြည် ခံစားနေပုံမှာလည်း နဝရတ်ကိုးပါးစီခြယ်ထားသော ပန်းချီကားတစ်ချပ်အလား ...။

လမ်းဘေးမြက်ခင်း၏မြက်ပင်ထိပ်များပေါ်မှာတော့ မိုးရေလားနှင်းစက်လား မကွဲပြားသည့် စိန်ပွင့်များ သီးနေကြသည်။ ရွှေရောင်လေပြည်တစ်ချက် သုတ်လိုက်တိုင်း စိန်ပွင့်များက ဖွားခနဲ လွင့်ခါ ခုန်ဆင်းလျက်—သဘာဝသည် စိတ်ရှိတိုင်း သူ့ကိုယ်သူ တန်ဆာဆင်နေလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com


ဆောင်းတွင်းကြီးမိုးရွာခြင်းကို မထူးခြားသော သာမန်သဘာဝဟု ခုအချိန်မှာ သင်လက်ခံနိုင်ပြီလား။

ကြိုက်ရာရွေးပါ (X၊ ✓)

■

"ညီထူး . . . ငါတို့ ပြန်လှည့်ရအောင်ဟာ၊ လျှောက်လာတာလည်း အတော်ကြာပြီ နေ့လည်း ပူနေပြီဟ"

လျှောက်လာတာ အတော်ကြာပြီမို့ ယွန်းယွန်းက ညည်းပြောလေး ပြောလာသည်။

ညီထူးက . . .

"နင်ကလည်းဟာ လမ်းလျှောက်ရတာ ဘယ်လောက်ကျန်းမာရေးနဲ့ ညီညွတ်သလဲ၊ ပြီးတော့ နေရောင်ခြည်ဆိုတာ ပိုးမွှားတွေကို သေစေနိုင်တယ်ဆိုတာ နင် မကြားဖူးဘူးလား"

ညီထူးအပြောကြောင့် ယွန်းယွန်း နှာခေါင်းရှုံ့လိုက်သည်။

"နင့်လို ရောဂါပိုးတွေ များနေတဲ့သူကတော့ ဟုတ်မှာပေါ့၊ ငါ့မှာက ဘာလိုင်းကြီး နင်နဲ့လိုက်ပြီး ကျောပူခံနေရတာ"

"အေး . . . ခဏနေရင် နားပူပါခံနေရတော့မှာပါ . . . ဟဲ ဟဲ"

"ဘာဖြစ်တယ်"

ညီထူးက ခပ်ပါးပါးလေး ရယ်လိုက်ရင်း . . .

"ယွန်းယွန်းရယ် စကားများလိုက်တာ၊ ခုလို ဆောင်းတွင်းကြီးမှာ ညက မိုးရွာတယ်၊ ခုမနက် နေပူရှိန်ကြောင့် မြေသင်းနံ့လေးတွေရှူရင်း


www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရတာ ဘယ်လောက်ကောင်းလဲ၊ သဘာဝကို ခံစားစေချင်လို့ ငါက နင့်ကို လမ်းလျှောက်ဖို့ တကူးတက ဝင်ခေါ်တာ''

''သဘာဝတော့မသိဘူး၊ တစ်ရက်လုံး နေပူထားပြီးမှ ရွာတဲ့မိုးကြောင့် မြေကြီးထဲက ထွက်လာတဲ့အခိုးတွေနဲ့ မျက်စိနာမှာတော့အမှန်ပဲ''

''ကဲ ... တော်ပါတော့ ဂျပုမရယ်၊ နင် ညောင်းနေရင်လည်း ဟိုနားက အကြော်ဆိုင်လေးမှာ ခဏထိုင်ပြီး ပြန်ကြတာပေါ့''

ယွန်းယွန်း လှမ်းကြည့်လိုက်တော့ မီးခိုးငွေ့ပျပျထွက်နေသည့် အကြော်တဲလေးကို တွေ့လိုက်ရသည်။

မနက်က ဘာမှမစားလာရသဖြင့် ချက်ချင်းဗိုက်ဆာသလိုဖြစ်လာကာ ...

''အေး ... အဲဒီအကြံတော့ကောင်းတယ်''

''သြော် ... အဲဒါကြောင့် နင့်ကို ဒီအနားရောက်အောင် လျှောက်ပါဦးလို့ ပြောတာပေါ့''

ယွန်းယွန်းက ညီထူးကို ဘာမှပြောမနေတော့ဘဲ တစ်သက်လုံး ထိုးလာသည့် ရှိုးရာမျက်စောင်းဖြင့်သာ တုံ့ပြန်လိုက်၏။

ဆိုင်ထဲရောက်တော့ ညီထူးက အကြော်စုံတစ်ပွဲ လှမ်းမှာရင်း အကြမ်းပန်းကန်လုံးနှစ်လုံးထဲသို့ ရေနွေးအရင်ငှဲ့လိုက်သည်။ ပြီး တစ်ခွက်ကိုကောက်ကိုင်ကာ ရေနွေးအေးအောင် ပါးစပ်ဖြင့်အသာမှုတ်ပြီး ယွန်းယွန်းရှေ့မှာ အရင်ချပေးလိုက်၏။

သူ့အပြုအမူအား မျက်လုံးလက်လက်ကလေးဖြင့် လိုက်ကြည့်နေသော ယွန်းယွန်းကိုတော့ ညီထူး သတိမထားမိ။ ညီထူး မော့ကြည့်သည့်အချိန်မှာတော့ ယွန်းယွန်းက သူ့မျက်နှာပေါ်မှ ကြည်နူးရိပ်တွေကို အချိန်မီ ရှုတ်သိမ်းပစ်လိုက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညီထူးက အကြော်တစ်ကိုက်ကိုက်ရင်း …

"စားလေ ယွန်းယွန်း၊ ငါ မနက်ပိုင်း လမ်းလျှောက်ထွက်ဖြစ်တဲ့ နေ့တွေဆို ဒီဆိုင်မှာထိုင်နေကျဟ"

"ဟုတ်လား။ ငါက နင် နေ့တိုင်း နေဖင်ထိုးအောင် အိပ်တဲ့ကောင် လို့ ထင်နေသေးတာ"

"ဟဲ … ဟဲ ဝီရိယဆိုတာ လုပ်ယူလို့ရတယ်ဟ၊ ပျင်းရိဖို့သာ လုပ်ယူလို့မလွယ်တာ"

"အောင်မာ … နင့်စကားကြီးကလည်း"

ညီထူးကတော့ ပခုံးပင့်ပြရင်းပင် …

"ဟုတ်တယ်လေ၊ သွားစရာရှိရင် ခု ထသွားလို့ရတယ်၊ ကဲ … ဒါဆို နင် ငါ့ကို ပျင်းရိပြစမ်း"

"ရတယ်လေ … ဒီမှာကြည့်"

လက်နှစ်ဖက် ဆန့်တန်းရင်း ယွန်းယွန်းက ဝါးခနဲ သမ်းဝေပြ လိုက်သည်။

ယွန်းယွန်းကိုကြည့်ကာ ရယ်ရင်း ညီထူးက …

"နင့်ဟာက ပျင်းတာမှမဟုတ်တာ၊ သန်းတာပဲဟာကို"

"ကဲ … တော်ပါတော့ ညီထူးရယ်၊ ဘာတွေပြောနေမှန်းကိုမသိ ဘူး၊ အရည်မရ အဖတ်မရနဲ့"

ညီထူးက မျက်နှာတည်သွားရင်း …

"ဒါဆိုလည်း အတည်ပြောမယ်ဟာ၊ နင် ငါ စုံစမ်းခိုင်းထားတဲ့ ဖုန်းနံပါတ် ရပြီလား"

ချက်ချင်းဆိုသလို ယွန်းယွန်းမျက်နှာလေးက တည်သွားသည်။

"မရသေးလို့ပေါ့ဟ၊ ရရင် ငါ ဖုန်းဆက်မယ်မို့ ပြောသားပဲ၊



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ သိပ်မကြာတော့ပါဘူး၊ ရတော့မှာပါ''

''လုပ်စမ်းပါဟာ၊ ငါတောင် ဟိုတစ်ယောက်နဲ့ ပြတ်သွားပြီ ဂျူပုမရဲ့၊ ဘယ်လိုပြတ်သွားလဲဆိုတာ ပြောပြရမလား''

ယွန်းယွန်းက သူ့မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ရင်း ...

''မသိချင်ပါဘူး၊ နင်ရဲ့ ပလီစိချောက်ချက်စကားတွေနဲ့ ဉာဏ်နီဉာဏ်နက်တွေ သုံးမှာကို ငါသိနေသားပဲ၊ နင်ဟာလေ နင်နဲ့ ပတ်သက်ခဲ့တဲ့ မိန်းကလေးတိုင်းကို ချစ်တယ်,ချစ်တယ်နဲ့ ပါးစပ်က ပြောယွက်တာ ငါ အံ့သြတယ်''

ညီထူးက ဘာမှမဖြစ်သလို တဟဲဟဲရယ်သည်။ ပြီး ...

''ဂျူပုမရယ် ... ရည်းစားထားတယ်ဆိုတော့မှ ချစ်တယ်လို့ မပြောလို့ဖြစ်မလားဟ၊ ဒါပေမဲ့ ... ကဲ ... ဒီလိုပြောလိုက်တိုင်းလည်း ငါ့စိတ်ထဲမှာ ထွေထွေထူးထူးခံစားရတာမျိုး မရှိဘူး''

''ဟုတ်မှာပေါ့၊ နင်က နင့်ရဲ့သာယာမှု, နင့်ရဲ့ဆန္ဒအတွက် သူများတွေကိုချစ်တယ်လို့ပြောပြီး ကစားနေတာ၊ တကယ်ဆို ... အဲဒါဟာ နင့်ရဲ့အတ္တပဲ ညီထူး၊ နင်က နင့်ကိုယ်နင်ပဲ ချစ်တာ''

ညီထူး ခဏတော့ တွေဝေသွားရသည်။ ယွန်းယွန်းပါးစပ်က ဒီလိုစကားတွေကို သူ တစ်ခါမှမကြားစဖူး။ ပြန်စဉ်းစားရင်း ဂျူပုမကို ဦးညွှတ်ချင်စိတ်ပင်ပေါက်သွား၏။

တကယ်ပဲ ငါက ငါ့ရဲ့သာယာမှုအတွက် ချစ်တယ်ဆိုတဲ့စကားကို သုံးပြီး ကိုယ့်ကိုယ်ကိုယ် ဖြေဖျော်နေတာလား။

ဖြစ်တော့ ဖြစ်နိုင်သည်။ ရည်းစားတစ်ယောက်နှင့် လမ်းခွဲပြတ်ခဲ့သွားတိုင်း သူ့ရင်ထဲမှာ ဘာမှမကျန်ခဲ့။ နဂိုကတည်းကလိုပဲ ဟင်းလင်း။

ဒါဆို အချစ်ဆိုတာက ဘာလဲ။ ယွန်းယွန်းစကားကို ချေပချင်


www.burmeseclassic.com

www.burmeseclassic.com

စကားလုံးရှာရင်း ညီထူး ခေါင်းတွေနောက်လာသည်။

ဒီကျုပမ ဆရာကြီးလုပ်တာကိုတော့ အလျော့ပေး၍ မဖြစ်ချေ။ ဦးနှောက်ကို မြင်ကောင်းရေနှစ်ရာအားနှင့် မောင်းနှင်လိုက်တော့မှ အဖြေ တစ်ခုကို လက်ခနဲရသွား၏။

ချက်ချင်းပင် ရေနွေးမော့သောက်ကာ မလိုအပ်ဘဲ အဟမ်း အဟမ်း ဟု လုပ်လိုက်ပြီး ...

"ဒါက ဒီလိုရှိတယ် ယွန်းယွန်းရဲ့ ငါနဲ့ ချစ်သူတွေဖြစ်ခဲ့တဲ့သူ တော်တော်များများက အချစ်ခံချင်ကြတာများတယ်၊ ပြီးတော့ ...ငါနဲ့ အိမ်ထောင်ပြုချင်ကြတယ်၊ ငါက တစ်ယောက်နဲ့တစ်ယောက် ရိုးရိုးလေး ချစ်နေချင်တာ၊ သူတို့ဘက်က အဲဒီလိုဖြစ်လာတော့ ငါနဲ့ အဆင်မပြေတော့ ဘူး၊ အဲဒီလိုနဲ့ပဲ ငါဟာ အသည်းခွဲလုပ်ငန်းကျွမ်းကျင်လာခဲ့တာဟ၊ အဲဒါ လည်း သူတို့သင်ပေးတာပဲလေ"

စကားအဆုံးမှာ ယွန်းယွန်းက နာသာခံခက်ဟန်ဖြင့် တုံ့ပြန်ပြောလာ သည်။

"ယောကျ်ားလေးတစ်ယောက်နဲ့ ချစ်မိပြီဆိုရင် အိမ်ထောင်ပြုချင် တဲ့အထိဖြစ်တာ မိန်းကလေးတိုင်းရဲ့အတွေ့ပဲလေဟာ၊ ငါ့အထင်ကတော့ နင် တကယ်ချစ်တဲ့မိန်းကလေး မတွေ့သေးလို့ အိမ်ထောင်မပြုချင်သေးတာပဲ"

ညီထူးက ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

"ဟုတ်မှာပါ၊ ဟုတ်မှာပါ၊ ငါ နင်နဲ့ ပြိုင်မငြင်းတော့ပါဘူး၊ အဲ ...တကယ်လို့သာ ငါ မင်္ဂလာဆောင်ရင်တော့ နင့်ကို သတို့သမီးအရံ လုပ်ခိုင်းမယ်"

ယွန်းယွန်းက မဲ့ပြုံးကို ပီပီပြင်ပြင်ပြုံးရင်း ...

"သိပ်လုပ်ပေးတာပေါ့ဟာ၊ ငါ မင်္ဂလာဆောင်ရင်ရော နင် သတို့


www.burmeseclassic.com

www.burmeseclassic.com



သားအရှိန် လျှော့ပေး...

"သိ...

ဆောင်ပြုချ... အဲဒီနေ့တစ်ရက်လုံး ညီထူး အပြင်လည်း ထပ်မထွက်ဖြစ်။ ဘာမှ စားချင်စိတ်မရှိဘဲ ရေချည်းပဲ ဖိသောက်ကာ အိပ်ရာထက် ခွေနေမိ...

ထမင်းတစ်ရက်မစားလို့ ကိစ္စမရှိပါ။ ထမင်းအသက် ခုနစ်ရက်၊ ...သက် တစ်မနက်ဟုပင် ဆိုထားသည်မဟုတ်လား။

ဟိုတွေးဒီတွေးနှင့် ပျင်းရိငြီးငွေ့မှုတွေ လုံးထွေးရစ်ပတ်ကာ ညီထူး ...သွားရသည်။

ဘယ်လောက်ကြာသွားသည်မသိ။ အိပ်ရာက ပြန်နိုးလာချိန်မှာ နှစ်ယော... ...ပေါက်မှာ ခိုနားနေလေပြီ။

...ောင်ခြည်က အလင်းသန်နေမ... ...ရိန်းတုန်းသံအား ညီထူး ကြားလိုက်ရ... ...မှာတော့ တိမ်မျှင်တိမ်အုပ်တို့ ...

...ည့်လိုက်မိ၏။ အင်း ... ဂျပုမတော့ သက်...

■

အိမ်ရှေ့...

...ောင်အိမ်လေးထဲမှာ နှုတ်... ...ငက်... ...သည်။

...နေကြသည်။ ညီထူးအတွက်တော့ ...လဲ"

...ည်မြင်ကွင်းကမှ သူ့ကို စိတ်လှုပ်ရှား...ဖြင့် ...

ညီထူးခေါင်းထဲမှာရောက်နေသည်...က မနက်က ယွန်းယွန်း ပြော... ...ည့် စကားများသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စကားလုံးရှာရင်း ညီထူး ခေါင်းတွေနောက်လာသ... ...ု အတွက်ကြီးသည်

ဒီကျွမ်း ဆရာကြီးလုပ်တာကိုတော့ အလျှော့ပေး...

ဦးနောက်ကို မြင်ကောင်းရေနှစ်ရာအားနှင့် မောင်းနှင်လိုက်တေ... ...ည်နှုးနေ

တစ်ခုကို လက်ခနဲရသွား၏။ ...နှုပြီစုတ်

ချက်ချင်းပင် ရေနွေးမော့သောက်ကာ မလိုအပ်တဲ့ အဟမ်း ...သည်တဲ့

ဟု လုပ်လိုက်ပြီး ...

"ဒါက ဒီလိုရှိတယ် ယွန်းယွန်းရေ၊ ငါနဲ့ ချစ်သူတွေဖြစ်... ...ဘယ်

တော်တော်များများက အချစ်ခံချင်ကြတာများတယ်၊ ပြီးတော့ ...က်အထိ

အိမ်ထောင်ပြုချင်ကြတယ်၊ ငါက တစ်ယောက်နဲ့တစ်ယောက် ရိုး... ...ဆိုသည်။

ချစ်နေချင်တာ၊ သူတို့ဘက်က အဲဒီလိုဖြစ်လာတော့ ငါနဲ့ အဆင်... ...ပဲ။

ဘူး၊ အဲဒီလိုနဲ့ပဲ ငါဟာ အသည်းခွဲလုပ်ငန်းကျွမ်းကျင်... ...မျှော်ပျောက်တွေးနေမိသည်

လည်း သူတို့သင်ပေးတာပဲလေ" ...င်းစဉ်အောက်ကနေ ဘာမှမစဉ်းစား

စကားအဆုံးမှာ ယွန်းယွန်းက

သည်။ ...ဆိုရလျှင် ရှယ်ဗန်းကြီးစတ...

"ယောကျ်ားလေးတစ်ယောက်နဲ့ ချစ်မိပြီဆိုရင်... ...နေလေသည်။

တဲ့အထိဖြစ်တာ မိန်းကလေးတိုင်းရဲ့အတွက်ပဲလေဟာ၊ ငါ့အ... ...င်ပံတပ်ပြီး ...

**တကယ်ချစ်တဲ့မိန်းကလေး မတွေ့သေးလို့ အိမ်ထောင်မပြုချ...**

**ညီထူးက ခေါင်းတဆတ်ဆတ်ညိတ်လျက်** ...းဆီ အကြည့်က ...

**"ဟုတ်မှာပါ၊ ဟုတ်မှာပါ၊ ငါ နှင်နဲ့ ...**

**ကကယ်လို့သာ ငါ မင်္ဂလာ...** ...ဟိုကြည့်ဒီကြည့် ကြည့်နေသည့် နှံပြီ...

**ယ်"**

ကလေးက တစ်... ...အမဖြစ်မည်ထင်သည်။ အထိး...

နောက်မိန်းမတစ်ယောက်ဆီ လစ်ပြီလားမသိ။

■



www.burmeseclassic.com

www.burmeseclassic.com


အဲဒီနေ့တစ်ရက်လုံး ညီထူး အပြင်လည်း ထပ်မထွက်ဖြစ်။ ဘာမှ သည်း စားချင်စိတ်မရှိဘဲ ရေချည်းပဲ ဖိသောက်ကာ အိပ်ရာထက် ခွေနေမိ သည်။

ထမင်းတစ်ရက်မစားလို့ ကိစ္စမရှိပါ။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်ဟုပင် ဆိုထားသည်မဟုတ်လား။

ဟိုတွေးဒီတွေးနှင့် ပျင်းရိငြီးငွေ့မှုတွေ လုံးထွေးရစ်ပတ်ကာ ညီထူး အိပ်ပျော်သွားရသည်။

ဘယ်လောက်ကြာသွားသည်မသိ။ အိပ်ရာက ပြန်နိုးလာချိန်မှာ တော့ အမှောင်ပျပျက ပြတင်းပေါက်မှာ ခိုနားနေလေပြီ။

ထိုအချိန်မှာပဲ သူ့ဖုန်း၏ရိုင်းတုန်းသံအား ညီထူး ကြားလိုက်ရ သေသည်။

နံပါတ်ကို အရင်ကြည့်လိုက်မိ၏။ အင်း ... ဂျပုမတော့ ဆက် လေပြီ။

■

"ညီထူး ... နင် ဘာလုပ်နေလဲ"

ညီထူးက ပြောင်စပ်စပ်အသံဖြင့် ...

"ငါလား ... ဟဲ ဟဲ ... သလွန်ပေါ်မှာ စက်တော်ခေါ်ရင်းမှ နိုးတော်မူလာတာဟ၊ မျက်နှာတော်ကိုတောင် ရေစင်နဲ့ မသုတ်သင်ရသေး


www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဟွန်း . . . အဲဒါကြောင့် အာပုပ်စော်က နံနေတာ"

"ဟာ"

ကြောင်အမ်းကာ ဖုန်းနှင့် ပါးစပ်ခွာလိုက်မိပြီးမှ ညီထူး တဟား ဟားရယ်လိုက်သည်။ ပြီး . . .

"ဟုတ်လား၊ ငါလည်း အနံ့ရတယ်ဟ"

"အောင်မာ . . . လာလာချည်သေး၊ ဖုန်းနဲ့ပြောတာ ဘာအနံ့ ရစရာမရှိဘူး"

"တကယ်ပါဟ . . . ခု နင့်ဆီက ရေမွှေးနံ့ရတယ်၊ ငါ ဟိုတစ်လေ ကမှ လက်ဆောင်ပေးထားတဲ့ရေမွှေးလေ၊ အဲဒါကို နင်ဆွတ်ထားတာမဟုတ် လား . . . ပြော"

ညီထူး ရမ်းတုတ်လိုက်ခြင်း ဖြစ်သည်။ တစ်ဖက်မှ ယွန်းယွန်းက တော့ မှင်တက်ပြီး စက္ကန့်ပိုင်းလောက် ဆွံ့အသွားရ၏။ တခြားရေမွှေးတွေ အများကြီးရှိသော်လည်း ဒီရက်ပိုင်းမှာ ညီထူးလက်ဆောင်ပေးသော ရေမွှေး ကိုပဲ သုံးဖြစ်နေခဲ့သည်မဟုတ်ပါလား။

"ဟဲ ဟဲ . . . ငါပြောတာမှန်သွားလို့ ငြိမ်နေတာမဟုတ်လား ဂျပု"

"အောင်မာ . . . ဘာမှမဟုတ်ဘူး၊ ငါစဉ်းစားနေတာက နင့်ကို လဲ့လဲ့မိုးဦးရဲ့ဖုန်းနံပါတ် ပေးသင့်မပေးသင့် စဉ်းစားနေတာ"

ညီထူး ချက်ချင်းပင် ရွှင်မြူးသွားရပြီး . . .

"ဟာ . . . ဖုန်းနံပါတ်ရပြီ ဟုတ်လား၊ ပေးပါ ယွန်းယွန်းရယ် မညစ်ပါနဲ့၊ နင်နဲ့ငါ ကတိထားထားတာပဲဟာကို"

"အေးပါ . . . ငါ သိပါတယ်၊ ငါလည်း နင့်ဆီက ဘာတောင်း ကောင်းမလဲလို့ စဉ်းစားနေပါတယ်၊ ဒီလိုလုပ်ဟာ နင် ဗိုက်ကျရင် ငါ့အိမ်

www.burmeseclassic.com



ခဲ့လိုက်၊ အဲဒီတော့မှ ပြောမယ်၊ ဖုန်းနံပါတ်လည်း ပေးမယ်"

"ဂျပုမ ... နင်ရစ်ပြီဟာ"

ညီထူး၏ကျလိကျလိဖြစ်သံ ထွက်လာသည်။ ယွန်းယွန်းက မဲ့ပြုံး သေးသေးလေး ပြုံးလိုက်ပြီး ...

"ညီထူး"

"ဟေ ... ဟာ ဘာလဲ"

ဆောင့်ကြီးအောင့်ကြီးသံကြောင့် ယွန်းယွန်း ရယ်ချင်သွား၏။

"နင်ကလည်း ငါက နင့်ကိုပေးမလို့ပဲ စုံစမ်းထားတာလေ၊ အဲ ... နင် မနက်လာရင်သာ စာချုပ်အလွတ်တစ်ရွက်ယူလာခဲ့"

"ဟင် ... စာချုပ်က ဘာလုပ်မလို့လဲ"

ကြောင်တက်တက်အသံဖြင့် ညီထူးက ပြန်မေးလာသည်။ ပြန်ပြော လိုက်သော ယွန်းယွန်း၏စကားသံကလည်း အေးအေးစက်စက်၊ ခြောက် ခြောက်ကပ်ကပ်။

"လိုလို့ပေါ့ဟာ၊ တချို့ကိစ္စတွေမှာ စကားလုံးတွေထက် စာလုံး တွေက ပိုနိုင်မာလို့ပေါ့"

မျက်မှောင်ကြုတ်ကာ စဉ်းစားရင်း ညီထူး အနည်းငယ် သဘော ပေါက်လာသည်။ ဂျပုမ ဘာတွေညစ်ဦးမည်မသိ။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ဆန္ဒကို လိုက်ရောဖို့ ညီထူး ဆုံးဖြတ်လိုက် ပါသည်။

"အေးပါဟာ ... ငါ ယူလာခဲ့ပါ့မယ်၊ ဂျပုမ ... နင် အခု အားရ ပါးရနှပ်စွာနဲ့ ပြုံးနေတယ် မဟုတ်လား"

ဘာမှမပြောတော့ဘဲ ယွန်းယွန်း ဖုန်းပိတ်ပစ်လိုက်ပါသည်။

ဟုတ်တယ် ညီထူး။ ငါ ... အခု ပြုံးနေတယ်။ ဒါပေမဲ့ နင်ထင်

www.burmeseclassic.com

www.burmeseclassic.com


သလို အားရကျေနပ်လို့တော့ မဟုတ်ဘူး။ တစ်သက်လုံးမှာ နင် ရည်းစား တစ်ယောက်ထားမယ်ကြံတိုင်း ငါ ခုလိုပြုံးခဲ့တာတွေကို ဘာကြောင့်လဲဆိုတာ နင် ဘယ်တော့မှ မမြင်နိုင်ပါဘူးဟာ။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(လေး)

စိမ်းဖန့်သောသစ်ရွက်တွေကြား နေရောင်ဖြတ်ထိုးနေသဖြင့် အလင်းကွက်တွေက မြေပြင်ပေါ်သို့ အပြောက်ခတ်ကြွေကျနေကြသည်။ အပင်ခြေရင်းနားတွင် ဝါကြင်ရွက်ကြွေခြောက်တွေက လေပြည်အလာကို စောင့်နေသလိုမျိုး။

ယွန်းယွန်းတစ်ယောက် ငြိမ်ဆိတ်စွာ စောင့်နေပါသည်။

■

တဖျပ်ဖျပ်ခြေသံကြောင့် ငြိမ်နေသောရင်သည် ဆတ်ခနဲ လှုပ်ရှားသွားရ၏။ သူလာနေပြီ။ ဒီခြေသံတွေကို အလွတ်ရနေခဲ့တာ နှစ်(၂၀) ဟု သတ်မှတ်ထားသည့် ‘ကြွေရတု’ ပင် လွန်ခဲ့ပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းယွန်း"

သူမ အသာမော့ကြည့်ဖြစ်သည်။ ထာဝစဉ်တက်ကြွသွက်လက်နေသော ညီထူးကို ငယ်ငယ်တုန်းကလိုပဲ ပြန်မြင်မိသည်။

ညီထူးက သူမဘေးမှာ အပြုံးနှင့် ဝင်ထိုင်လိုက်ပြီး ...

"ဘယ်လိုလဲ ... နင်တောင်းမယ်ဆိုတဲ့လက်ဆောင်ကို နင်စဉ်းစားပြီးပြီလား"

ယွန်းယွန်းက လျော့ရဲရဲပြုံးလိုက်ရင်း လေသံခပ်တိုးတိုးဖြင့် ...

"စဉ်းစားပြီးပါပြီ"

"ဒါဆို ... ဘာလဲ ပြောလေ၊ ငါပေးမှာပေါ့"

"နင် တကယ်ပေးမယ်လို့ ဆုံးဖြတ်ပြီးပြီလား"

ယွန်းယွန်းစကားသံတွေထဲမှာ အစိမ်းရောင်အငွေ့အသက်တို့ ရစ်သိုင်းနေသည်ဟု ညီထူး ခံစားလိုက်ရသည်။

ထို့ကြောင့် မသိမသာမျက်မှောင်ကြုတ်၍ ...

"ယွန်းယွန်း ... နင် ဘာဖြစ်နေတာလဲ၊ နင်တောင်းတာကို ငါပေးမယ်လို့ ပြောထားပြီးသားပဲဟာကို"

ယွန်းယွန်းက ညီထူးမျက်နှာကို စေ့စေ့ကြည့်လာကာ ...

"သေချာရင်လည်း ပြီးတာပဲ၊ ငါ နင့်ဆီက လိုချင်တာ ခု နင့်လက်ထဲမှာ ကိုင်လာတဲ့ စာချုပ်အလွတ်ပဲ"

မနေ့ကပဲ ပြောထားပြီးသားဖြစ်သော်လည်း ညီထူး အံ့ဩရသည်ကတော့ အမှန်ပင်။ ဂျူပမ လက်ဆောင်လိုချင်တာက ဒီစာချုပ်အလွတ်ထဲ။

မတင်မကျစိတ်တွေနှင့် ညီထူး စဉ်းစားရင်း ယူလာသော စာချုပ်ကို လှမ်းပေးလိုက်ကာ ...

"ရော့လေ ... တောင်းစရာရှားလို့ဟာ ဒီစာချုပ်အလွတ်ကို ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လဲ''

ယွန်းယွန်းက မယူသေးဘဲ သူ့လက်ထဲမှ ဘောပန်ကို ပြန်ကမ်းပေးလိုက်ရင်း ...

''အလွတ်တော့ ဘယ်ဟုတ်မလဲဟာ၊ စာချုပ်အောက်နားက တစ်နေရာမှာ ဒီနေ့ နေ့စွဲနဲ့ နင့်လက်မှတ်ထိုးလိုက်၊ ရော့ ဘောပန်''

ညီထူး မျက်ခုံးအစုံ မြင့်တက်သွားရပြီး ...

''ဂျပုမ ... ဒါက ဘာသဘောလဲ၊ ဘာကိုဆိုလိုတာလဲ''

ယွန်းယွန်းက မထီတရီလေး ပြုံးလာသည်။

''ရှင်းပါတယ်ဟာ၊ ကတိပြုလွှာဆိုတဲ့ ဒီစာချုပ်မှာ နင် လက်မှတ်ထိုးထားလိုက်ပေ့ါ၊ ငါလည်း ထိုးထားမယ်လေ၊ ဆိုလိုချင်တာက ငါ နင့်ဆီက လိုချင်တာတစ်ခုခုရှိလာရင် ဒီစာချုပ်အလွတ်မှာ အဲဒီလိုချင်တာကို ရေးလိုက်မယ်၊ မကောင်းဘူးလား''

''ဩော် ... နင်က ငါ ဘယ်လိုမှငြင်းလို့မရအောင် လုပ်ထားတာပေါ့လေ၊ ဒါနဲ့ ... နင် ငါ့ဆီက ဘာလက်ဆောင်တောင်းမယ်ဆိုတာ တကယ်ပဲ စဉ်းစားလို့မရသေးဘူးလား ... ဂျပုမ''

ယွန်းယွန်းက ခပ်လွင်လွင်လေး ရယ်လိုက်ရင်း ...

''ဟုတ်တယ်လေ ညီထူးရဲ့၊ ငါ ဘယ်လိုမှစဉ်းစားလို့မရတာနဲ့ ဒီလိုလုပ်ထားလိုက်တာ၊ ဟင်း ဟင်း''

''ဂျပုမ ... နင် တော်တော်ဉာဏ်ကောင်းနေပါလားဟင်၊ ကဲပါ ... ရပါတယ်၊ နင့်သဘောပဲ၊ ဟူး ... ဖုန်းနံပါတ်ကလေးတစ်ခုရဖို့တောင် စာချုပ်စာတမ်းမှာ လက်မှတ်ထိုးရမယ်လို့''

ခပ်ညည်းညည်း ပြောလိုက်သော ညီထူးကိုကြည့်ကာ ယွန်းယွန်းက မျက်ခုံးလေး အတွန့်ချိုးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ညီထူး ... နင် အခု လက်မှတ်မထိုးရသေးဘူးနော်၊ ဒီကိစ္စကို ဖျက်လိုက်လို့ရတယ်၊ ငါလည်း ဖုန်းနံပါတ်မပေးရုံပဲ"

ယွန်းယွန်းအပြောကြောင့် ညီထူး ကမန်းကတန်း ခေါင်းခါလိုက်မိသည်။

"ဟာ ... မဟုတ်သေးဘူးလေ၊ ထိုးမှာပေါ့ ... ကဲ"

ပြောပြောဆိုဆို ညီထူးက စာချုပ်ပေါ်မှာ လက်မှတ်ထိုးချလိုက်သည်။ ထိုအခါမှ ယွန်းယွန်းကလည်း စာချုပ်ကိုယူကာ သူမ၏လက်မှတ်ကိုပါ ထိုးလိုက်၏။

ပြီးမှ စာချုပ်ကလေးကို လိပ်ကာ ကိုင်ထားလိုက်ပြီး ...

"သေသေချာချာမှတ်ထားနော်၊ နင် သိပ်သိချင်နေတဲ့ လဲ့လဲ့မိုးဦး ဖုန်းနံပါတ်က ၀၉ ........ တဲ့"

ညီထူး လိုက်မှတ်နေစဉ်မှာပဲ ယွန်းယွန်းက ဆက်၍ ...

"အဲဒါ ... သူ့ဟန်းဖုန်းနံပါတ်နော်၊ အိမ်ဖုန်း ... အဲ သူတို့စတိုးဆိုင်မှာ တပ်ထားတဲ့ဖုန်းက ၂၄ .... တဲ့၊ ဒီလောက်ဆို လုံလောက်ပါတယ် နော် ညီထူး"

ဟန်းဖုန်းပင်မကဘဲ ဆိုင်ဖုန်းပါ ပြည့်ပြည့်စုံစုံ သိလိုက်ရသဖြင့် ညီထူးက ကျေနပ်စွာ ...

"ဂျပုမ ... နင်ဟာလေ သိပ်တော်တာပဲ သိလား၊ အဲဒါကြောင့် နင့်ကို ငါ သိပ်ခင်တာ"

ပြောရင်း ညီထူးက သူလုပ်နေကျဖြစ်သည့် ယွန်းယွန်း၏နားရွက်ကလေးကို လှမ်းကိုင်ကာ ခပ်ဖွဖွပွတ်လိုက်သည်။ ယွန်းယွန်း ဘာမှပြန်မပြောဘဲ ခပ်မဆိတ်နေရင်း ဝဲတက်လာသည့် မျက်ရည်စများကို ပြန်မျို ချနေရသည်မှာ အဝေးကြီးက ပြေးလာရသူတစ်ယောက်လို ပင်ပန်းနွမ်းလှသည်ဟု


www.burmeseclassic.com

www.burmeseclassic.com


ထင်မိ၏။

ဘာများတတ်နိုင်ဦးမှာလဲ။ ကိုယ့်နှုတ်ခမ်းကိုတောင် ကိုယ်ပြန်ကိုက်မပြနိုင်အောင် နူးနူးညံ့ညံ့ကြေကွဲရုံလေးပေါ့။ **တစ်ခါတစ်ခါမှာ အသားကျပြီး သားအရာတွေ အမှန်ပြန်ပြင်ပေးဖို့ ဘယ်သူကများ တတ်နိုင်ဦးမှာလဲကွယ်။**

■

ဟိုးအဝေးက တိမ်တွေကို အစိမ်းရောင်ဆိုးပေးလိုက်ကြပါ။ ကြေကွဲမှုပရပိုဒ်ထဲမှ ငါ၏အမည်နာမအား ချစ်သူမကြားစေလင့်။ ရောက်တတ်ရာရာ ဆိပ်ကမ်းများဆီသို့ ခရီးဆက်ရင်း ငါ စိုက်ပျိုးခဲ့သော လွမ်းမှုလွမ်းရာများအား အနှစ်တစ်သောင်းကြာမှ အလွမ်းရုပ်ကြွင်းအဖြစ် ချစ်သူယူဆောင်နိုင်လိမ့်မည်။ ထိုအခါ ငါ၏အချစ် လူလားမြောက်ပြီ။

■

"ယွန်းယွန်း ... နင် ဘာတွေများ ဒီလောက်ငြိမ်ပြီး စဉ်းစားနေတာလဲ"

ညီထူးစကားသံကြားမှ လွင့်မျောနေမိသော စိတ်အလျင်ကို ယွန်းယွန်း စုစည်းလိုက်မိသည်။

ထိုနောက် မပွင့်တပွင့်လေးပြုံး၍ ...


www.burmeseclassic.com

www.burmeseclassic.com

"ဩော်... ဘာရယ်မဟုတ်ပါဘူး၊ ဒီစာချုပ်ပေါ်မှာ ငါ ဘာရေးရင်ကောင်းမလဲလို့ စဉ်းစားနေတာ"

"နင်နော်... ညစ်ပြီး အရမ်းဈေးကြီးတာတွေတော့ မတောင်းနဲ့တော်၊ ဒီလ မမဆီက မုန့်ဖိုးရောက်မလာသေးဘူးဟ"

"အေးပါဟာ၊ နိုင်ငံခြားက နင့်အစ်မ ပို့ပို့ပေးနေတဲ့မုန့်ဖိုး မကုန်စေရပါဘူး"

"ပြီးရော... ပြီးရော... ဩော်... ဒါနဲ့"

ပြောရင်း သတိရလာဟန်ဖြင့် ညီထူးက ဘောင်းဘီအိတ်ထဲမှ စာရွက်ခေါက်တစ်ထပ်ကို ထုတ်လိုက်ပြီး...

"ဟဲ... ဟဲ... သတိရလို့ မိတ္တူဆွဲလာတာဟ၊ နင့်ကိုလည်းပေးမယ်၊ ဟိုကောင်တွေကိုလည်း ပေးမယ်ဆိုပြီးတော့လေ"

"ဟင်... ဘာများလဲ"

"ဂျပုမရယ် မေ့တတ်လိုက်တာ၊ ငါ တစ်ခါပြောဖူးတဲ့ ချစ်သူဘဝနဲ့ အိမ်ထောင်သည်ဘဝ ဘယ်လိုခြားနားတယ်ဆိုတာလေ ဖတ်ကြည့်... ရော့"

ယွန်းယွန်းက လှမ်းယူရင်း...

"အေးပါ ...ငါ ဖတ်ကြည့်လိုက်ပါ့မယ်၊ ဒါပဲမဟုတ်လား နင်ပြန်တော့လေ"

ရုတ်တရက်ပြောလာသော စကားကြောင့် ညီထူးက အံ့ဩဟန်ဖြင့်

"ဟ... ဘာဖြစ်လို့ ငါ့ကို ဘလိုင်းကြီးနှင်နေတာလဲ ယွန်းယွန်းရဲ"

"ဩော်... ဖုန်းနံပါတ်ရပြီဆိုတော့ နင့်မှာ အလုပ်ရှုပ်တော့မယ်လေ၊ ဒီမှာထိုင်နေရင် နင် အချိန်ကုန်တာပေါ့"

"အေး... ဟုတ်တယ်၊ နင်ပြောမှ သတိရတော့တယ်၊ ဒီအော်


www.burmeseclassic.com

www.burmeseclassic.com


ပရေးရှင်းအတွက် ဟိုကောင်တွေနဲ့လည်း ချိန်းထားသေးတယ်ဟ၊ ဂျူပုမဒေ ... လစ်ပြီ''

ပြောပြောဆိုဆို ညီထူးက ထ,ရပ်ရင်း ယွန်းယွန်း၏နားရွက်လေး တစ်ဖက်ကို လှမ်းပွတ်ပြီးမှ ရယ်ကျဲကျဲဖြင့် လှည့်ထွက်သွားလေသည်။

ကျောခိုင်းထွက်သွားသော ညီထူးက မျက်စိတဆုံးကြည့်ရင်း တိုးသဲ့စွာ ရေရွတ်လိုက်မိသည်။

''နှင့်ကို ... ငါ ဘာဖြစ်လို့ နှင်နေတာလဲသိလား ညီထူး၊ ငါ ... ငါ လေ ငိုချင်နေလို့ပါဟာ''

ပူနွေးသော မျက်ရည်တစ်စက်သည် အေးစက်သည့် ပါးပြင်ပေါ်သို့ လိမ့်

စီး

ကျ

၍ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟော့ကောင် ... ဘာစာရွက်တွေမို့လို့ တစ်ယောက်တစ်ရွက်စီ လိုက်ဝေနေတာလဲ"

ဗွေးဝင်း၏စကားအဆုံးမှာ ညီထူးက ...

"ယူမှာသာ ယူစမ်းပါကွာ၊ မင်းတို့ ဖတ်ကြည့်သင့်တယ် ထင်လို့ပါ"

ကြောင်တက်တက်ဖြင့် လှမ်းယူရင်း သူရကလည်း ...

"ညီထူး ... ဒါ တရားမဝင်စာရွက်စာတမ်းတွေတော့ မဟုတ်ပါဘူးနော်၊ တော်ကြာ ..."

"တော်ကြကွာ၊ အရင်ဖတ်ကြည့်ပြီးမှပြော၊ ဘာကောင်တွေမှန်းကို မသိဘူး၊ စာရွက်ဝေတာနဲ့ပဲ လန့်ရတယ်လို့"

ဆူအောင့်အောင့်ပြောရင်း တိုးမောင်လက်ထဲကိုပါ တစ်ရွက်ထည့်ပေးလိုက်သည်။ ပြီး ... ဘယ်ကောင် မှာထားမှန်းမသိသော အအေးပုလင်း



www.burmeseclassic.com

www.burmeseclassic.com



တို ညီထူး ပိုင်စိုးပိုင်နင်း ယူသောက်ရင်း အာခြောက်မှုအား ဖြေရှင်းလိုက်၏။

သုံးကောင်စလုံး ကိုယ့်လက်ထဲရောက်ရှိလာသော စာရွက်အား ကိုယ်ပိုင်မျက်လုံးများဖြင့် ဖတ်ကြလေသည်။

စာရွက်ပေါ်မှာ ရိုက်နှိပ်ထားသည်ကတော့ မြန်မာအက္ခရာများပင် ဖြစ်သည်။ ခေါင်းစဉ်က ခြားနားချက်ဟူ၍ ...

■

## ခြားနားချက်

၁။ ချစ်သူဘဝ = အလကားနေရင်း အကြည့်ချင်ဆုံ၏။
အိမ်ထောင်သည်ဘဝ = အကြည့်ချင်းဆုံလျှင်လည်း အလကား ဖြစ်၏။

၂။ ချစ်သူဘဝ = အလကားနေရင်း ချစ်သူကို တမ်းတ၏။
အိမ်ထောင်သည်ဘဝ = ချစ်သူကို တမ်းတသော်လည်း အလကား ဖြစ်၏။

၃။ ချစ်သူဘဝ = ကလေးဘယ်နှယောက်ယူလိုက်မည်ဟု စိတ်ကူး၏။
အိမ်ထောင်သည်ဘဝ = စိတ်ကူးသည့်အတိုင်း ကလေးမယူဖြစ်ခဲ့ပုံ အကောင်းသားဟု တွေး၏။



www.burmeseclassic.com

www.burmeseclassic.com

၄။ ချစ်သူဘဝ = ကိုယ်ပိုင်ဆိုင်သမျှ သူ့အားပေးလို၏။
အိမ်ထောင်သည်ဘဝ = ကိုယ်ပိုင်ဆိုင်သမျှ ဘဏ်တွင် တိတ်တိတ်လေးထားလို၏။

၅။ ချစ်သူဘဝ = မှန်နေသော်လည်း ကိစ္စမရှိဟုဆို၏။
အိမ်ထောင်သည်ဘဝ = ကိစ္စရှိမှ မှန်၏။

၆။ ချစ်သူဘဝ = တစ်ယောက်နှင့်တစ်ယောက် ဖုန်းပြောပါက တိုးတိုးလေး အကြာကြီး ပြော၏။
အိမ်ထောင်သည်ဘဝ = ဖုန်းထဲမှ အော်လိုက်ရသည်ကိုပင် အားမရ။

၇။ ချစ်သူဘဝ = ချစ်သူအကြောင်း ကဗျာရေးဖွဲ့၏။
အိမ်ထောင်သည်ဘဝ = ကဗျာရေးသူ ငစန္။

၈။ ချစ်သူဘဝ = သူငိုလျှင် ကိုယ်လိုက်ငို၏။
အိမ်ထောင်သည်ဘဝ = သူငိုလျှင် T.V အစီအစဉ်တွေ ကောင်းပြီ

၉။ ချစ်သူဘဝ = သူ့မွေးနေ့ကို အလွတ်ရ၏။
အိမ်ထောင်သည်ဘဝ = ကိုယ့်မွေးနေ့ကို အလွတ်ရ၏။

၁၀။ ချစ်သူဘဝ = လူတောထဲတွင် လက်ချင်းချိတ်၍ သွားလေ့ရှိ၏။
အိမ်ထောင်သည်ဘဝ = လူတောထဲတွင် မျက်စောင်းချင်းချိတ်၍ သွားလေ့ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com


၁၁။ ချစ်သူဘဝ = အစာစားလျှင် ခွံကျွေးမှ ကြိုက်၏။
အိမ်ထောင်သည်ဘဝ = အစာစားလျှင် ဖွန်းကိုင်လိုက်မှာ ကြောက်၏။

၁၂။ ချစ်သူဘဝ = အချစ်သီချင်းများ နားထောင်၏။
အိမ်ထောင်သည်ဘဝ = ကက်ဆက်အကြောင်းသာ ပြော၏။

၁၃။ ချစ်သူဘဝ = ချစ်သူအကြောင်းသာ ပြော၏။
အိမ်ထောင်သည်ဘဝ = သံသရာမှ လွတ်မြောက်ရာအကြောင်းသာ တွေး၏။

၁၄။ ချစ်သူဘဝ = ချစ်သူလုပ်သမျှ စိတ်ဝင်စား၏။
အိမ်ထောင်သည်ဘဝ = လူပေါင်းများခဲ့သည့်အတွက် ရင်ထုမနာ ဖြစ်၏။

■

သုံးယောက်စလုံး စာဖတ်နေချိန်မှာလည်း . . .

ဟင်, ဟာ, အို, အဲ, အာ, ဩော် . . . စသည့် အာမေဋိတ်များကို ထိုသည်ခွေကာ ရေရွတ်နေကြသေးသည်။

ဆုံးခန်းတိုင်အောင် ဖတ်ပြီးချိန်မှာတော့ တခွီးခွီးနှင့် ရယ်ကြသေး ညီထူးက သုံးကောင်စလုံးကိုကြည့်ကာ သောက်ညင်ကပ်ဟန်ဖြင့် . . .


www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ... ဒါ အပေါ်စား ရယ်စရာမဟုတ်ဘူးကွ၊ စဉ်းစားဆင်ခြင်သင့်တယ်ထင်လို့ မင်းတို့ကို ပေးဖတ်တာ၊ ဝေငှတာ၊ အသိကို ချပေးတာ"

ထိုအခါမှ သုံးယောက်စလုံး မျက်နှာပိုးအတင်းသတ်ကြတော့သည်၊ ဒါတောင် ဒွေးဝင်းက ပြုံးစိစိနှင့် ...

"နေစမ်းပါဦး၊ ဒီစာရွက်တွေကို ငါတို့ကိုမှ ဘာဖြစ်လို့ ပေးဖတ်တာလဲ"

ညီထူး စိတ်ညစ်သွားသည်။ ဒွေးဝင်းဉာဏ်တုံးပုံက အထင်ကရ ခုပဲပြောပြီးပြီ။ ခုပဲ ပြန်လာမေးနေ၏။

ထိုအချိန်လေးမှာ ညီထူးခေါင်းထဲသို့ လက်ခနဲ အတွေးလေးတစ်ခု ပြေးဝင်လာပြီး ...

"ဒီလိုကွာ ... ပထမတစ်ချက်က ခုနက ငါပြောခဲ့သလို ရည်းစားရှိတဲ့ မင်းတို့အားလုံးကို အိမ်ထောင်သည်ဘဝဆိုရင် ဘယ်လိုဆိုတာ သိစေချင်တယ်"

ဝင်ထောက်လိုက်သည့် သူရစကားအဆုံးမှာ ညီထူးက မိန့်မိန့်ကြီး ပြုံးလျှက် ...

"အိမ်း ... ဒုတိယအချက်ကတော့ ရည်းစားမရှိတော့တဲ့ ငါ့အတွက် ရည်းစားအသစ်တစ်ယောက်ရအောင် မင်းတို့ကပါ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးကြဖို့ပဲ မောင်မင်းတို့"

"ဟာကွာ"

"ဒီကောင်"

သုံးကောင်သား မျက်နှာတွေ မဲ့ပုတ်သွားပြီး ဖရုဇ်ဝါစာများကို ဝေဝေဆာဆာ ရေရွတ်ကာ ညီထူးအား တက်ညီလက်ညီ ပူဇော်ဂါရဝပြုကြ



www.burmeseclassic.com

www.burmeseclassic.com


တော့သည်။

ညီထူးက လှိုက်လှိုက်လှဲလှဲအပူဇော်ခံပြီးမှ . . .

"ခု . . . မင်းတို့ ဆဲတာကို ငါခံပြီးပြီနော်၊ ပြီးရင် ငါ့ကိုစွက်ကိုတော့ ညီပေးကြ . . . ဒါပဲ"

တာလီဘာန်စစ်မိုလ်ချုပ်တစ်ယောက်ကဲ့သို့ တစ်သွေး၊ တစ်သံ၊ စစ်မိန့်ပုံစံမျိုးဖြင့် ခပ်တည်တည်ပြောလိုက်သည်။

ထိုအချိန်မှာပဲ ထိုင်နေသည့် တိုးမောင်ခေါင်းက ဝေါက်ခနဲ ထပ်မတ်ပြီး ညီထူးအား . . .

"ဟော့ . . . ဟော့ကောင် ညီထူး ဟို ငါ့ကြောင့် မင်းနဲ့ချစ်သူတွေ ဖြစ်သွားတဲ့ . . . ဟို . . . နိုင်ရတနာ ဖြူ . . . ဖြူ"

ညီထူးက ကပျာကယာ လက်ကာပြရင်း . . .

"တော်တော့ တိုးမောင်၊ အဲဒီနာမည်ကို မင်း အဆုံးအထိရွတ်ရင် မောဆို့သွားလိမ့်မယ်"

"ထားပါတော့၊ ဒါဆို . . . သူနဲ့မင်းက"

ညီထူးက မျက်နှာကို အားရပါးရ တည်လိုက်ကာ မာန်ပါသော သံဖြင့် တစ်လုံးချင်း . . .

"ပြတ် . . . သွား . . . ပြီ"

"ဟေ . . . တကယ် . . . တကယ်လား ညီထူး"

မျက်လုံးလေး ပေကလယ်ပေကလယ်ဖြင့် မေးလာပြန်သော တိုးမောင်ကို ညီထူး စိတ်မရှည်တော့ဘဲ . . .

"ငါ့လခွီးမှပဲ တိုးမောင်ရာ၊ ပြတ်သွားပါပြီဆိုမှ တကယ်ပေါ့ဟ၊ ဘယ်တုန်းက တစ်ယောက်ကိုမပြတ်ဘဲ နောက်တစ်ယောက် လိုက်ဖူး ...ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ... ဘယ်လိုပြတ်သွားတာလဲဟင် ညီထူး"

အတွန့်တက်ကာ ပုလိပ်စစ်သလို မေးလာသည့် တိုးမောင်ကို ညီထူးအမြင်မကြည်တော့။

ထို့ကြောင့် 'ဘု' ကြည့် ကြည့်လိုက်ပြီး ...

"တိုးမောင် ... မင်းကို ငါ အကျယ်ချဲ့ရဦးမှာလား"

တိုးမောင်က မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ အေး ဟု ရေရွတ်ပြီးမှ သူလိုရာဆွဲတွေးမိသည့်ပုံစံဖြင့် မျက်နှာကြီးနီလျက် ...

"ဟော့ကောင် ညီထူး ... မင်း မမိုက်ရိုင်းနဲ့နော်၊ ဘာအကျယ်ချဲ့ ပေးမှာလဲ၊ အေး ... ပြတ်တယ်ဆိုရင် ပြီးပြီ၊ သေချာအောင် မေးရတာ အဲဒီတုန်းက ငါ့ပယောဂမကင်းခဲ့လို့ပဲကွ"

ညီထူးက မှင်သေသေဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"အေးပါ ... သူငယ်ချင်းရာ၊ မင်းဘဝမှာ အမည်းကွက်ကြီး တော့သလို အရိပ်ဆိုးကြီးအောက်ကလည်း လွတ်မြောက်သွားခဲ့ပါပြီကွာ သွားလိုရာ သွားတော့ သူငယ်ချင်း"

"... ပဲ"

တိုးမောင်နှင့်ညီထူးကိုကြည့်ကာ ရယ်နေရာမှ သူရက ...

"ကဲပါကွာ ... ဒီလောက်ချစ်မနေကြပါနဲ့၊ ညီထူး ... အခုလိုက် မယ့်ကောင်မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ"

ဖြေချင်နေသော ညီထူးကလည်း တစ်စက္ကန့်မဆိုင်း ...

"လဲလဲ့မိုးဦးတဲ့ ... ငါတို့ရပ်ကွက်ထဲကပဲ၊ စတိုးဆိုင်ဖွင့်ထား ဖြူဖြူလုံးလုံးလေးကွ၊ Twilight ဇာတ်ကားထဲက မင်းသမီး 'ဘဲလာ' တောင် တူတယ်"

"ဒါဆို နောက်ပိုင်းသွေးဆုပ်ဖုတ်ကောင်ဖြစ်မယ့်ဟာမပဲ"

www.burmeseclassic.com

www.burmeseclassic.com



ညီထူးကို မကျေနပ်သေးသော တိုးမောင်က 'ဘု' ဝင်တော်၏။ ညီထူး တစ်ခုခုပြန်ပြောရန် ပြင်လိုက်သည်။ သူရက ...

"အဲဒီကောင်မလေးလား၊ ငါသိပါတယ် ... နာမည်ကြီးပဲကွ၊ မင်းလိုပဲ ရည်းစားတွေ တော်တော်များများထားခဲ့ဖူးတယ်လို့ ကြားဖူးတယ်"

ညီထူး အံ့ဩသွားသည်။ ဒီစကားကို ထပ်ကြားရပြန်ပြီ။ ပထမ ချုပုမဆီက။ အခု သူရ။

ငါကွာ ... အိမ်ကွင်းမှာ ဒီလောက်ခြေစွာနေတဲ့ ကောင်မလေးကို ဘာဖြစ်လို့များ စောစောစီးစီး မတွေ့မိတာပါလိမ့်၊ ဘာပဲဖြစ်ဖြစ် တစ်ရပ်ကွက်တည်းဆိုတော့ 'ဒါဘီ' ပွဲလေးကန့်ရဦးမှာပဲ။

ဟု ညီထူး မချင့်မရဲတွေးနေမိသည်။

ထိုအချိန်မှာပဲ ဌေးဝင်းက ရုတ်တရက် ...

"ညီထူး ... မင်း အခု ရည်းစားနောက်တစ်ယောက်ထားမယ်ဆိုတာ ယွန်းယွန်းသိရဲ့လား"

ညီထူးက မျက်မှောင်ကြုတ်ရင်း ...

"သိသွားပဲ၊ ငါပဲပြောလိုက်တာ၊ ဘာဖြစ်လို့မေးတာလဲ"

ဌေးဝင်း သက်ပြင်းဖွဖွချကာ ခေါင်းခါ၍ ...

"ဘာမှမဖြစ်ပါဘူးကွာ၊ စဉ်းစားမိလို့ပါ၊ ဒီလိုလေ မင်းတို့နှစ်ယောက်ဟာ အိမ်ချင်းလည်း ကပ်ရက်၊ ပြီးတော့ ငယ်ငယ်လေးကတည်းက သူငယ်ချင်း၊ မိဘချင်းလည်း ရင်းနှီးကြတယ်လေ၊ မင်း ဘာလုပ်လုပ် သူ့ကို အကုန်ပြောပြတာပဲလား"

"ပြောတာပေါ့ကွ၊ သူနဲ့ငါ့ကြားမှာ လျှို့ထားတာ ဘာမှမရှိဘူး ယွန်းယွန်းက ငါ့ဘဝမှာ အစားထိုးမရတဲ့သူငယ်ချင်းပါကွာ၊ ငါ ရည်းစားအပ်သမျှ သူပဲ အကုန်ကူညီခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com


ရင်ထဲကလာသောစကားများဖြင့် ညီထူး လှိုက်လှိုက်ခါခါ ပြောလိုက်မိသည်။ တိုးမောင်က ပင့်သက်ပါးပါးရှိုက်၍ . . .

"ခု . . . လဲ့လဲ့မိုးဦးကို လိုက်မယ့်ကိစ္စကိုကော ဘာပြောသေးလဲ"

"မပြောပါဘူး။ ငါနဲ့ အပေးအယူတစ်ခုလုပ်ပြီး အကူအညီတောင်ပေးလိုက်သေးတယ်"

သုံးကောင်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးမှ ဒွေးဝင်းက ထူးဆန်းသောစကားကို ဆိုလာသည်။

"ဟုတ်မှာပါ၊ မင်းလိုကောင်မျိုးကိုတော့ သူ ဒီလိုပဲ ကူညီပေးနိုင်မှာပေါ့"

ထိုစကား၏ဆိုလိုရင်းကိုတော့ ညီထူး သဘောမပေါက်။ ပြန်မေးရန် ပြင်လိုက်စဉ်မှာပဲ ဖုန်းမြည်လာသဖြင့် ကြည့်လိုက်သည်။

"ဩော် . . . တိုက်တိုက်ဆိုင်ဆိုင် ယွန်းယွန်းဆီကပါလား။ အသက်ရှည်ဦးမယ်"

ဟု ရေရွတ်ရင်း ဖုန်းဖွင့်ကိုင်လိုက်၏။

ယွန်းယွန်းအသံ ကြည်ရှရှလေးက . . .

"ညီထူး . . . ဘယ်လိုလဲ၊ နင့်ရဲ့အော်ပရေးရှင်း စနေပြီလား"

ညီထူးက . . .

"အေး . . . စတော့မှာပါ၊ ဒီမှာ ငါ တိုးမောင်တို့နဲ့ ခုပဲ တိုင်ပင်နေတာဟ၊ နင့်ကိုတောင် ဒီကောင်တွေ ခုပဲ ပြောနေကြသေးတယ်"

"ဟင် . . . ဘာပြောလို့လဲ"

အံ့ဩသံလေးနှင့် ပြန်မေးလာသည်။ ညီထူးက ဟက်ခနဲ ရယ်ရင်း

"ဩော် . . . နင့်ကို ဒီတစ်သက် ရည်းစားမထားဘဲ အပျိုကြီးလုပ်တော့မှာလားတဲ့"


www.burmeseclassic.com

www.burmeseclassic.com


ယွန်းယွန်းက စိတ်တိုသလို အသံဘောက်ဆတ်ဆတ်ကလေးဖြင့်

"အေး . . . ပြောလိုက်၊ ရည်းစားလည်းမထားဘူး၊ အပျိုကြီးလည်း မလုပ်ဘူး၊ ယောက်ျားတစ်ခါတည်း တန်းယူမှာလို့ မသာကောင်တွေ"

ညီထူး ထ,ရယ်လိုက်စဉ်မှာပဲ ယွန်းယွန်းဘက်က ဖုန်းဆောင့်ကြီး အောင့်ကြီး ချသွားသံကို ကြားလိုက်ရလေသည်။

ဖုန်းပိတ်လိုက်တော့ တိုးမောင်က . . .

"ညီထူး . . . ယွန်းယွန်းက ဘာတဲ့လဲ"

"ဘာမှမဟုတ်ပါဘူးကွာ၊ ငါ့ရဲ့ လဲ့လဲ့မိုးဦး အော်ပရေးရှင်း စပြီ လားလို့ မေးတာ"

"အဲဒီတော့"

ဌေးဝင်း၏အမေးကို ညီထူးက အဲဒီတော့ကွာဟု သံယောင်လိုက်ကာ ရေရွတ်ရင်း သူ့လက်ထဲမှ ဆလိုက်ဒိုးဖုန်းကလေးကို ဖျောက်ခနဲ ဖွင့်လိုက်ပါသည်။ ပြီး ဂဏန်းတချို့ကို နှိပ်လိုက်၏။

"ဟဲလို"

တစ်ဖက်မှ အသံလှိုင်းကလေးအား ဆက်သွယ်ဝန်ကြီးဌာန၏ ဝန်ဆောင်မှုဖြင့် ကြားလိုက်ရပါသည်။

ညီထူးက မျှော့တစ်ကောင်ကဲ့သို့ ရစ်ပတ်တော့မည့်အပြုံးမျိုး ပြုံးရင်း –

"ဟဲလို . . . မိုးဦးလား၊ ကိုယ့်နာမည် ညီထူးပါ၊ ခုတော့ နာမည်နဲ့ ဒီဖုန်းနံပါတ်ကို အရင်မှတ်ထားလိုက်နော်၊ ကိုယ် နောက်ထပ် ဖုန်းဆက်ဦး မယ်လို့ ခုအကြောင်းကြားထားတာပါ . . . ဒါပဲနော်"

"ရှင် . . . ရှင် . . . ဘယ်သူလဲ"

"ဪ . . . ညီထူးပါလို့ မှတ်ဉာဏ်နည်းလိုက်တာ ကလေးမရယ်


www.burmeseclassic.com

www.burmeseclassic.com


ဒါပဲ ... ဒါပဲ"

ပြောပြီး ညီထူး ဖုန်းချပစ်လိုက်ပါသည်။ လုံ့လုံ့မိုးဦး ဘယ်လောက်ဆွေ့ဆွေ့ခုန်သွားမည်မသိ။

ညီထူးကတော့ ကစားပွဲစာမျက်နှာအား တိုက်စစ်ဖြင့် ဖွင့်လိုက်လေပြီ။

အဲဒီလိုပဲပေါ့။ ဘဝရဲ့ကစားပွဲစာမျက်နှာတွေမှာလည်း အနိုင်အရှုံး မသိရသေးခင် လောကဓံကို တိုက်စစ်နဲ့ အရင်ခြိမ်းခြောက်တာ အကောင်းဆုံးပဲ မဟုတ်လား။

■

ကဲ ... ကောင်မလေးရေ။
မင်းနဲ့ငါ ဒီရာသီမှာတော့
ဘယ်သူကများ ရလဒ်ပိုကောင်းနိုင်မလဲ။
မင်းဘက်ကလည်း အကောင်းဆုံးနောက်ခံအုတ်တံတိုင်းနဲ့။
ငါ့ဘက်ကလည်း မင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်တဲ့ ခြေစွမ်းနဲ့။
အနီကတ်၊ အဝါကတ်တွေကို ထားလိုက်ပါ။
အရေးကြီးတာက နာကျင်ချိန်မရောက်ခင် ...
ပွဲပြီးသွားဖို့ပဲ။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခြောက်)

အရည်အချင်းအားဖြင့် အလွန်ညံ့သူယောက်ျားသည် သူ့ကိုယ်သူ အတော်ဆုံးမိန်းမတစ်ယောက်ထက်တော့ သာသေးသည်ဟု ထင်မြင်ယူဆတတ်ကြသည်။

ထိုယူဆချက်ကို သင်လက်ခံပါသလား။

ကြိုက်ရာရွေးပါ။ (X၊ ✓)

■

လဲ့လဲ့မိုးဦးဆိုသောကောင်မလေးကို ချဉ်းကပ်ရန်အတွက် လိုအပ်ပါက အကူအညီပေးရန် (အရန်ကစားသမားများအဖြစ်) တိုးမောင်၊ ဖြိုးဝင်းနှင့် သူရတို့အား ညီထူး ကြိုက်စျေးပေး၍ အငှားချထားရပါသည်။

ထိုကဲ့သို့ပင် လဲ့လဲ့မိုးဦးဘက်ကလည်း တန်ပြန်တိုက်စစ်ပုံစံမျိုး



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ထိုးစစ်ဆင်နိုင်ကြောင်း သူ တွေးထားပြီးသားဖြစ်၏။

အဘယ်ကြောင့်ဆိုသော် လှဲ့လှဲ့မိုးဦးသည် သူ့ပိုင်နက်ရေိယာထဲတွင် ဘုရင်မအဖြစ် သရဖူဆောင်းထားခဲ့သည် မဟုတ်ပါလား။

ထိုရက်ပိုင်းတွေထဲမှာ ညီထူးတစ်ယောက် လှဲ့လှဲ့မိုးဦးထံ တစ်ရက် တစ်ကြိမ်လောက်တော့ မှန်မှန်ဖုန်းဆက်ဖြစ်သည်။

"ဟဲလို ... မိုးဦးလား ကိုယ်ပါ"

"ဒီမှာ ... ရှင် ကျွန်မကို ဘာသဘောနဲ့ ဖုန်းဆက်နေတာလဲ၊ ရှင်က ဖုန်းသရဲလား"

ကဲကြည့် ... ငနဲမလေးက သူဖုန်းမှန်းတောင် သိနေပြီ။

ညီထူးက ...

"မိုးဦးရယ် ... ဘယ်ဖုန်းသရဲက ဒီလောက်အပင်ပန်းခံမှာလဲ၊ ကိုယ် သိပါတယ်၊ မိုးဦးဟာ ခပ်ညံ့ညံ့မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ"

အနည်းငယ်တွဲဆိုင်းသွားပြီးမှ ...

"ရှင် ဘယ်သူလဲ"

"ရော် ... ခက်ပြီ၊ မိုးဦးဆီ ဖုန်းဆက်ကတည်းက ကိုယ်မိတ်ဆက် ပြီးသားလေ၊ ညီထူးပါလို့"

"ထားပါတော့၊ ရှင် တစ်နေ့တစ်ခေါက် ကျွန်မဆီ ဖုန်းဆက်နေ တာကရော ဘာသဘောလဲ"

"ပုံပြင်လေးတစ်ပုဒ်ပြောချင်လို့"

"ဘာ"

ဆူအောင့်အောင့်အော်သံက ထွက်လာသည်။ ညီထူးက ကမန်း ကတန်းပဲ ...

"အိုး ... မိုးဦး ရုပ်ကလေးလှရဲ့သားနဲ့ အဲဒီလောက် ဒေါသမကြီး


www.burmeseclassic.com

www.burmeseclassic.com 

နဲ့လေ၊ ဒေါ်သက မိုးဦးရဲ့အလှအပကို ထိခိုက်စေနိုင်တယ်ဆိုတာရော သိရဲ့လား''

''တော်စမ်းပါ၊ ကျွန်မဟာ ကျွန်မ ဘာဖြစ်ဖြစ်''

''ကဲ ... လုပ်ပြီ၊ အဲဒီကိစ္စဟာ မိုးဦးကို အရိပ်တကြည့်ကြည့် ကြည့်နေတဲ့သူ့အတွက်တော့ ခံစားရတာပေါ့ဗျာ''

''အဟင်း ... ရှင်က အလာကြီးပဲ''

အသံက အနည်းငယ်ဖျော့သလို ရှိလာသည်။

ညီထူးစကားစရန် ပြင်လိုက်စဉ်မှာပဲ လဲ့လဲ့မိုးဦးက ...

''ဒီမှာ ... ရှင် ဘယ်လိုလူလဲ၊ ဘယ်လိုပုံစံလဲဆိုတာ ကျွန်မ သိချင်တယ်''

''ဩော်''

အကြီးအကျယ် တိုက်စစ်ဆင်ရမည်ဟု ယူဆထားခဲ့သော ညီထူး တစ်ယောက် လဲ့လဲ့မိုးဦး၏ထိုစကားတစ်ခွန်းနှင့်ပင် ဉာဏ်ရေချိန်အားဖြင့် အရှေ့တောင်အာရှ၌ မက်လောက်စရာမဟုတ်မှန်း သဘောပေါက်သလို ရှိသွားသည်။

သို့သော်လည်း အပေါ်ယံအရေပြားအားဖြင့် မက်လောက်စရာအတိ (ဖလမ်း ဖလမ်း) ဖြစ်နေသော ဒီကောင်မလေးနှင့် သူ ချစ်တမ်းကစားချင် နေသေးသည်လေ။

ထို့ကြောင့် ညီထူးက ...

''ဒါဆိုလည်း ကိုယ့်ရှေ့ကို ထွက်လာခဲ့မယ်လေ''

''ဘယ်လို ... ဘယ်လို''

''ဩော် ... ဒီလိုလေ ကိုယ် မိုးဦးထိုင်တဲ့ စတိုးဆိုင်ကို ရောက်လာ ဝယ်မှာပေါ့၊ အဲဒီအခါကျရင် ကိုယ် ဘယ်သူလဲဆိုတာ မိုးဦး ခန့်မှန်းလို့ရမှာပါ



www.burmeseclassic.com

www.burmeseclassic.com

ငနဲမလေးဘက် အသံခဏတိတ်သွားပြီးမှ ...

"နေစမ်းပါဦး၊ ရှင်က ကျွန်မနဲ့ ပတ်သက်ပြီး ဘယ်လောက်များ သိထားလို့လဲ"

စကားကတော့ ခေါ်လာလေပြီ။ ညီထူးက ဟက်ခနဲရယ်လိုက်ရင်း

"သိတာပေါ့ မိုးဦးရယ်၊ မိုးဦးရဲ့အတန်းပညာ၊ ငွေကြေးဥစ္စာ၊ မျိုးရိုး၊ ပြီး ... မိုးဦးရဲ့ဝါသနာ၊ နှစ်သက်တဲ့ အသုံးအဆောင်တွေနဲ့ နောက်ဆုံး မိုးဦးရဲ့ခန္ဓာကိုယ်အချိုးအစားကိုပါ သိတယ်"

"အို"

"ကဲ ... ဘယ်လိုလဲ မိုးဦး၊ ခု ကိုယ် ဘာလုပ်သင့်တယ်ထင်လဲ"

အတန်ကြာစဉ်းစားနေပြီးမှ ငနဲမလေး၏ပါးစပ်မှ ပီယဝါစာချစ်ဖွယ် သောစကားကို ဆိုလာသည်။

"သေလိုက်"

စကားအဆုံးမှာပဲ ညီထူးက 'အား' ဟု အကျယ်ကြီးအော်ရင်း ဖုန်းချလိုက်လေသည်။

အဲဒါပါပဲ။ မိန်းမတစ်ယောက်က ကိုယ့်ကို စိတ်ဝင်စားလာစေဖို့ ခွန်အားတွေ အများကြီး သုံးစရာမလိုပါဘူး။ အဓိက,က သူလိုချင်တာ ဘာလဲဆိုတာ ကိုယ်သိနေဖို့ပဲ။ အရေးကြီးတာကတော့ တစ်ကြိမ်တည်းနဲ့ အကုန်ပုံအောပြီး မပေးလိုက်ဖို့ သတိထားသင့်တယ်။

■

နောက်တစ်ဆင့်အဖြစ် ထပ်လေ့လာရသည်မှာ စတိုးဆိုင်တွင် လုံ့လုံ့


www.burmeseclassic.com

www.burmeseclassic.com


မိုးဦး ထိုင်တတ်သောအချိန်နှင့် ထိုအချိန်လေးအတွင်း ဈေးဝယ်သူအပါးဆုံး ကာလအပိုင်းအခြားလေးကိုဖြစ်သည်။

မနက်ဆိုင်ဖွင့်ဖွင့်ခြင်းမှာ သူ့အဖေဖြစ်ဟန်တူသော အဘိုးကြီးတစ်ယောက် ထိုင်သည်။ ဆယ်နာရီခွဲလောက် လဲ့လဲ့မိုးဦးရောက်လာတော့မှ အဘိုးကြီး အိမ်ပေါ်ပြန်တက်သည်။ ငနဲမလေးက ဆယ်နာရီခွဲလောက်အထိ ထိုင်ပြီးမှ အဘိုးကြီး ပြန်ရောက်လာသည့်အချိန်တွင် လူချင်း ချိန်းသည်။

ညပိုင်း လဲ့လဲ့မိုးဦး ဆိုင်ထိုင်တတ်သောအချိန်တွေ ရှိသေးသည်။ ထိုအချိန်ကိုတော့ ညီထူး စိတ်မဝင်စား။ စတိုးဆိုင်က ရပ်ကွက်ထဲမှ အိမ်ဆိုင်ဖြစ်သဖြင့် ညပိုင်း လူရှုပ်သည်။ တကယ်တမ်း သူလှုပ်ရှားရန် အသင့်တော်ဆုံးအချိန်သည် မနက်ဆယ်နာရီခွဲမှ ဆယ့်နှစ်နာရီခွဲထိ။ ထိုနှစ်နာရီမျှသော အချိန်ကို ကောင်းကောင်းအသုံးချနိုင်ပါက ပြီးပြီ။

သို့နှင့် ပထမဆုံး စတင်လှုပ်ရှားသည့်နေ့မှာပဲ စတိုးဆိုင်ထဲသို့ ယုံကြည်မှုအပြည့်ဖြင့် ဝင်သွားလိုက်ကာ လဲ့လဲ့မိုးဦးထိုင်နေသည့် ကောင်တာရှေ့မှာရပ်၍ . . .

"ဒီမှာ ကျွန်တော့်ကို A4 တစ်ရွက်၊ ဘောပင်တစ်ချောင်းနဲ့ ကော်ရှင်ပန်တစ်ခုလောက် ရောင်းပါ"

သူမက စွေခနဲပြန်ကြည့်ပြီး . . .

"ခဏနော်"

"အကြာကြီးလည်း စောင့်နိုင်ပါတယ်"

ညီထူးစကားကြောင့် ငနဲမလေးက စူးခနဲထပ်ကြည့်သည်။ ညီထူးက တစ်ညလုံးမှန်ကြည့်၍ ကျင့်ထားသော ဂျိန်းစဘွန်းမင်းသား ပီယာ့ဘရောဆန်၏အပြုံးမျိုး တိတိကျကျပြန်ပြုံးပြလိုက်သည်။

လဲ့လဲ့မိုးဦးက ဘာမှမပြောတော့ဘဲ ညီထူးပြောလိုက်သည့် ပစ္စည်း


www.burmeseclassic.com

www.burmeseclassic.com

များကို သွားယူပေးသည်။

ညီထူးက စာရွက်၊ ဘောပန်နှင့်ကော်ရရှင်တို့ကို လှမ်းယူကာ ကျသင့်ငွေအား ရှင်းလိုက်ပြီး ...

"တစ်ခုလောက်မေးပါရစေ ခင်ဗျာ"

ညီထူးစကားကြောင့် လဲ့လဲ့မိုးဦးက မျက်မှောင်ကြုတ်၍ ...

"ဘာမေးမှာလဲ"

"ဩော် ... ဒီ A4 စာရွက်ပေါ်မှာ စာရေးရင် စာလုံး ဘယ်နှလုံး လောက်ဆန့်နိုင်လဲဟင်"

ငနဲမလေးမျက်နှာက ဆတ်ခနဲတင်းသွားပုံပေါ်သည်။ မျက်ခုံးနှစ် ဖက်စုကာ ရှုတင်းတင်းပြန်ကြည့်ရင်း ...

"ဒါတော့ ဘယ်သိမှာလဲ၊ ရှင့်ဟာရှင် ရေးကြည့်ပါလား၊ ဘာမှန်း မသိဘူး"

"ဟုတ်ကဲ့ ... ရေးကြည့်မယ်လေ၊ ဒါပဲနော်၊ သွားပြီ"

ညီထူး ချာခနဲလှည့်ထွက်လာခဲ့၏။

နောက်နေ့တွေမှာလည်း ထိုအချိန်ကိုပင် ရွေးကာ ညီထူး ထပ်သွား ပါသည်။ ဝယ်သည်က ထုံးစံအတိုင်း A4 တစ်ရွက်၊ ဘောပန်နှင့် ကော်ရရှင် ပင်တစ်ချောင်း။

ထိုကဲ့သို့ နေ့စဉ်ဝယ်နေသည်ကို တစ်ပတ်လောက်အကြာမှာတော့ ငနဲမလေး ကောင်းကောင်းသတိထားမိလာပုံရသည်။

ညီထူးကိုပင် ခပ်တည်တည်မေးလာ၏။

"နေပါဦး၊ နင်က နေ့စဉ် ဒါမျိုးတစ်စုံစီ ဝယ်နေတာ ဘာတွေများ ရေးနေလို့လဲ"

ဒီတစ်ခါတော့ ညီထူးက လှစ်ခနဲ ပြုံးလိုက်ပြီး ...


www.burmeseclassic.com

www.burmeseclassic.com


"စာတစ်စောင်ရေးနေတာဗျ၊ ရေးလိုက်၊ စိတ်တိုင်းမကျတာနဲ့ ပြန်ဖျက်လိုက်နဲ့ ထပ်ထပ်ဝယ်နေရတာ"

"ဒါဆိုလည်း တစ်ခါတည်း အများကြီးဝယ်ထားပါလား၊ ခဏခဏ လာမဝယ်ရတော့ဘူးပေါ့"

ငနဲမလေးက အလာကြီးပဲ။ ညီထူးက ခေါင်းခါ၍ . . .

"အဲလိုလည်း မဖြစ်သေးဘူးဗျ၊ ဥပမာ ဒီနေ့ရေးရင်းနဲ့ လိုချင်တဲ့ အတိုင်း စာတစ်စောင်ရသွားနိုင်တယ်လေ၊ အဲဒါဆို နောက်နေ့ ဝယ်စရာ မလိုတော့ဘူးပေါ့၊ အများကြီးဝယ်ထားရင် ပိုနေမှာလေ"

"ဩော် . . . ဩော်"

ရွှဲသလို ခနဲ့သလိုလို အသံလေးပင် ထွက်လာသည်။ ညီထူးက ငနဲမလေးကို ပြောင်ပြောင်တင်းတင်းပဲ စေ့စေ့ကြည့်လိုက်သည်။ ခေတ်ပေါ် ဆံပင်ပုံစံလေး ညှပ်ထားသောဆံနွယ်လေးများကြားမှ မျက်နှာဖူးဖူးလေးက အတော်ပင် ရင်ခုန်စရာကောင်းလောက်အောင် ကဗျာဆန်နေသည်။ ပုံတူ ဆေးသည့် ပန်းချီဆရာတွေ ပုလင်းထဲခုန်ချပြီး သေပစ်ဖို့ကောင်းသောအလှ မျိုးဖြစ်၏။

ကြည့်ရင်း ငနဲမလေး၏နှုတ်ခမ်းထက်က နှုတ်ခမ်းမွေးညင်းကလေး များကို ညီထူး အသည်းယားပြီး နှုတ်ချင်စိတ် ပေါက်လာ၏။

စိုက်ကြည့်နေသော အကြည့်ကြောင့် လဲ့လဲ့မိုးဦးစိတ်ထဲ မရိုးမရွ ဖြစ်လာဟန်တူသည်။

"ဘာကြည့်တာလဲ"

ဆတ်ခနဲပြန်မေးလာတော့မှ ညီထူးက အကြည့်ကို ပါဝါလျှော့ပြီး

"ကြည့်တာကတော့ လှလို့ပါ၊ ကျွန်တော် ဒီဆိုင်ကို နေ့တိုင်း လာချင်နေတာလည်း အဲဒီအချက်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

ငနဲမလေးက မျက်နှာလေးရဲဖို့ဝေးစွ။ ရှက်တာတွေ ကလက်တာ တွေပင်ဖြစ်မသွား။ ထင်သားပဲဟု ရည်ညွှန်းသည့် အကြည့်ရူးရူးဖြင့် မဲ့လိုက် ကာ ...

"ဟွန်းဟွန်း ရိုးနေပြီနော်၊ အဲဒီအကွက်လောက်နဲ့ တက်မလာနဲ့"

ညီထူးက ...

"သိပါတယ်၊ အဲဒါကြောင့် ကျွန်တော်လည်း အကွက်ဆန်းဆန်း လေးတွေ ယက်နေပါတယ်၊ မပြီးခင် ဗမာမမြင်စေနဲ့ဆိုလို့ မပြသေးတာပါ"

တုံ့ပြန်စကားအဆုံးမှာတော့ လှဲ့လှဲ့မိုးဦးမျက်နှာ သံသယရိပ်တချို့ ဖြတ်ပြေးသွားရသည်။

ချက်ချင်းပဲ ညီထူးကိုကြည့်ကာ ...

"ဒါနဲ့ ... ရှင် ... ရှင်က ညီထူးဆိုတာလား"

ခေါင်းမညိတ်ခေါင်းမခါဘဲ ဒီတစ်ခါလည်း ညီထူး ချာခနဲလှည့် ထွက်လိုက်ပါသည်။

စိတ်ထဲမှာတော့ ...

မင်းကိုယ်မင်း စိတ်ထဲမှာ ဒီလောက်တောင် မသေချာပါလား ငတုံးမလေးရယ်။ အဲဒီမသေချာမှုက မင်းစေ့ထားတဲ့ တံခါးတစ်ချပ်ကို မင်း ကိုယ်တိုင် ဖွင့်ပေးလိုက်တာပဲ။

■

ဆယ့်ခြောက်ရက်မြောက်နေ့မှာတော့ လက်ထဲမှာ စာရွက်တစ်ထပ် ကြီးနှင့် ညီထူး ဆိုင်ထဲသို့ဝင်လာပါသည်။ စာရွက်တိုင်းတွင် ရေးထားသော


www.burmeseclassic.com

စာများကို ကော်ရှုရှင်ပင်နှင့် စာကုန်ဖျက်ထားပြီးသားဖြစ်သည်။ (ထိုကိစ္စကို လုပ်ရန် တိုးမောင်တို့အား ဆယ့်ငါးရက်လုံးလုံး ညဘက်အိမ်ခေါ်ပြီး ထမင်းကျွေးထားရပါသည်)

စာရွက်တစ်ရွက်စီ၏ထိပ်က မိုးဦးဆိုသောနာမည်နှင့်အဆုံးမှ ညီထူးဆိုသည့် နာမည်နှစ်လုံးကိုတော့ ညီထူးက သူ့လက်ရေးနှင့် ရေးထားပါသည်။

ကောင်တာရှေ့မှာ ရပ်လိုက်တော့ ငနဲမက ရင်ထဲအထိ ရှောရှော ရှုရှုဝင်ရောက်သွားစေမည့် ငါးရှဉ့်ပြုံးလေးဖြင့် . . .

"ဒီနေ့လည်း ခါတိုင်းလို တစ်စုံပဲလား"

ညီထူးက ခေါင်းခါ၍ . . .

"ဟင့်အင်း . . . တော်ပါပြီဗျာ၊ ကျွန်တော် ဆယ့်ငါးရက်စလုံး ကြိုးစားပြီး စာဆယ့်ငါးစောင်ရေးခဲ့ပါတယ်၊ ဒါပေမဲ့ . . . ကျွန်တော့်စိတ်ထဲမှာဖြစ်နေတဲ့ စိတ်ခံစားချက်ကို ဘယ်လိုမှ စာလုံးတွေနဲ့ချရေးလို့ လိုက်မမီဘူးဗျ"

ငနဲမလေးက မမိုတ်မသုန်စိုက်ကြည့်နေသည်။ အကြည့်က တစ်ခုခုကို ဝိုးတဝါးသိလာသောအကြည့်မျိုး။

ညီထူးက လက်ထဲက စာရွက်ဆယ့်ငါးရွက်စလုံးကို ကမ်းပေးရင်း

"ရော့ . . . မိုးဦး။ ဒီစာဆယ့်ငါးစောင်စလုံးဟာ မိုးဦးကို ကျွန်တော်ပေးဖို့ ရေးခဲ့တာတွေချည်းပဲ၊ ဒါပေမဲ့ စိတ်တိုင်းမကျလို့ ကျွန်တော် ကော်ရှုရှင်ပင်နဲ့ အကုန်ဖျက်ထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိုးဦးကို ကျွန်တော် ချစ်နေတဲ့အချစ်ကို စာလုံးတွေက လိုက်မမီဘူးဗျ"

ငနဲမလေး၏မျက်နှာပေါ်မှာ အရောင်အမျိုးမျိုး ဖြတ်ပြေးသွားသည်။ ချက်ချင်းပင် မျက်လုံးကလေး ဝိုင်းလာပြီး . . .

"ရှင် . . . ရှင် . . . ကျွန်မကို ရည်းစားစာပေးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com


ဂဲကြည့် . . . ဘယ်လောက်တောင် ဒူလိုက်တဲ့ ဝေဘုံမလေးလဲလို့

တွေးရင်းပင် ညီထူးက ပင့်သက်ကိုရှိုက်ကာ အသံကို အက်ကွဲကွဲ မြည်အောင်လုပ်လျက် . . .

"ဟုတ်ပါတယ် မိုးဦး၊ မိုးဦးကို ကျွန်တော် ချစ်တယ်၊ တခြား ဘာမှမရှိပါဘူး၊ ချစ်တယ်လို့ ပြောချင်ရုံသက်သက်ကလေးပါ"

ဖျိုးခနဲ ဖျတ်ခနဲ တောက်စားသွားသော မျက်ဝန်းလေးကို အရင် မြင်လိုက်ရ၏။ တစ်ခုခုပြန်ပြောရန်လည်း အားယူနေပုံရသည်။ သို့သော် လည်း . . . ဒိုင်လူကြီး ခရာမမှုတ်ခင် ညီထူး ချာခနဲထပ်ကာ လှည့်ထွက် လာခဲ့၏။ ကောင်တာပေါ်ကိုတော့ အသင့်တွက်ယူလာသော ပိုက်ဆံတချို့ အား တင်ထားခဲ့လိုက်၏။

"ကို . . . ကိုညီထူး"

ခေါ်သံကြားသော်လည်း ညီထူး လှည့်မကြည့်တော့။ ပွဲက ပြီးနေ လေပြီ။ လှည့်ကြည့်လိုက်မှ အနိကာဒ် (သို့) အဝိကာဒ်တစ်ခုခုပြခံရမှာ မလိုလား၍ဖြစ်၏။

တကယ်တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသည်ဟု ယူဆထား သော သာမန်မိန်းကလေးတစ်ယောက်၏အချစ်ကိုရရန် A4 ဆယ့်ငါးရွက် ဘောပင်ဆယ့်ငါးချောင်းနှင့် ကော်ရရှင်ပင် ဆယ့်ငါးခုတို့သာ လိုအပ်ပါသည်။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ခုနစ်)



ဆည်းဆာသည် ရွှေခြည်၊ ငွေခြည်များဖြင့် ရက်ဖောက်ကာ ောင်းကင်အနားသတ်တစ်နေရာတွင် သူ့ကိုယ်သူ ချိတ်ဆွဲထားသည်။ မျိုးအမည်မသိ ငှက်တွေကလည်း အိပ်တန်းပြန်ရန် ကောင်းကင်ပင်လယ် ါ် လူးလာကူးခတ်လျက်။

စိမ်းညို့သစ်ပင်တွေကလည်း လရောင်ကို တမ်းတငံ့လင့်နေကြ လို အဝေးသို့ ငေးနေကြ၏။ လေပြည်သည် ဆည်းဆာလွင်ပြင်ကို တ်သန်းလာသောကြောင့်လား မပြောတတ်။ မြမြကလေးအေးနေသည်ကို းမိသည်။

ဖြည်းဖြည်းမှန်မှန် လျှောက်နေကြသော ခြေသံနှစ်စုံမှအပ လမ်း လေးထဲတွင် တိတ်ဆိတ်မှုက အသားကျနေပါသည်။

ခပ်မှန်မှန်ထိန်းကာ ပြောလိုက်သောလေသံနှင့် ယွန်းယွန်းက တင် ိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... နင် အဲဒီဆယ့်ခြောက်ရက်နေ့မြောက်ရောက်တာနဲ့ လဲ့လဲ့မိုးဦးနဲ့ ရည်းစားဖြစ်သွားတာပေါ့ ဟုတ်လား"

ညီထူးက တစ်ချက်ငဲ့ကြည့်ပြီးမှ ခေါင်းအသာခါ၍ ...

"ဟော့အေး မဖြစ်သေးဘူးဟ၊ အဲဒီနေ့ကစပြီး ငါ သူ့ကို မဆက်သွယ်ဘဲနေလိုက်တယ်၊ ဒါပေမဲ့ ... တစ်ပတ်လောက်အကြာမှာပဲ သူ ငါ့ဆီ ဖုန်းဆက်လာတယ်"

"ဟုတ်လား ... ဘာတဲ့လဲ"

ညီထူးက ခပ်ဟာဟာရယ်လိုက်သည်။

"ငါ ... နောက်ဆုံးအခေါက်မှာ ပိုက်ဆံတချို့ထားခဲ့တယ်လေဟာ အဲဒီပိုက်ဆံဟာ A4 တစ်ရွက်ရယ်၊ ဘောပင်နဲ့ ကော်ရှုရှင်ပင်တစ်ချောင်းရဲ့ တန်ဖိုး အတိအကျပဲလေ၊ အဲဒါကြောင့် သူက အဲဒီပိုက်ဆံအတွက် ပစ္စည်းတွေ လာယူပါလို့ ပြောတာ"

ယွန်းယွန်းက လှောင်ရယ်လေး ရယ်လိုက်ပြီး ...

"ဟင်း ... ဟင်း ... နင်က သူ့အတွက် ဂယ်ပေါက်ကလေး ဖွင့်ပေးခဲ့တာကိုး"

"ဒါပေါ့ဟာ၊ အဲဒီလို ပြန်ဆုံမှ သူနဲ့ငါ ချစ်သူတွေ ဖြစ်မှာကိုး"

"ဟုတ်ပါတယ်လေ၊ နင်လုပ်တာ အကွက်တော့စေ့ပါတယ်"

"မဟုတ်ဘူး ယွန်းယွန်းရဲ့၊ အကွက်စေ့တယ်ဆိုတာထက် သဘာဝကို ငါ နားလည်လိုက်တာ"

"ဘယ်လို"

"ဟုတ်တယ်လေ၊ မိန်းကလေးဆိုတာ အရိပ်လိုပဲတဲ့၊ လိုက်ရင် ပြေးပြီး ပြေးရင်လိုက်တာတဲ့၊ အဲဒါပဲ"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com


သူတို့နှစ်ယောက်ကြားသို့ အစိမ်းရောင်လေပြည်တို့က ဖွဖွလေး ဖြတ်စီးသွားကြသည်။ ငှက်တွေ အိပ်တန်းကိုယ်စီရောက်နေကြပြီဖြစ်သလို ထိမ်မွှာ်ရောင်နေလုံးကြီးလည်း အနောက်ကမ္ဘာသို့ ခုန်ဆင်းသွားခဲ့လေပြီ။

လျှောက်နေရင်းပင် အမျိုးအမည်မသိသော ခံစားမှုတစ်ခုကို နှစ်ဦး သား ငွေ့ငွေ့ရှူရှိုက်နေမိကြသည်။

ဘာလဲဆိုတာကိုတော့ နှစ်ဦးစလုံး မဝေခွဲတတ်။ ထိုခံစားမှုအား အမည်ပေါက်မတပ်ရဲကြ ဖြစ်နေသည်။

လေစီးတစ်ချက် သုတ်ခနဲတိုက်သွားချိန်နှင့် အချိန်ကိုက် ယွန်းယွန်း က ပင့်သက်ကို ခိုးရှိုက်လိုက်ပြီး ...

"နင် ... သူ့အချစ် ရသွားပြီဆိုတော့ ခု တော်တော်ပျော်နေမှာ ပေါ့"

ညီထူးက ...

"ငါ မိန်းကလေးတော်တော်များများနဲ့ ချစ်သူဖြစ်ဖူးပါတယ်၊ အရမ်း ပျော်တာမျိုးတော့ မရှိပါဘူး၊ ဖြစ်လာနိုင်မယ်ဆိုတာ ကြိုသိနေတာကိုး၊ ခု တစ်ခါတော့ ငါ တော်တော်ကျေနပ်သလိုပဲ"

"ဘယ်လိုကျေနပ်တာလဲ၊ သူ့ကို တကယ်ချစ်မိသွားလို့လား"

"အဲဒီလိုလည်း မဟုတ်သေးဘူးဟ၊ ကျေနပ်တယ်ဆိုတာက ငါ ဒီတစ်ခါ ပစ်လိုက်တဲ့ မြားတစ်စင်းမှန်သွားပြန်ပြီဆိုတဲ့စိတ်နဲ့ ကျေနပ် တာမျိုးပါ၊ ပြီးတော့ ကောင်မလေးက ချစ်စရာလေး"

ယွန်းယွန်းက ခြောက်ကပ်ကပ်ရယ်လိုက်ရင်း ...

"အေးလေ ... အဲဒီချစ်စရာလေးကို နင် တကယ်ချစ်သွားပါစေ လို့ ငါ ဆုတောင်းပါတယ်၊ ခု နင်ပစ်လိုက်တဲ့ မြားဟာ နင့်အတွက် နောက် ဆုံးမြားဖြစ်ပါစေ ညီထူး"


www.burmeseclassic.com

www.burmeseclassic.com


ညီထူး မျက်နှာထားက တည်သွားသည်။ လျှောက်နေရာမှ တုံ့ခနဲ ရပ်လိုက်ပြီး ယွန်းယွန်းကို စေ့စေ့ကြည့်လျက် . . .

"ယွန်းယွန်း နင် ဘာဖြစ်နေတာလဲ၊ ခါတိုင်း ငါ ရည်းစားတစ်ယောက်ရရင် နင်က ငါ့ထက်တောင် ဝမ်းသာသေးတာ၊ ခုတော့ နင့်ပုံစံက တစ်မျိုးပဲ"

မျက်နှာပေါ်စီးကျနေသည့် အမှောင်ရိပ်ကို အားကိုးကာ ယွန်းယွန်း ခပ်နွမ်းနွမ်းလေး ပြုံးလိုက်သည်။ အားယူလိုက်ရသော လေသံမှန်မှန်ဖြင့်

"ဘာမှမဖြစ်ပါဘူးဟာ၊ နင့်လိုပဲ ဝမ်းသာပါတယ်၊ ခု ငါ ငြီးစီစီနဲ့ နေမကောင်းသလိုဖြစ်နေလို့"

"ဟင်"

ညီထူး ပျာပျာသလဲဖြစ်သွားသည်။ ချက်ချင်းပဲ ယွန်းယွန်းနဖူးကို လက်ဖဝါးလေးဖြင့် အုပ်ကာစမ်းလိုက်ရင်း . . .

"ကိုယ်တော့ မပူပါဘူး၊ နင်ဟာ နေမကောင်းဖြစ်ချင်နေတာကို အစောကြီးက မပြောဘူး၊ ရာသီဥတုက အေးနေသေးတာဟ"

ဆောင်းနှောင်းပိုင်း၏ကြွင်းကျန်နေသေးသော အအေးဓာတ်က သူတို့နှစ်ယောက်အား ပို၍ရစ်သိုင်းခြုံလာသည်။

ညီထူးက ဝတ်ထားသော အပေါ်ဂျာကင်ကို ကမန်းကတန်း ချွတ်ကာ ယွန်းယွန်း၏ကိုယ်လုံးလေးပေါ် လွှမ်းခြုံပေးလိုက်သည်။ ငြိမ်သက်စွာ ခံယူရင်း ယွန်းယွန်းစိတ်ထဲမှာ ကြည်နူးလှိုင်းကလေးများ ဝေသွားရ၏။

အင်း . . . ဒီလိုဆိုတော့လည်း ညီထူးက ငါ့ကို ဂရုစိုက်သားပဲ

သူမ တွေးနေမိစဉ်မှာပဲ ညီထူးက . . .

"ယွန်းယွန်း . . . ချွေးရဲ့လား၊ ချမ်းနေသေးရင် နင့်ကို ငါ ဖက်ထား ပေးမယ်လေ"


www.burmeseclassic.com

www.burmeseclassic.com


"နင်နော်"

သူနှုတ်ပိတ်သက်ပြီး ယွန်းယွန်းပါးစပ်ဖျားမှ တစ်ခါမျှ မကြားဖူးသော ရှက်ရွံ့သံဖွဖွလေး။ ဘာရယ်ကြောင့်မသိ ညီထူးရင်ထဲသို့ အဝေးတစ်နေရာသိမှ လှိုင်းတစ်လုံး ပြေးဝင်ဆောင့်လာသလို ခံစားလိုက်ရသည်။

ငါ . . . ငါ ဘာဖြစ်သွားတာလဲ။

ညီထူး စဉ်းစားမရ။ လရောင်ဖွဖွလေး ခစားနေသည့် ယွန်းယွန်း မျက်နှာလေးကို နိုးကြည့်လိုက်မိသည်။

ဂျပုမရယ် . . . နင်လည်း ဒီလိုရှက်တတ်တာပဲလား။

ဘာရယ်မဟုတ်ဘဲ ယွန်းယွန်း၏နားရွက်ကလေးတစ်ဖက်ကိုလှမ်းကာ ဖွဖွပွတ်လိုက်မိသည်။ ဆတ်ခနဲ တွန့်သွားသော်လည်း ယွန်းယွန်းက ရှုန်းဖယ်မသွား။

ဆောင်း၏အအေးဓာတ်ကို တော်လှန်ပြီး သူ့တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်လာသည်ကို ညီထူး ပထမဆုံးအကြိမ်အဖြစ် ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိတော့၏။

■

တကယ်တော့ လူဆိုသည်မှာ ကိုယ့်ကိုယ်ကိုယ် ညာသည့်နေရာတွင် အထူးချွန်ဆုံး သတ္တဝါတစ်မျိုးသာ ဖြစ်သည်။

ထိုယူဆချက်ကို သင်လက်ခံပါသလား။

ကြိုက်ရာရွေးပါ။ (X ✓)

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ရှစ်)

"ဘယ်လိုလဲ ညီထူး၊ မင်းက ရည်းစားရသွားပြီဆိုတာနဲ့ ငါတို့ဆီ ကိုတောင် မလာတော့ဘူးလား"

"ဘုရားပြီးတာနဲ့ ငြိမ်းဖျက်တဲ့သဘောပေါ့ တိုးမောင်ရာ ပြောမနေ ပါနဲ့"

တိုးမောင်၏ခနဲ့စကားအဆုံးမှာ ဌေးဝင်းကလည်း မကြည်သလို ဝင်ထောက်သည်။

ညီထူးက ရယ်ဟာဟာလုပ်ရင်း . . .

"မင်းတို့ကလည်းကွာ၊ ငါ ရည်းစားလေးတစ်ယောက်ရတာ ဘုရားတွေ၊ ငြိမ်းတွေနဲ့ မန္တိုင်းစမ်းပါနဲ့၊ ခုလည်း မင်းတို့ပြောသလို ရည်းစား သာရတယ်၊ မိုးဦးနဲ့က ဘယ်မှသွားဖြစ်တာ မဟုတ်ဘူး"

သူရက မျက်ခုံးပင့်လျက် . . .

"ဟေ . . . ဒါဆို မင်း တစ်ရက်တစ်ရက် ဘယ်တွေသွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com


ထိုအခါမှ ညီထူးက လေပူကြီးကို အားလုံးကြားအောင် ဂရုတစိုက် မှုတ်ချလိုက်ပြီး ...

"မိုးဦးနဲ့ငါက ရည်းစားသာ ဖြစ်သွားတာ အပြင်မှာ လွတ်လွတ် လပ်လပ် တစ်ခါမှ မတွေ့ရသေးဘူး၊ ဖုန်းပြောဖြစ်တယ်၊ သူ့အဖေလစ်တဲ့ အချိန်တွေကျရင် သူ့ဆိုင်မှာပဲ စကားနည်းနည်းပြောရင်း လူချင်းတွေဖြစ်တာ"

"ဘယ်လိုကြီးလဲကွ"

"မသိတော့ပါဘူးကွာ၊ သူ့အိမ်က အဲဒီလို အပြင်ထွက်တာ မကြိုက်ဘူးတဲ့၊ ငါပြောတာကလည်း တခြားသမီးရည်းစားတွေလို အပြင် မှာ လျှောက်လည်မယ်၊ ရှော့ပင်းထွက်မယ်၊ ဒီလောက်ပဲ ပြောတာပါ၊ သူ့ ဘက် ငြင်းပဲ ငြင်းနေတော့ ငါတောင် တစ်မျိုးထင်လာတယ်"

"ဟင် ... ဘာကိုတစ်မျိုးထင်တာလဲ"

ညီထူးက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်၍ ...

"သူ ... ရည်းစားတွေ အများကြီးထားခဲ့ပြီး ပြတ်ခဲ့တယ်ဆိုတာ သူနဲ့ ကြိုက်ခဲ့တဲ့ကောင်တွေက ခု ငါဖြစ်နေသလို စိတ်မရှည်ကြလို့ ပြတ် သွားကြတာလားလို့ပါ"

"အေး ... ဟုတ်မှာပေါ့ ညီထူးရာ၊ မင်းလိုကောင်အတွက်တော့ အရသာအသစ်တစ်မျိုး ခံစားလို့ရတာပေါ့ ... ဟား ဟား"

လှောင်သလိုပြောလာသော တိုးမောင်စကားအဆုံးမှာ ညီထူးက နှာခေါင်းရှုံ့ပြီး ...

"တော်စမ်းပါကွာ ... ရည်းစားတွေ အများကြီးထားဖူးတယ်ဆိုလို့ သူနဲ့တွဲတာ အရသာအသစ်တစ်မျိုးမျိုးများရမလားလို့၊ ခုတော့ မိုင်းတောင်း လျှောက်ဖိနဲ့ လာကြုံနေရတယ်"

"တော်တော် ခံတတ်ပျက်နေပြီပေါ့ ... ဟုတ်လား ရအောင်ချ


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေါ့ကွာ၊ မင်းမှာလည်း အတွေ့အကြုံတွေ ရှိတာပဲ"

ညီထူး ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ထိုအချိန်မှာပဲ တိုးမောင်က ...

"ညီထူး ... မင်း ယွန်းယွန်းနဲ့ရော တွေ့ဖြစ်သေးလား"

ယွန်းယွန်းဆိုသောနာမည်ကြောင့် ညီထူး အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်သွားရင်း ...

"ဟော ... အင်း တွေ့ဖြစ်ပါတယ်၊ ဒါပေမဲ့ ... ခုတစ်လော ယွန်းယွန်း ဘာတွေဖြစ်နေလဲမသိဘူးကွ၊ အရင်လိုမဟုတ်ဘူး ငူငူငိုင်ငိုင်နဲ့"

စကားအဆုံးမှာ တိုးမောင်က ခေါင်းတဆတ်ဆတ်ညိတ်လျက်–

"ဘာဖြစ်နေလဲဆိုတာ မင်းပဲ သိမှာပေါ့ကွာ၊ မင်းတို့ချင်း ဒီလောက်ရင်းနှီးကြတာပဲ၊ မြင်အောင်ကြည့်ပေါ့၊ ကြည့်တတ်ရင် မြင်မှာပါ"

ညီထူး ခေါင်းထဲမှာ အတွေးတွေ ရှုပ်ယှက်ခတ်သွားရသည်။ တိုးမောင် ဘာကိုဆိုလိုတာလဲ၊ သူကရော ဘာကိုမြင်အောင် ကြည့်ရမှာလဲ၊

ထိုအချိန်မှာပဲ ဗွေးဝင်းထံမှ ဆယ့်တစ်နာရီတောင်ထိုးပြီပဲဟ ခပ်တိုးတိုးရေရွတ်သံ ကြားလိုက်ရသည်။

နာရီသံပတ်မြည်သလို ညီထူး တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ထ,ရပ်ကာ ...

"ကဲ ... ဟော့ကောင်တွေ ငါသွားဦးမယ်ကွ"

"ဟော့ ... ဘယ်ကိုလဲကွ၊ ချက်ချင်းကြီး"

ညီထူးက အားလုံးစားထားသည့် အစားအသောက်များအတွက် ကျသင့်ငွေကို ရှင်းရင်း ...

"ဘယ်ကိုဖြစ်ရမှာလဲ၊ ဟို ... ဗိုင်းကောင်းကျောက်ဖိုကိုပေါ့၊ သွားပြီ ... သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com


ပြောရင်း ထထွက်လာသော ညီထူးအား တိုးမောင်က သဘောကျသလို ပြောင်စပ်စပ်လှမ်းအော်လိုက်သေးသည်။

"ညီထူးရေ . . . ဒီလောက်ပျင်းစရာကောင်းတဲ့ ပွဲကိုတော့ ဆက်ကစားမနေပါနဲ့ကွာ၊ ကိုယ့်ဟာကိုယ် အနိုင်ကဒ်ပြပြီးသာ ထွက်ခဲ့လိုက်တော့ . . . ဟား ဟား"

■

ဒီတစ်ခေါက်ကတော့ လှဲလှဲမိုးဦးဆီသို့ ညီထူးမောင်းတင်ပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။ ဆိုင်ထဲရောက်တော့ ရည်းစားထားခြင်း၏အဒီစီကလီတာသာဘာဝကို နားမလည်သေးသော ငနဲမလေးကလည်း အသင့်ရှိနေပါသည်။

ညီထူးက ကောင်တာရှေ့မှာ ရပ်ရင်း ခပ်အီအီအသံဖြင့် . . .

"မိုးဦး . . . မနက်က ကိုယ် ဖုန်းဆက်တာ ဘာဖြစ်လို့မကိုင်တာလဲ"

ငနဲမလေးက ခုမှပဲ သတိရသလိုဟန်မျိုးနှင့် . . .

"ဩော် . . . ဟုတ်သားပဲ၊ မနက်က ကို ဆက်တာလား၊ ဖုန်းမြည်သံတော့ ကြားတယ်၊ ဟိုလေ . . . ကလေးတစ်ယောက် ခဲဖျက်လာဝယ်နေတာကို ရှာပေးနေတာနဲ့ မကိုင်ဖြစ်လိုက်တာ"

ကိုယ့်ပါးသာ ကိုယ့်ဘာသာကိုယ် စိတ်ရှိလက်ရှိ ရိုက်ပစ်လိုက်တော့ ညီထူးရေ။ မင်း သတိရလို့ ဖုန်းဆက်တာဟာ ကလေးတစ်ယောက် လာဝယ်တဲ့ ခဲဖျက် လောက်တောင် အရေးမကြီးဘူးတဲ့။

ခပ်ချဉ်ချဉ်တွေးရင်း ငနဲမ၏တင်ပါးကို ဖိုးခေါင်ကြိမ်နှင့် အချက်


www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆယ်လောက် ခပ်စပ်စပ်လေး စိတ်ထဲမှာ ရိုက်ပစ်လိုက်သည်။

လှဲ့လှဲ့မိုးဦးကတော့ ညီထူး၏စိတ်ကို လုံးဝမရိပ်မိစွာ ...

"အင်း ... ကို ဆက်မယ်လို့တော့ ထင်ပါတယ်၊ ပြောပါဦး ဘာကိစ္စ ပြောချင်လို့ ဆက်တာလဲ"

ညီထူး စိတ်အချဉ်ပေါက်သွားရပြီး ...

"ကိုယ်ဆက်တာလား။ ကိုယ် ခုလာမယ်ဆိုတာကို မနက်က ပြောချင်လို့"

စကားအဆုံးမှာ ငနဲ့မလေးက တခစ်ခစ်ရယ်ရင်း ...

"ဒါများ ကိုရယ် ... လေကုန်ခံလို့၊ ဆိုင်ကိုလည်း သိနေတာပဲဟာ၊ ဒီအတိုင်းလည်း လာတွေ့တာပဲဟာကို"

သေဟ ... သေဟ ... ဟု စိတ်ထဲမှာ ရေရွတ်ရင်း ညီထူး ကိုယ့်ဘာကိုယ် ကြေကွဲဆိုနင့်သွားရသည်။ လှဲ့လှဲ့မိုးဦးသည် ရည်းစားများ ခဲ့သလောက် ဘယ်လိုမှ အရိပ်သုံးပါးနားမလည်သော ခပ်ပိန်းပိန်း ငနဲမပါ တကား။

ညီထူး အားငယ်စွာတွေးကာ စိတ်ကို လျှော့ချလိုက်ပြီး ...

"သြော် မိုးဦး ... ဒါနဲ့ ခု နေပြည်တော်မှာတင်တဲ့ နိုင်ငံခြားကား သစ်လေ၊ အရမ်းကောင်းတာပဲတဲ့ သိလား"

"ဟုတ်လား၊ နာမည်က ဘာလဲဟင် ... ကို"

ငနဲ့မလေး၏ ပြန်မေးလာသံကြောင့် ညီထူး အနည်းငယ် အားတက် သွားပြီး ဇာတ်ကားနာမည်ကို ခပ်သွက်သွက်ရွတ်ပြလိုက်သည်။

ချက်ချင်းပင် လှဲ့လှဲ့မိုးဦးက ...

"ကောင်းတယ်ဆိုရင်တော့ မိုးဦးလည်း ကြည့်ချင်လိုက်တာ"

ညီထူး ခေါင်းထဲမှာ လက်ခနဲဖြစ်သွားရင်း ...


www.burmeseclassic.com

www.burmeseclassic.com


"ကိုယ်သိပါတယ် မိုးဦးရဲ့ နာမည်ကြီးဇာတ်ကားပဲဟာ၊ မိုးဦး ကြည့်ချင်မယ်လို့ထင်လို့ ကိုယ် လက်မှတ်နှစ်စောင်တောင် ကြိုဝယ်လာခဲ့တာ၊ ဆယ်နှစ်နာရီခွဲပွဲလေ၊ မိုးဦးအဖေဆိုင်လာရင် မိုးဦး ထွက်ခဲ့လိုက်ပေါ့၊ ကိုယ် လိုက်ပြမယ်လေ"

ဒီတစ်ခါတော့ အပိုင်ပဲဟု တွေးကာ ညီထူး ပြောချလိုက်သည်။ ချက်ချင်းပင် ငနဲမ၏မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ...

"မဖြစ်သေးပါဘူး ကိုရယ်၊ မိုးဦး အိမ်ပြန်ရင် အဝတ်တွေ လျှော် ရဦးမှာ၊ ပြီးတော့ ... ဖေဖေကလည်း အဲဒီလိုအပြင်ထွက်တာ မကြိုက်ဘူး ကိုရဲ့"

ညီထူး အတော်ပင် စိတ်ဆင်းရဲသွားရသည်။ မလျှော့သော လုံ့လ ဖြင့် ထပ်ကာ သွေးတိုးစမ်းလိုက်သေး၏။

"မိုးဦးရယ် ... တစ်ခါတလေပဲဥစ္စာ၊ ကိုယ်က အဲဒီဇာတ်ကား အရမ်းကောင်းလို့ မိုးဦးကို ပြချင်နေတာ"

ငနဲမ,မျက်နှာပေါ်မှာ တွေဝေသောအရိပ်အယောင်တွေက ဖြတ် ပြေးသွားသည်။ ညီထူးကိုလည်း အားနာဟန်လေးဖြင့် ပြန်ကြည့်လာ၏။ ပြီး ...

"ဒါဆိုလည်း ဒီလိုလုပ်ပါလား ကို"

သေချာပြီ၊ ဒီတစ်ခါတော့ အခါခါခေါ်တိုင်း မလိုက်ဖြစ်သည့်အပေါ် အားနာပြီး လိုက်တော့မှာ သေချာလောက်ပြီ။

ညီထူး စဉ်းစားနေစဉ်မှာပဲ ငနဲမလေး၏စကားသံက ...

"အင်း ... ကိုက မိုးဦးကို ဒီလောက်ကြည့်စေချင်တယ်ဆိုရင် လည်း"

စကားကိုဖြတ်ထားလိုက်သေးသည်။ ကိစ္စမရှိ၊ ဒီစကားအသွား



www.burmeseclassic.com

www.burmeseclassic.com

အလာလောက်ဆိုလျှင် ကိုယ့်ဘက်ပါဖို့က ကိုးဆယ့်ကိုးရာခိုင်နှုန်းလောက်ရှိနေပြီ မဟုတ်ပါလား။ ငနဲမလေးလည်း မနည်းအားယူခဲ့ဖြတ်လိုက်ရပုံပေါ်သည်။

ညီထူးက ထွက်လာမည့်စကားသံကို မျှော်လင့်တကြီး စောင့်နေစဉ်မှာပဲ ...

"ဟိုလေ ... ကို မြို့ထဲရောက်ရင် ဝယ်ခဲ့ပေါ့၊ အဲဒီဇာတ်ကားက အခွေထွက်မှာပဲလေ၊ ကို ကြည့်စေချင်တဲ့ကားကို မိုးဦး ကြည့်ဖြစ်အောင် ကြည့်မှာပါ၊ ကဲ ... ကျေနပ်ပြီမဟုတ်လား"

ကျေနပ်ပါသည်။ ညီထူး စိတ်ရှိလက်ရှိ ကျေနပ်ပစ်လိုက်သည်။ စိတ်လက်ကုန်ခန်းသွားသည့်ဟန်ကို မျက်နှာမှာ မပေါ်အောင်ထိန်းရင်း ...

"ဝယ်ခဲ့ပါ့မယ် ... ဝယ်ခဲ့ပါ့မယ်၊ ဒီဇာတ်ကားမှမဟုတ်ဘူး၊ နောက်ပိုင်း တစ်နှစ်လုံး ကြည့်စေချင်တဲ့ ဇာတ်ကားတွေကိုပါ အတွဲလိုက် ဝယ်ခဲ့မယ်"

ရွှဲ့ပြောလိုက်သည်ကိုပင် ငနဲမက ကျေနပ်သွားသော ဟန်ကလေးဖြင့် ...

"ကိုက သိပ်အလိုက်သိတာပဲ၊ အဲဒါကြောင့် ကို့ကို မိုးဦးချစ်တာ"

မချစ်ပါနဲ့တော့ ကျေးဇူးရှင်မရယ်။ ရှုံကြီးနိုးပါရဲ့ဟု စိတ်ထဲက အထပ်ထပ်ရေရွတ်မိတော့သည်။

ရွှန်းလဲ့လဲ့ကြည့်နေသော ငနဲမ၏မျက်ဝန်းများအား ပြန်ကြည့်ကာ ငါတော့ ကိုယ်ကျိုးနည်းပါပြီဟု တွေးရင်း ...

"ကဲ ... မိုးဦး လက်မှတ်က ဝယ်ထားပြီဆိုတော့ ကိုယ်ပဲ သူငယ်ချင်းတစ်ယောက်နဲ့ သွားကြည့်လိုက်တော့မယ်"

"အင်း ... အခွေမမေ့ခဲ့နဲ့နော် ကို"



www.burmeseclassic.com

www.burmeseclassic.com


သက်ပြင်းကို လေးလေးပင်ပင်ချရင်း ခေါင်းညိတ်ပြကာ ညီထူး ထွက်လာခဲ့တော့သည်။

အင်း ... ဒီပွဲမှာတော့ တိုးမောင်ပြောသလို ကိုယ့်ကိုယ့်ကိုယ် အနိုင်ကြပြီးထွက်ဖို့ပဲ ရှိတော့တယ်ဟု ညီထူး ဆုံးဖြတ်မိတော့သည်။

ဆိုင်အပြင်ရောက်ရောက်ချင်း ယွန်းယွန်း၏ GSM ဖုန်းသို့ ညီထူးက message တစ်စောင် ပို့လိုက်ပါသည်။

"ဂျူပူမ ... အရမ်းအရေးကြီးလို့ မြို့ထဲက နေပြည်တော်ရုပ်ရှင်ရုံ ရှေ့ကို ဆယ်မိနစ်အတွင်း အရောက်လာခဲ့ပါ"

■

BURMESE CLASSIC

ကိုယ့်အတွက်ကိုယ် ရှေ့တန်းတင်ခြင်းသည် လူ၏မသိစိတ်၌ အလွယ်ကူဆုံး ထွက်ပေါက်တစ်ခုဖြစ်နေသည် မဟုတ်ပါလား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တိုး)

ရုပ်ရှင်ရုံရှေ့သို့ရောက်ရောက်ချင်း ညီထူး လုပ်ရသည့်အလုပ်မှာ လက်မှတ်နှစ်စောင်ပြေးဝယ်ထားခြင်း ဖြစ်သည်။

ပြီး . . . သတိရ၍ လဲ့လဲ့မိုးဦးအတွက် အခွေငါးခွေဝယ်ထားလိုက်သေးသည်။ နိုင်ငံခြားဇာတ်ကားတွေတော့မဟုတ်။ လောကီကိစ္စတွေနှင့် မပတ်သက်ချင်သော ဒင်းအတွက် ဝယ်ပေးဖြစ်သည့်ကား တရားခွေအချို့။

ရုံရှေ့မှာစောင့်ပြီး သိပ်မကြာလိုက်ချေ။ မောင်းဝင်လာသည့် ယွန်း ယွန်း၏ကားကို တွေ့လိုက်ရ၏။

"ညီထူး . . . အရေးတကြီးကိစ္စဆိုတာ ဘာလဲ"

ညီထူးက . . .

"ဒီနေ့ သောကြာနေ့လေ ယွန်းယွန်းရဲ့"

"ဟုတ်ပါပြီ၊ အဲဒါ ဘာဖြစ်လို့လဲ"

ညီထူးက ရုပ်ရှင်ပိုစတာဘက်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... မနက်ဖြန်ဆိုရင် ဒီဇာတ်ကားက လဲတော့မှာဟ၊ အဲဒါ
ကို ကြည့်စေချင်တာနဲ့ လှမ်းခေါ်လိုက်တာ၊ ငါ ဒီမှာ လက်မှတ်တောင်
ထားပြီ"

အိတ်ကပ်ထဲမှ လက်မှတ်နှစ်စောင်ကိုပါ ထုတ်ပြလိုက်သည်။ ယွန်း
နှင်းက အနည်းငယ် စိတ်ရှုပ်သွားဟန်ဖြင့် ...

"ညီထူးရယ် ... အရေးတကြီးဆိုလို့ ဘာများလဲလို့ဟာ ရုပ်ရှင်
ကြည့်ဖို့ကိုများ ငါ့မှာတော့ စိတ်ပူပြီးတော့ လိုက်လာလိုက်ရတာ"

"ဟဲ ... ဟဲ ဒီလိုမှမခေါ်ရင် နင် ဘယ်လာတော့မှာလဲ ဂျပုမရဲ့
... လာ လာ ရုပ်ရှင်ပြချိန်တောင် နီးနေပြီ"

BURMESE CLASSIC

ပြောရင်း ညီထူးက ကားတံခါးကို ဆွဲဖွင့်တော့သည်။ ယွန်းယွန်း
လည်း ဘယ်လိုမှငြင်း၍မရမည်ကို သိနေသည့်အလား သက်ပြင်းကို
အောင့်ကြီးအောင့်ကြီး ချလိုက်ပြီး ...

"ကဲပါ ... လိုက်ခဲ့ပါ့မယ်၊ ကားတံခါးကို လော့ချ်ချပါရစေဦး"

"ဒီလိုမှပေါ့ ဂျပုမရဲ့"

နှစ်ယောက်သား ရုပ်ရှင်ရုံထဲသို့ ဝင်လာခဲ့ကြသည်။ ရုပ်ရှင်ပြသည့်
အတွင်းသို့ မဝင်ခင်မှာပင် ယွန်းယွန်းက ရေသန့်ဗူးနှင့် နေကြာစေ့နှစ်ထုပ်
ဝယ်လိုက်သေးသည်။ မြန်မာနိုင်ငံက လူတွေသည် ပြဋ္ဌာန်းထားသည့် ဥပဒေ
ပါဘဲနှင့် ရုပ်ရှင်ရုံထဲသို့ ဝင်ခါနီး၌ နေကြာစေ့ဝယ်ကြသည်မှာ အစဉ်အလာ
လိုဖြစ်နေပုံရသည်။

အသစ် ... အသစ်ဆိုပြီး တောင်းတနေကြတဲ့လူတွေ ဘာဖြစ်လို့
များ နေကြာစေ့နေရာမှာ တခြားအသစ်တစ်ခုကို အစားထိုးဖို့ မစဉ်းစားမိကြပါ
သလဲ။

ကိုယ့်အလှည့်ကျမှပဲ နေကြာစေ့မဟုတ်ဘဲ ကန်းစွန်းဥပြုတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျွေးဦးမည်ဟု ညီထူး ပြောင်ချော်ချော် တွေးမိလိုက်သည်။

ရုပ်ရှင်ကြည့်ရင်း ယွန်းယွန်းက နေကြာစိကို တဖျောက်ဖျောက် ခွာစားနေသည်။ ဘေးမှ ညီထူးကိုပင်ငဲ့၍ ...

"ညီထူး ... နေကြာစေ့မစားဘူးလား"

"ခွာကျွေးရင် စားမယ်"

"အောင်မာ ... ကိုယ့်ဟာကိုယ် ခွာစားပေါ့၊ လက်မပါဘူးလား"

"ပါသားပဲ၊ ပျင်းလို့ပေါ့"

ယွန်းယွန်းဆီမှ ဘာသံမှထပ်ထွက်မလာတော့။ မျက်စောင်းထိုး လိုက်သည်ကို အမှောင်ပျပျမှာ မကွဲမပြား တွေ့လိုက်ရသည်။

BURMESE CLASSIC
အတန်ကြာတော့မှ ရော့ဆိုသည့် စူပွပွအသံလေးနှင့်အတူ သူ့လက် ထဲသို့ နေကြာစေ့အခွံကျွတ်ကလေးတွေ ထည့်လာပေးသောအထိအတွေ့ ကို ခံစားလိုက်ရပြီး ...

"စား ... စား ... ကျွန်တော်မျိုးမ ခွာပေးထားပါတယ်"

ညီထူးက တဟဲဟဲရယ်ကာ ယွန်းယွန်း၏နားရွက်ကလေး လှမ်းပွတ်လိုက်မိသည်။ အနားသို့ ပိုတိုးကပ်လိုက်မိသလိုဖြစ်သွားသဖြင့် ယွန်းယွန်းထံမှ ကိုယ်သင်းနံ့ကလေးကိုလည်း အမှတ်မထင် ရှူရှိုက်မိလိုက် ၏။ စိတ်ထဲမှာပင် တစ်မျိုးတစ်မည် ခံစားသွားရသည်။

ယွန်းယွန်းနှင့်အတူ အကြိမ်တော်တော်များများ အတူသွား အတူ လာတွေ များခဲ့ပြီဖြစ်သော်လည်း ခုလို တစ်ကြိမ်တစ်ခါမှ မဖြစ်စဖူး။ ညီထူး ကိုယ့်ကိုယ်ကိုယ် အံ့သြပြီး သက်ာမကင်းဖြစ်လာရ၏။

ငါ့စိတ်တွေ ဂျပုမအပေါ်မှာ ဘယ်လိုဖြစ်နေတာလဲ။

ညီထူး ဝေခွဲ မရ။ တစ်သက်လုံး သူ့အပေါ်မှာ အလိုလိုက် အ တာခံလာသော ဂျပုမအပေါ် သာယာလာတာမျိုးလား။


www.burmeseclassic.com

www.burmeseclassic.com


တစ်ခုတော့ သေချာသည်။ ညီထူး ကြောက်နေမိတာကတော့ ယွန်းယွန်း သူ့အနားက ပျောက်ကွယ်သွားမှာကိုပဲဖြစ်၏။ အသားကျနေသာဆက်ဆံရေးနယ်ပယ်တစ်ခု ပျောက်ဆုံးသွားမှာကို လုံးဝမလိုလားသည့်သဘောမျိုး။

ငြိမ်သက်ကာ ညီထူး တွေးနေချိန်မှာပဲ ...

"ညီထူး"

"ဟော ... ဘာလဲ"

ခေါ်သံကြောင့် အတွေးစတို့ လွင့်ထွက်သွားရပြီး ညီထူး ပြန်မေးလိုက်မိသည်။

ယွန်းယွန်းက ...

"နင် ... ဘာစိတ်ကူးပေါက်ပြီး ငါ့ကို ရုပ်ရှင်ကြည့်ဖို့ လှမ်းခေါ်တာလဲ"

ညီထူးက ဟက်ခနဲ ရယ်လိုက်ရင်း ...

"ပထမတော့ ငါလည်း အစီအစဉ်မရှိပါဘူးဟာ၊ မိုးဦးကို ရုပ်ရှင်ကြည့်မယ်လို့ခေါ်တာကို မလိုက်လို့ တင်းပြီး လာကြည့်တာ၊ ပြီးမှ နင့်ကိုသတိရတာနဲ့ ..."

"ဘာ ... ဘာပြောတယ် ညီထူး"

ယွန်းယွန်း ဖြတ်မေးလိုက်သောစကားသံကြောင့် ညီထူး စကားပြတ်သွားရသည်။

ယွန်းယွန်းက စူးစူးဝါးဝါးစိုက်ကြည့်လာပြီး နာကျင်ထိရှသွားသောအသံဖြင့် ...

"ညီ ... ညီထူး ... နင် အရမ်းတရားလွန်တာပဲ သိလား"

ပြောရင်း ထိုင်နေရာမှ ဝုန်းခနဲ ထထွက်သွားလေတော့၏


www.burmeseclassic.com

www.burmeseclassic.com



မျက်တရက် ကြောင်အမ်းနေပြီးမှ သတိဝင်ကာ ညီထူးနောက်မှ လိုက်သွား ခဲ့သည်။

ရုံပြင်ရောက်တော့ ညီထူးက ကားနားသို့ ပြေးသွားလိုက်ပြီး ...

"ယွန်းယွန်း ... နင် ... နင် ဘာဖြစ်လို့လဲ"

တစ်ခါမှ မမြင်ဘူးသည့် ယွန်းယွန်း၏မျက်ဝန်းထဲက မီးညွန့်တွေ ကို အရင်တွေ့လိုက်ရသည်။ ညီထူး ကြောင်အမ်းပြီး ကြည့်နေစဉ်မှာ ယွန်းယွန်းထံမှ ထွက်လာသည့်စကားသံက စိမ်းဆတ်ဆတ်၊ အက်ရှရှ

"ညီထူး ... ရုပ်ရှင်ကြည့်ဖို့မလိုက်တဲ့ နင့်ရည်းစားနေရာမှာ ငါ့ကို အစားထိုးပြီး ခေါ်လိုက်တယ် ... ဟုတ်လား၊ ငါ ... ငါ အရမ်း နည်းတယ်ဟာ"

စကားသံက တိမ်ဝင်ကာ ယွန်းယွန်း ခေါင်းငုံ့ချသွားသည်။ ညီ ပျာပျာသလဲဟန်ဖြင့် ...

"မ ... မဟုတ်ဘူး ယွန်းယွန်းရဲ့၊ ငါ ... ငါဆိုလိုတာက"

"တော် ... တော်ပါတော့ ညီထူးရယ်၊ နင် ငါ့ကိုဆိုရင် အ အပိုင်တွက်ထားတယ် မဟုတ်လား၊ အစားထိုးတယ်ဆိုတာ ဒီလိုကိစ္စမျိုး မလုပ်သင့်မှန်း အစောကြီးကတည်းက နင် စဉ်းစားခဲ့ဖို့ကောင်းတယ် ... ခုတော့ဟာ"

တစ်ခုခုပြန်ပြောရန် ပြင်လိုက်ချိန်မှာပဲ ယွန်းယွန်းက ...

"နင် ... ဘာမှမပြောနဲ့တော့ ညီထူး၊ ငါ့အပေါ် နားလည်ဖို့လ ဘယ်တော့မှ မကြိုးစားပါနဲ့တော့"

စကားအဆုံးမှာပဲ ယွန်းယွန်းက ကားကို ဝူးခနဲ မောင်းထွက်သွား လေတော့သည်။

ဆွံ့အတိတ်ဆိတ်မှုတွေနှင့် ညီထူး ရပ်ငေးကျန်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com


ဘာတွေဖြစ်ကုန်မှန်းပင် မသိတော့။ ငြိမ်သက်ကာ ရပ်နေရင်း သူပြောလိုက်သည့်စကားတွေကို ညီထူး ပြန်စဉ်းစားမိသည်။

ယွန်းယွန်းဘက်က . . . မိန်းကလေးတစ်ယောက်ဘက်မှ တွေးကြည့်ရင်း ညီထူး အကြီးအကျယ် အားနာတုန်လှုပ်မိသွား၏။

သွားပြီ . . . ငါ မှားသွားပြီ။

ချက်ချင်းပင် သတိဝင်ကာ ယွန်းယွန်းဖုန်းကို လှမ်းခေါ်လိုက်၏။ ရေ။ စက်ပိတ်ထားသည်တဲ့လေ။

■

ညသည် သူ့တာဝန်ကျေစွာ ပတ်ဝန်းကျင်တစ်ခုလုံးအား သူ၏ အမှောင်ရင်ခွင်ထဲသို့ ဆွဲနှစ်ထား၏။ အဝေးက တိုက်ခတ်လာသည့် လေပြည် ပင်လျှင် အမှောင်ရနံ့တို့ ရွှဲရွှဲစိုနေသည်။

ပျောက်ဆုံးနေသည့် လရောင်အပြင် ကြယ်စုတွေကိုလည်း တိမ် အုပ်တွေက ကမ္ဘာမြေနှင့် အဆက်အသွယ်ဖြတ်ထားပုံရသည်။ အမှောင်ထဲ သို့ကြည့်လိုက်လျှင် အမှောင်သည်သာ စူးစူးရှရှ။

ညက အတော်ပင် နက်နေလေပြီ။ ပြတင်းတံခါးမှ အပြင်ကိုငေးရင်း ညီထူး အိပ်မပျော်ရသေး။ ယွန်းယွန်းကို ပြောခဲ့သည့်စကားတွေနှင့် ပတ်သက် ပြီး စာနာအားနာစိတ်တွေက တစ်ကိုယ်လုံးကို ဖိစီးနေသည်။

အလီလီသော သက်ပြင်းကိုချရင်း မှန်းကျပ်မှုတွေထဲက ရုန်းမထွက် အောင် ဖြစ်နေမိ၏။

သူ့စကားကြောင့် ယွန်းယွန်း ဘယ်လောက်များ တိုးနာကျင်သွား


www.burmeseclassic.com

www.burmeseclassic.com


မလဲ။

ဆေင်မခြင်ပြောလိုက်မိသည့် စကားတစ်ခွန်းသည် ယွန်းယွန်း၏ အချက်ကို ထိုးနက်လိုက်သလို ဖြစ်သွားလေပြီ။

အိပ်မပျော်နိုင်တော့ပေမယ့်လည်း အိပ်ရာပေါ် လှဲအိပ်ချကာ နဖူးပေါ်လက်တင်လိုက်ရင်း . . .

"ငါဟာ ငါ့ဘက် တစ်ဖက်တည်းကိုပဲ မြင်တတ်တဲ့ အကန်းတစ်ကောင်များ ဖြစ်နေပြီလား"

ဟု ညီထူး ခပ်တိုးတိုးရေရွတ်မိလိုက်လေသည်။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (တစ်ဆယ်)

"မင်း မှားတာပေါ့ကွ၊ မှားတာမှ အကြီးအကျယ်ကို မှားတာ၊ ယွန်းယွန်းလို မိန်းကလေးကိုမှ ဒီလိုစကားမျိုး သွားပြောရတယ်လို့ကွာ"

ဒွေးဝင်း၏အပြစ်တင်စကားသံက မချင့်မရဲကြီး ထွက်လာသည်။ သူရကလည်း လေပူကြီးကို မှုတ်ချရင်း ...

"မင်းကွာ ... မိန်းကလေးတွေနဲ့ ဒီလောက်တွဲလာခဲ့ပြီးတော့များ ဘယ်စကားဟာ သူတို့အတွက် ဘယ်လိုထိခိုက်မယ်ဆိုတာ မစဉ်းစားမိဘူးလား၊ မင်းလိုကောင်မျိုး ပါးစပ်က အဲဒီလိုပြောထွက်တာ ငါ အံ့ဩတယ်"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ညီထူး ငြိမ်နေလိုက်သည်။ ဒီကောင်တွေက အပြင်မထွက်ဖြစ်ဘဲ အိမ်မှာကုပ်နေသောသူ့ဆီ လာကြရမှ သူ့ကိုယ်တိုင် ဒီအကြောင်းတွေကို ပြောပြလိုက်ခြင်းဖြစ်၏။

ပြောလိုက်တော့လည်း မျှော်လင့်ထားသည့်အတိုင်း ဆူပူငေါက်သံတွေက မရပ်တော့။



www.burmeseclassic.com

www.burmeseclassic.com


ညီထူးက အားလုံးကို ဝေ့ကြည့်လိုက်ပြီးမှ ...

"ခဏလေးနေကြပါဦးကွာ၊ အဲဒီတုန်းက ရုတ်တရက်ကြီးဆိုတော့ ငါလည်း လုံးစေ့ပတ်စေ့မရှင်းပြလိုက်ရဘူးကွ၊ အမှန်တော့ မိုးဦးကြည့်ဖို့ဆိုပြီး လက်မှတ်ဝယ်ပြီးမှ မိုးဦး မလိုက်လာလို့ ယွန်းယွန်းကို ခေါ်လိုက်တာမျိုး မဟုတ်ဘူး၊ ငါ့ဟာငါ တစ်ယောက်တည်း ကြည့်မယ်ဆိုပြီး ထွက်လာပြီးမှ ယွန်းယွန်းကို သတိရသွားတာ၊ အဲဒါနဲ့ ရုပ်ရှင်ရှေ့ လာခဲ့ပါလို့ မက်ဆေ့ချ်ပို့ပြီးမှ ငါ လက်မှတ်ဝယ်လိုက်တာပါကွာ၊ ဝယ်ပြီးသားလက်မှတ်ပိုနေလို့ သူ့ကို အစားထိုးပြီး ခေါ်လိုက်တာမျိုး မဟုတ်ပါဘူး"

"အေး ... ဘယ်လိုပဲဖြစ်ဖြစ်ပေါ့၊ မင်း ပြောလိုက်တဲ့စကားက မိန်းကလေးတစ်ယောက်အနေနဲ့ ဘယ်လောက်ရှက်ရွံ့နာကျင်သွားမလဲ၊ မင်း ညည်းစားလိုက်မကြည့်လို့ သူ့ကို လှမ်းခေါ်တယ်ဆိုတဲ့သဘောမျိုးဖြစ်နေတယ် ညီထူးရ"

"မင်းအပေါ် ဒီလောက်နားလည်တဲ့ ယွန်းယွန်းကို ဒဏ်ရာတွေ မပေးပါနဲ့ကွာ"

ရင်ထဲမှာ တင်းကျပ်ပြီး စကားလုံးတွေ ထပ်ထွက်မလာနိုင်တော့ နာကျင်စိတ်တွေက တစ်ကိုယ်လုံးကို လောင်ကျွမ်းနေကြသည်။

တစ်ချိန်လုံး ငြိမ်နေသည့် တိုးမောင်ထံမှ စကားသံ အေးစက်စက် ထွက်လာ၏။

"ဒီမှာ ညီထူး ... မင်း ဒီအချိန်ထိ ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲလာတယ်၊ ရှုပ်တယ်၊ ပွေတယ်၊ ဒါကိုလည်း ယွန်းယွန်း သိတာပဲ၊ မင်းအပေါ် နားလည်ခဲ့တာပဲ၊ ဒီကြားထဲမှာလည်း မင်း သူ့နဲ့ တွဲ သေးတယ်၊ ငါပြောမယ် ညီထူး ... ယွန်းယွန်းလည်း မိန်းကလေးတစ် ယောက်ကွ၊ သွေးနဲ့ကိုယ်,သားနဲ့ကိုယ် ခံစားတတ်တဲ့ နှလုံးသားရှိတယ်


www.burmeseclassic.com

www.burmeseclassic.com



မင်းဟာမင်း ရည်းစားတွေ အပျော်ပဲထားထား၊ မင်းကို အနွံအတာခံပြီး နေလာခဲ့တဲ့သူအပေါ် မင်း စာနာစိတ်ကလေး မရှိဘူးလားကွာ၊ ငါတို့အားလုံးက မပြောဖြစ်ပေမယ့် တစ်ချိန်မှာ မင်းနဲ့ယွန်းယွန်း ချစ်သူတွေဖြစ်သွားမှာပဲလို့ ထင်ထားကြတာ၊ ပြီးတော့ ယွန်းယွန်းက မင်းကို ... ဟာ မပြောချင်တော့ဘူးကွာ၊ မင်းဟာ အချစ်ဆိုတာကို မမြင်နိုင်ဘဲ ကန်းနေတဲ့ကောင်ပဲကွ"

တောက်လျှောက်ကြီးပြောချလိုက်သော တိုးမောင်စကားအဆုံးမှာတော့ ညီထူး တုန်လှုပ်ချောက်ချားသွားရသည်။

သုံးယောက်စလုံးကိုလည်း တအံ့တသြကြည့်မိကာ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းအစုံဖြင့် ...

"ဒါ ... ဒါတွေဟာ ... တကယ် ... တကယ်ပဲလားကွာ"

"တကယ်ပဲ ညီထူး ... မင်းက ကိုယ်တိုင်ကစားနေရလို့ မျက်စိလျှမ်းနေပေမယ့် ဘေးကကြည့်နေတဲ့ ငါတို့ကတော့ မြင်တယ်ကွ၊ ထားပါတော့ ... ခု မင်း ဘာဆက်လုပ်မလဲ၊ ယွန်းယွန်းကို တောင်းပန်ပြီးပြီလား"

ညီထူး ခေါင်းအသာခါလိုက်သည်။

"ငါ ... သူ့ကိုသွားမတွေ့ရဲဘူးဖြစ်နေတာ၊ ပြန်စဉ်းစားတိုင်း အားနာနေတာနဲ့"

"ဟေ့ကောင် ... လုပ်မနေနဲ့၊ ဒါ ... တွေဝေနေရမယ့်အချိန်မဟုတ်ဘူး၊ မင်းကိုယ်မင်း ပြန်မြင်အောင်ကြည့်ပြီး ဆုံးဖြတ်ရမယ့်အချိန်ကွ"

"အေးပါကွာ ... ငါ ယွန်းယွန်းကို ကျေနပ်အောင် တောင်းပန်မှာပါ"

"ပြီးတော့ရော"

ညီထူးက ပင့်သက်ကို ရှိုက်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ ... သူ့ကို ..."

စကားသံအဆုံးမသတ်ခင်မှာပဲ တတီတီမြည်သံနှင့်အတူ message တစ်ခုက ဝင်လာသည်။

ကြည့်လိုက်တော့ ညီထူး အသက်ရှူရပ်မတတ် ဖြစ်သွားစေမည့် နံပါတ်။ ယွန်းယွန်းဆီမှ ဖြစ်သည်။

ဖွင့်ကြည့်လိုက်တော့ ...

"ညီထူး ... မနက်ဖြန် ညနေ လေးနာရီတိတိ အင်းလျားကန်ပေါင်ကို လာခဲ့ပါ၊ ပြောစရာရှိတယ်"

ခဏတော့ ညီထူး ကြက်သေသေနေလေသည်။

■

ကောင်မလေးရေ ...

ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်နိုင်တဲ့

မနက်ဖြန်မှာ

ဘာတွေဖြစ်လာဦးမှာလဲဆိုတာကိုတော့

ငါ ကြိုမတွေးတော့ပါဘူးကွယ်။

နောင်တဆိုတာ

နောက်ကျသူတစ်ယောက်အတွက်

ဆုတံဆိပ်ဆိုလည်း

ရဲရဲကြီးသာ ခတ်နှိပ်လိုက်ပါတော့ ...။

■



www.burmeseclassic.com

www.burmeseclassic.com


ညနေလေးနာရီတိတိ။

အင်းလျားကန်ပေါင်အတိုင်း သူ လျှောက်လာခဲ့သည်။

ခေတ်အဆက်ဆက်က ပုံပြင်ဟောင်းတွေကို သိမ်းထုပ်ထားသော အင်းလျားကန်သည် လှိုင်းကြက်ခွပ်လေးများ စီရရီထနေကြ၏။ ကျနေ၏ ရိုက်ထိုးမှုကြောင့် ရေပြင်ပေါ် ရွှေမှုန်တွေ ကျဲပက်ထားသလို ထင်ရသည်။

လူးလာပျံသန်းနေကြသော ငှက်တွေကလည်း အိပ်တန်းဆီသို့ ဦးတည်နေကြပြီလား မပြောတတ်။ ဆည်းဆာအကြိုထောက်နေသော နေရောင်ခြည်အောက်မှ အင်းလျားရေပြင်သည် အသက်ဝင်နေသည့် ပန်းချီကားတစ်ချပ်ဖြစ်နေသည်။ တိမ်ဖြူတိမ်ကွဲတွေကလည်း ကောင်းကင်မှာ လွင့်ကာ . . . ဝဲကာ။

ထိုပန်းချီကား၏အစွန်းတစ်နေရာတွင် ခုံတန်းလျားလေးပေါ်ထိုင်နေသော ကောင်မလေးတစ်ယောက်ကို ညီထူး တွေ့လိုက်ရ၏။

သူ့ခြေထောက်တွေက ထိုနေရာသို့ လှမ်းမိပြီးသားဖြစ်နေလေ၏။

"ယွန်းယွန်း . . . ငါ နောက်မကျပါဘူးနော်"

ရေပြင်သို့ ခပ်စိုက်စိုက်ကြည့်နေသော ယွန်းယွန်း၏မျက်ဝန်းတွေက ညီထူးဘက်သို့ ရောက်လာသည်။

ပြီး . . . မပွင့်တပွင့်လေးပြုံးရင်း . . .

"ဟုတ်ပါတယ်၊ ငါ စောနေတာပါ"

တစ်ချိန်တုန်းကလိုပဲ နားလည်မှုရိပ်တွေ သန်းနေသေးသည့် မျက်ဝန်းအစုံကြောင့် ညီထူး အနည်းငယ် နေသာထိုင်သာ ရှိသွားရ၏။

အနားမှာ ဝင်ထိုင်လိုက်ရင်း ညီထူးက . . .

"ယွန်းယွန်း . . . ဟိုတစ်နေ့က ကိစ္စအတွက် ငါ တောင်းပန်ပါတယ် . . . ငါလေ"


www.burmeseclassic.com

www.burmeseclassic.com

စကားအဆုံးခင်မှာပဲ ယွန်းယွန်းက လက်ကာပြလာသည်။

"တော်ပါတော့ ညီထူးရယ် . . . ငါ နားလည်ပါတယ်၊ အဲဒီနေ့က ရုတ်တရက်ဆိုတော့ ငါလည်း ဒေါသထွက်သလို ဖြစ်သွားမိတာ"

"ကျေးဇူးပါပဲ ယွန်းယွန်းရာ၊ ငါက ငါပြောလိုက်တဲ့စကားကြောင့် နှင့်ကို အားနာနေမိတာဟ"

ယွန်းယွန်းက ခပ်လွှင်လွှင်လေး ရယ်လျက် . . .

"ငါထင်သားပဲ၊ ကဲပါ . . . အဲဒီကိစ္စကို ခေါင်းထဲမှာ ထည့်မထားနဲ့တော့၊ ခု . . . နှင့်ကို ငါ ပြောစရာရှိလို့ ခေါ်လိုက်တာ"

"ငါလည်း နှင့်ကို ပြောစရာရှိတယ် ယွန်းယွန်း"

နှစ်ယောက်သား မျက်ဝန်းချင်းဆုံမိကြသည်။ ယွန်းယွန်း၏မျက်ဝန်းတွေထဲမှာ အံ့သြမှုအချို့ တောက်စားသွားသလို ညီထူး အကြည့်တွေကလည်း မရေရာသော မျှော်လင့်ချက်အား ငုံလင့်နေသလိုမျိုး။

ယွန်းယွန်းက . . .

"ကဲ ညီထူး . . . နင်ပြောစရာရှိတယ်ဆိုတာ ဘာလဲပြော"

"နှင်အရင်ပြောလေဟာ Lady first ပေါ့"

ညီထူးစကားအဆုံးမှာ ယွန်းယွန်းက သဘောကျသလို ရယ်တော့သည်။ ပြီး ညီထူးကို စိုက်ကြည့်လာကာ . . .

"ညီထူး . . . နင်နဲ့ငါ့ကြားမှာ ဘယ်တုန်းက ငါ့ဆန္ဒကို ရှေ့တန်းတင်ဖူးလို့လဲ၊ အပိုတွေ ပြောမနေပါနဲ့ဟာ၊ ပြောစရာရှိတာ ပြောစမ်းပါ"

ယွန်းယွန်းက ခပ်ပေါ့ပေါ့ ပြောလိုက်ပေမယ့်လည်း ညီထူးရင်ထဲမှာတော့ နှင့်ခနဲဖြစ်သွားသည်။

ပင့်သက်ကိုရှိုက်ရင်း ညီထူးက . . .

"ငါ . . . ပြောစရာရှိတယ်ဆိုတာက ဟိုလေ . . . ငါလွဲလွဲမိုးဦးနဲ့



www.burmeseclassic.com

www.burmeseclassic.com


ဒီနေ့ပဲ ပြတ်သွားပြီဟာ၊ ဘယ်လိုပြတ်သွားလဲဆိုတာက . . .''

စကားပင်မဆုံးသေး ယွန်းယွန်းက တခစ်ခစ်ရယ်တော့သည်။

ပြီး . . .

''ညီထူးရယ် . . . နင် ရည်းစားတစ်ယောက်ထားတာ၊ ပြီးတော့ ပြတ်တာ ဘာထူးဆန်းလို့လဲ၊ ငါ ကြားဖူးနေကျ ပုံပြင်တွေပဲဥစ္စာ''

''ဟုတ်မှာပါ၊ ဒါပေမဲ့ . . . ဒီတစ်ခါတော့ ငါ့အတွက် ထူးခြားတယ်ဟ၊ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်ကြိမ်ကျရင် ငါ တကယ်ချစ်တဲ့ မိန်းကလေးပဲ ချစ်သူတော်တော့မယ်၊ ပြီးရင် . . . လက်ထပ်ဖို့အထိ စဉ်းစားထားတယ်''

ယွန်းယွန်းမျက်ဝန်းတွေထဲ အံ့ဩမှုတွေ လက်လက်ဖျာသွားရသည်။ ပြီးမှ ဟန်လုပ်ကာ ရယ်လိုက်ရင်း . . .

''ဟုတ်လား၊ အဲဒီလိုတွေးတာကတော့ ကောင်းပါတယ်၊ အဲ . . . ငါ နင့်ကို ပြောစရာရှိတယ်ဆိုတာက ငါ မနက်ဖြန် ကုမ္ပဏီကိစ္စနဲ့ မန္တလေးကို ခရီးထွက်ရမယ်၊ အနည်းဆုံး နှစ်ပတ်၊ အများဆုံး တစ်လလောက်တော့ ကြာမယ်ထင်တာပဲ၊ အဲဒါကို နင့်ကိုပြောချင်လို့''

ညီထူးက မျက်မှောင်ကြုတ်လိုက်ပြီး . . .

''ဟာ . . . အကြာကြီး၊ ဒါဆို . . . ဒီကြားထဲ နင်နဲ့ငါ မတွေ့ရတော့ဘူးပေါ့''

''ညီထူးရယ် . . . တစ်သက်လုံး မတွေ့ရတော့မှာမှမဟုတ်တာ၊ တစ်လဆိုတာရော ဘယ်လောက်ကြာမှာမို့လို့လဲ၊ ပြီးတော့ . . . ဖုန်းဆက်လို့လည်း ရတာပဲ''

''မသိဘူးဟာ၊ နင် အဲဒီလိုမှ ခရီးမထွက်ဘူးတာလေ၊ အေး . . . တစ်လလောက်ကြာရင်တော့ ငါ ဒီအတိုင်းနေနိုင်မှာ မဟုတ်ဘူး''


www.burmeseclassic.com

www.burmeseclassic.com


ယွန်းယွန်းက မျက်လုံးလေးပင့်၍ ...

"ဟင် ... ဘယ်လိုနေမှာလဲ၊ ပြောကြည့်ပါဦး"

"အေး ... နင် ကြည့်လိုက်လေ"

ပြောပြောဆိုဆို ညီထူးက ထိုင်နေရာမှ ဆတ်ခနဲထကာ ကန်ပေါင်ပေါ်မှတစ်ဆင့် ရေစပ်သို့ ပြေးဆင်းသွားလေသည်။

ယွန်းယွန်းက အလန့်တကြားပုံစံဖြင့် ထ,ရပ်လိုက်ပြီး ...

"ညီထူး ... ဘာလုပ်တာလဲ၊ ပြန်တက်ခဲ့ပါဟာ၊ ငါ တောင်းပန်ပါတယ်"

စိုးရိမ်သံလေးကြောင့် ညီထူးက တစ်ချက်လှည့်ကြည့်ပြီး ပြန်တက်လာသည်။ ကန်ပေါင်ပေါ်ရောက်တော့ ယွန်းယွန်းကို စေ့စေ့ကြည့်ရင်း ...

"ဂျပုမ ... နင် ငါ့ကို စိုးရိမ်သွားတယ် မဟုတ်လား"

ယွန်းယွန်းက မျက်နှာလေးကို မဲ့လျက် ...

"အေး ... စိုးရိမ်တယ်ဆိုတာက နင်သေမှာကို မဟုတ်ဘူး။ နင် ကန်ထဲဆင်းလို့ လာဖမ်းရင် ငါပါ အမှုပတ်မှာ စိုးရိမ်လို့ဟော့ ... သိပြီလား"

"ဟာကွာ"

ညီထူး မချင့်မရဲ ပြောလိုက်မိသည်။ တခစ်ခစ်ရယ်နေသော ယွန်းယွန်းကိုကြည့်ကာ အသည်းယားလာသဖြင့် နားရွက်ကလေးကို လှမ်းပွတ်လိုက်၏။

ပြီး ... ညီထူးကပဲ ...

"ယွန်းယွန်း ... ငါ ဒီတစ်ခါ ချစ်သူတော်မယ့် ကောင်မလေးဟာ ဘယ်လိုပုံစံမျိုးလဲ သိလား"

"အင် ... ဘယ်လိုသိမှာလဲ၊ ဒါပေမဲ့ ... ငါပြန်လာရင်တော့ နင် ရည်းစားတစ်ယောက် ထပ်ရလောက်ပြီပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်လောက်ပါဘူး ယွန်းယွန်းရယ်၊ ငါလေ အချစ်ဆိုတဲ့ ဘာသာ[illegible]ကို နားလည်စပြုနေပါပြီဟာ"

လိုက်လိုက်ခါခါ ပြောလိုက်သောစကားအဆုံးမှာတော့ ယွန်းယွန်း[illegible] လှောင်ပြုံးလေး ပြုံးရင်း ...

"ကဲ ကဲ ... တော်ပါတော့ ညီထူးရယ် ... ပြန်ကြရအောင်၊ ငါ[illegible]ည်း ခရီးသွားဖို့အတွက် ပြင်ဆင်ရဦးမယ်"

"အေးလေ ... ပြန်ကြတာပေါ့၊ မနက်ဖြန် ငါ လိုက်ပို့ရဦးမလား"

ယွန်းယွန်းက ...

"နေပါစေဟာ ... ဖေဖေ လိုက်ပို့မယ်တဲ့၊ လေယာဉ်နဲ့ သွားမှာ[illegible]"

"ဒါဆိုလည်း ပြီးတာပဲ ... ငါ ဖုန်းဆက်မယ်နော် ဂျပုမ"

"အေးပါ၊ ညီထူး ... နင် ခုမှ ဘယ်လိုတွေ ဖြစ်နေတာလဲမသိဘူး"

စူးပွပွပြောသံကြောင့် ညီထူးက ...

"မသိတော့ဘူးဟာ၊ ငါ တစ်ခုခုကို သိလာပြီလို့တော့ ထင်တာပဲ"

"ကဲ ... ငါတော့ ဘာမှနားမလည်တော့ဘူး၊ သွားပြီနော်"

လှည့်ထွက်သွားသော ယွန်းယွန်း၏ကျောပြင်ကို ကြည့်ကာ ညီထူး[illegible]ပြင်းသာ ချမိတော့သည်။

ယွန်းယွန်းရယ် ... အချစ်ဆိုတာကို ငါ မြင်လာပြီဆိုပေမယ့်လည်း [illegible]မ်ကြိမ်ကန်းခဲ့တဲ့ ငါရဲ့လုပ်ရပ်တွေကြောင့် ပြောမထွက်နိုင်သေးပါဘူး

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဆယ့်တစ်)

"မင်းကွာ . . . တစ်ခါတည်း ဖွင့်ပြောလိုက်ရင်ပြီးရော၊ တ
ကိစ္စမှ မင်းက တွန့်ဆုတ် တွန့်ဆုတ်နဲ့"

တိုးမောင်၏စကားအဆုံးမှာ ညီထွေးက သက်ပြင်းချရင်း . . .

"မင်းပြောရင်လည်း ခံရတော့မှာပဲ တိုးမောင်ရာ၊ ချစ်တယ်
စကားကို ရေလဲသုံးခဲ့ပြီးမှ ယွန်းယွန်းကို အဲဒီစကားပြောဖို့ ပါးစပ်က
ကွ"

"ဒါဆိုရင် မင်းက ဘယ်တော့မှ မပြောတော့ဘူးပေါ့၊ ဒီလို
မျက်မှောင်ကြုတ်ရင်း သူရက မေးလာပြန်သည်။

ညီထွေးက . . .

"ပြောတာကတော့ ပြောမှာပေါ့ကွာ၊ ဒါပေမဲ့ . . . သူ
ပြန်လာတဲ့အချိန်ကျမှ ပြောမလားလို့"

. "အဲဒါဆိုရင်လည်း ပြီးရောကွာ၊ ငါ့စိတ်ထင်တော့



www.burmeseclassic.com

www.burmeseclassic.com 

ယွန်းယွန်း လက်ခံမယ်ထင်တာပဲ''

ဒွေးဝင်း၏စကားအဆုံးမှာ ညီထူးက ခပ်ယဲ့ယဲ့ပြုံးရင်း ...

''ငါလည်း အဲဒီလိုပဲ မျှော်လင့်တာပါပဲကွာ''

စကားဝိုင်းလေးက တိတ်ဆိတ်သွားကြသည်။ အတန်ကြာမှ တိုးမောင်က ...

''ညီထူး ... မင်း တကယ်ပဲ လဲ့လဲ့မိုးဦးနဲ့ ပြတ်သွားပြီလား''

''ပြတ်သွားပါပြီကွာ၊ ခု ... ငါ့စိတ်ထဲမှာရှိနေတာ ယွန်းယွန်းတစ်ယောက်ပဲ''

''အေး ... ဘယ်လိုပဲဖြစ်ဖြစ် ကံကောင်းပါစေ ညီထူးရာ''

ညီထူး ခေါင်းကိုပဲ ခပ်လေးလေး ညိတ်ပြလိုက်မိသည်။

■

ည ... တစ်နာရီထိုးလုပြီ။

ညီထူးတစ်ယောက် အိပ်ရာထက် လူးလွန့်ရင်း အိပ်မပျော်နိုင်သေး။ ယွန်းယွန်းကို သတိရစိတ်တွေက ရင်ထဲမှာ ဖိစီးနေ၏။

အိပ်ရာပေါ်လှဲနေရင်း အကြည့်က အခန်းထောင့်မှာ စားပွဲပေါ်သို့ ရောက်သွားသည်။

ဖျတ်ခနဲ သတိရလိုက်မိသည်က ဓာတ်ပုံအယ်လ်ဘမ်ဖြစ်သည်။ လူးလဲထရင်း လှမ်းယူလိုက်၏။

ဖွင့်ကြည့်လိုက်တော့ ...

အယ်လ်ဘမ်ထဲမှာ သူနှင့်ယွန်းယွန်းတို့ ငယ်စဉ်တုန်းက အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com


ရိုက်ထားသည့် ဓာတ်ပုံများ။

တစ်ပုံပြီးတစ်ပုံ ကြည့်ရင်းက ပိုမိုပြင်းပြသည့် သတိရစိတ်တွေနှင့် ညီထူး ဘယ်လိုမှ မနေနိုင်တော့။ ချက်ချင်းပင် ဖုန်းကောက်ကိုင်ကာ ခေါ်လိုက်မိသည်။

"ဟဲလို ... ယွန်းယွန်း"

တစ်ဖက်မှ အိပ်ချင်မူးတူးအသံကြီးဖြင့် ယွန်းယွန်းက ထူးလာ၏။

"ညီထူး ... နင် ဘယ်လိုဖြစ်နေတာလဲဟာ၊ အဲဒီအချိန်ကြီး ဖုန်းဆက်စရာလား"

"အောင်မာ ... ဖုန်းဆက်တာ ဘာဖြစ်လဲ၊ သတိရလို့ပေါ့ဟ၊ ဂျပုမ ... နင် မာန်တက်မနေပါနဲ့"

ယွန်းယွန်း တခစ်ခစ်ရယ်တော့သည်။ ပြီး ...

"ကဲ ... တော်ပါတော့ ညီထူးရယ်၊ ငါ အရမ်းအိပ်ချင်နေလို့ပါ။ ဒါပဲနော်"

'တီ .. တီ'

ဖုန်းချသွားသံအဆုံးမှာတော့ ညီထူး ငိုင်နေမိသည်။ ပြီး ... ဒီညအဖို့ သူ ဘယ်လိုမှ အိပ်လို့ရမည်မဟုတ်မှန်းကိုလည်း ညီထူး သေသေချာချာ နားလည်လိုက်ပါ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဆယ့်နှစ်)

အငြိုးတကြီး ရွာချလိုက်သော မိုးကြောင့် မောင်းနေသောကားကို ယွန်းယွန်း လမ်းဘေးသို့ ရပ်ချလိုက်ရသည်။

မန္တလေးမှာ မိုးက ဒီလောက်သည်းသတဲ့လား။

ကားမှန်ရှေ့မှ ရိုက်ဘာအလုပ်လုပ်နေသည့်တိုင်အောင် မြင်ကွင်းက မိုးစက်တွေကြောင့် တုန်ခါမှုန်ဝါးနေသည်။

ကိုယ့်နေရာဒေသမဟုတ်ဟူသောစိတ်ကြောင့် စိတ်ထဲမှာ စိုးရွံ့လာမိသည်။ အခုလည်း မန္တလေးကုမ္ပဏီခွဲမှ ကားတစ်စီးကို ယူမောင်းလာခဲ့ခြင်းဖြစ်၏။ နာမည်ကြီး ထိုးမုန့်ကို မန္တလေးလက်ဆောင်အဖြစ် သွားဝယ်ပြီး အပြန်မှာ ဖြုန်းစားကြီး ရွာချလိုက်ခြင်းဖြစ်သည်။

အခု ငါ ဘာလုပ်ရမှာလဲ ... ဟူး။

စဉ်းစားရင်းပင် ရုတ်တရက် သတိရလိုက်မိသည်က ညီထူး။

လက်ကိုင်ဖုန်းကိုဖွင့်ကာ ညီထူးဖုန်းကို လှမ်းခေါ်လိုက်သည်။ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ကာ ဝင်သွားပါသည်။ သို့သော် မိုးတအားသည်းနေသည့်ကြောင့်လား မပြော တတ်၊ အသံက သိပ်ကြည်လင်မှုမရှိ၊ ပြတ်တောင်းပြတ်တောင်းဖြစ်နေသည်။

"ညီထူး ကြားလား"

"အေး ... ကြားတယ်၊ ကြားတယ် ... ပြော ယွန်းယွန်း၊ နင် ဘာဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ပါဘူး၊ အခု ... မန္တလေးမှာ မိုးတွေ တအားရွာ နေတယ်ဟာ၊ ငါ ကားမောင်းလာရင်း မိုးမိပြီး ဘယ်လိုမှ မောင်းမရတော့လို့"

"ဟဲလို ... ဟဲလို ... ယွန်းယွန်း"

ဖုန်းလိုင်း ပြတ်တောက်သွားခြင်းဖြစ်သည်။ ယွန်းယွန်း ထပ်ကာ ခေါ်ကြည့်သော်လည်း မရတော့၊ မိုးကတော့ အဆက်မပြတ်ရွာသွန်းနေဆဲ။

ထိုစဉ် ... မီးထိုးပြီးမောင်းလာသော ကားတစ်စီးက နံဘေးမှာ ထိုးရပ်လိုက်ကာ ...

"ညီမလေး ... ဘာဖြစ်နေတာလဲ၊ ကားပျက်နေတာလား"

"ဟင့်အင်း ... မိုးက တအားရွာနေတော့ ကြောက်လို့"

စကားသံအဆုံးမှာ ရုပ်ရည်သန့်သန့် လူတစ်ဦးက ကားပေါ်မှဆင်း ကာ ယွန်းယွန်း၏ကားဆီသို့ ပြေးဆင်းလာလေ၏။

■

ဘယ်လိုမှ ပြန်ခေါ်၍မရသည့် ဖုန်းကြောင့် ညီထူး ဒေါသတကြီး ဖြင့် ဖုန်းကို အိပ်ရာထက်သို့ ပစ်ပေါက်လိုက်ရင်း ...

"တောက်!"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(ဆယ့်ထုံး)

ရုတ်တရက် ဖုန်းမြည်လာသံကြောင့် ညီထူး လန့်သွားမိသည်။ ...ာက်ကိုင်ကာ နံပါတ်ကြည့်လိုက်တော့ ယွန်းယွန်းဆီမှ။

ဟိုတစ်ခါ ဆက်ပြီးကတည်းက ခေါ်ရတာ အဆင်မပြေ၍ မဆက်...ဖြစ်တာပင် တစ်ပတ်လောက်ရှိနေပြီ။

အခုလည်း ယွန်းယွန်း ဆက်လာသဖြင့် ညီထူးက ဝမ်းသာအားရ...င် ...

"ယွန်းယွန်း ပြော ... နင် ဘယ်နေ့ပြန်လာမှာလဲ"

တစ်ဖက်မှ တခစ်ခစ်ရယ်သံကို အရင်ကြားလိုက်ရသည်။ ပြီး ...ကားသံက ...

"ညီထူးရယ် ... ငါ ပြန်ရောက်နေပါပြီဟာ၊ အိမ်ချင်းကပ်နေတာ...တောင် နင်မသိဘူးလား"

"ဟေ ... အဲဒါဆို ငါ အခု လာခဲ့မယ်လေ၊ ငါ ... နင့်ကို အရမ်း



www.burmeseclassic.com

www.burmeseclassic.com

တွေ့ချင်နေတာ သိလား''

''အေးပါ၊ ငါလည်း နင်နဲ့ တွေ့ချင်နေတာပါ၊ ဒါပေမဲ့ . . . အေး

တော့ နင်မလာနဲ့ဦး၊ ငါ မအားသေးဘူး၊ ညနေခြောက်နာရီလောက်ကျ

နင် (. . .) ဆိုင်ကို လာခဲ့လေ၊ အေးအေးဆေးဆေး တွေ့ကြတာပေါ့''

''အေး . . . အေး''

ညီထူး ဖုန်းချလိုက်သည်။ ပြီး . . . အလွန်အမင်း တက်ကြွစွာဖြ

ညနေဝတ်ရမည့် အဝတ်အစားတွေကို ရွေးချယ်နေမိသည်။

''အင်း . . . ဘာတွေဘယ်လိုဖြစ်ဖြစ် ဒီညနေကတော့ ကိုယ်

တကယ်ချစ်တဲ့ ကောင်မလေးနဲ့ တွေ့ရမှာလေ''

အမှန်အတိုင်းပြောလျှင် ညီထူး မခုန်စဖူး ရင်တွေ ထူးထူးခြားခြာ

ခုန်နေလေသည်။

■

ညနေပိုင်းရောက်တော့ ချိန်းဆိုထားသည့်ဆိုင်သို့ ညီထူး အချိန်

အတိအကျရောက်သွားပါသည်။ သူ အရမ်းတွေ့ချင်နေသော ယွန်းယွန်းကို

လည်း တွေ့ပါ၏။

သို့သော် ယွန်းယွန်းက တစ်ယောက်တည်း မဟုတ်၊ တခြားအမျိုး

သားတစ်ယောက်နှင့်အတူ ထိုင်နေခြင်းဖြစ်သည်။

ထိုမြင်ကွင်းကြောင့် ညီထူး မျက်လုံးတွေပြာကာ တစ်ကိုယ်လုံး

ထူပူသွားရ၏။

ညီထူးကို မြင်မြင်ချင်း ယွန်းယွန်းက ထိုင်နေရာမှ ထလာကာ . .


www.burmeseclassic.com

www.burmeseclassic.com



"ညီထူး . . . လာလေဟာ၊ ဘာဖြစ်လို့ ရပ်နေတာလဲ"

"ဪ . . . အေး အေး"

ထိုအချိန်ကျမှ သတိဝင်လာပြီး ဟန်မပျက် ဝင်ထိုင်လိုက်၏။

ယွန်းယွန်းက ရှက်တက်တက်အမူအရာနှင့် ညီထူးကိုကြည့်ရင်း . .

"ညီထူး . . . ဒါက ကိုမြင့်ဦးတင်တဲ့ . . . မန္တလေးကပဲ"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်"

ညီထူးက သွက်သွက်လက်လက်ပဲ လက်ကမ်း နှုတ်ဆက်လိုက်သည်။ တစ်ဖက်မှ မြင့်ဦးတင်ဆိုသူက လက်ပြန်ဆွဲ၍ နှုတ်ဆက်လာပြီး . .

"အေးဗျာ . . . ကျွန်တော်လည်း ဝမ်းသာပါတယ်၊ နေခြည်ပြော ထားလို့တော့ ကိုညီထူးအကြောင်းတွေ တော်တော်လေး သိထားတယ်ဗျ"

ညီထူး မသိမသာမျက်မှောင်ကြုတ်လိုက်မိသည်။ ခေါင်းထဲမှာလည်း မေးခွန်းတွေ စီဝေသွားရ၏။

ဒီငနဲက ယွန်းယွန်းကိုခေါ်တာများ နေခြည်ဆိုပါလား။

ဘယ်လိုများ ပတ်သက်နေလို့လဲ။ ပြီးတော့ ယွန်းယွန်းက ငါ့အကြောင်းတွေကိုတောင် ပြောထားတယ်တဲ့။

စဉ်းစားရင်းပင် ညီထူးက ယွန်းယွန်းကိုကြည့်၍ . . .

"ယွန်းယွန်း . . . နင် ငါ့အကြောင်း ဘာတွေပြောထားတာလဲ၊ ပြီးတော့ . . . သူက"

စကားပင် မဆုံးလိုက်။ ယွန်းယွန်းက လက်ကာပြရင်း . . .

"ခဏနေပါဦး ညီထူးရယ် . . . ငါ ပြောပြပါ့မယ်၊ ငါ ကိုမြင့်ဦးတင် ကို ပြောပြထားတယ်ဆိုတာက နင့်ဟာ ငါ့ရဲ့အခင်ဆုံးသူငယ်ချင်းဆိုတာ ရယ်၊ ပြီးတော့ နင် ရည်းစားများတယ်ဆိုတဲ့အကြောင်းလေးတွေပါ . . . အဲ"



www.burmeseclassic.com

www.burmeseclassic.com


စကားကို ဖြတ်ထားလိုက်ပြီးမှ ယွန်းယွန်းက မြင့်ဦးတင်ကို တစ်ချက်ကြည့်လိုက်သေးသည်။ ပြီး …

"ညီထူး … ကိုမြင့်ဦးတင်နဲ့ငါက မကြာခင် လက်ထပ်တော့မှာဟ"

"ဘာ"

ရင်ထဲမှာ မီးတောင်တစ်လုံး ပေါက်ကွဲသွားသလို ခံစားလိုက်ရ၏။ တုန်တုန်လှုပ်လှုပ်ဖြစ်သွားသော ညီထူး၏ပုံစံကိုကြည့်ကာ ယွန်းယွန်းက ရယ်ရင်း …

"ဘာလဲ … နင် အံ့သြသွားတာလား။ နင့်ကို အဲဒီလိုဖြစ်အောင်လို့ ဒီဆိုင်မှာ တမင်ခေါ်ပြောလိုက်တာ၊ သိပြီလား"

ယွန်းယွန်း စကားအဆုံးမှာ မြင့်ဦးတင်ဆိုသူကလည်း …

"ဟုတ်တယ်ဗျ။ ကျွန်တော်နဲ့ နေခြည်က မန္တလေးမှာ မိုးတွေ တအားရွာတဲ့နေ့က ဆုံတာလေ၊ အဲဒီနေ့က အရမ်းရွာလို့ သူ ကားရပ်ပြီး ကြောက်နေတဲ့အချိန်မှာ ကူညီရင်း ခင်သွားတာကနေ … … …

… … … … … … … … … … … … … …

… … … …"

ဆက်ပြောလာသည့်စကားတွေကို ညီထူး မကြားနိုင်တော့။ ယွန်းယွန်းကို လက်လွှတ်လိုက်ရပြီဆိုသောအသိဖြင့် ရင်ထဲမှာ ဝမ်းနည်းကြေကွဲမှုတွေက ဖိစီးကျလာသည်။

နှမြောတသစိတ်နှင့် ငယ်သူငယ်ချင်းလေး၏မျက်နှာအား တရှိုက်မက်မက်ကြည့်မိပြီး …

ထိုင်ရာမှ ညီထူး ထရပ်လိုက်သည်။

"ယွန်းယွန်း … ငါ ပြန်တော့မယ်ဟာ၊ ချိန်းထားတာလေးတစ်ခု ရှိလို့၊ နောက်မှ ဆုံကြတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ယွန်းယွန်းက နားမလည်သောအမူအရာနှင့် လိုက်ကြည့်ရင်း ...

"ဟဲ့ ညီထူး ... ဘယ်လိုဖြစ်တာလဲ၊ တစ်ခုခုတောင် စားမသွားဘူး။ ဘာလဲ ... ရည်းစားအသစ်နဲ့ ချိန်းထားလို့လား"

စကားသံအဆုံးမှာ ရယ်သံပါးပါးကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။ ညီထူး လှည့်မကြည့်ဖြစ်တော့။

စိတ်ထဲမှာတော့ နာနာကျင်ကျင် တွေးလိုက်မိသည်။

ဂျပုမရယ် ... ငါ့ဘဝမှာ နောက်ထပ်ရည်းစားဆိုတာ ရှိမလာနိုင်တော့ပါဘူးဟာ။

အိပ်မက်ဆိုးတစ်ခုက သူ့နောက်ကျောမှာ ကပ်ပါလာပြီဆိုတာကိုသည်း ညီထူး ကောင်းကောင်းကြီး နားလည်လိုက်ပါတော့သည်။

■

အိမ်ပြန်ရောက်တော့ ...

ငယ်ဘဝက အကြောင်းအရာတွေကို စဉ်းစားရင်း ...

အမှတ်တရဓာတ်ပုံတွေကိုကြည့်ရင်း ...

ယွန်းယွန်းအပေါ် သူ အနိုင်ကျင့်ဆိုးနွဲ့ခဲ့သည်များကို ပြန်ကာ စဉ်းစားရင်း ...

ညီထူးတစ်ယောက် ပြန်မရနိုင်တော့သည့် အတိတ်တွေနှင့် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

(၁)

အတိတ်ဆိုတာ
မျက်စိတစ်မှိတ်အတွင်းမှာ
ပြန်မြင်လာတတ်တဲ့ညမျိုး
ငါ့ကိုယ်ပေါ်ကိုလည်း
ခြေရာတွေလို ထွားတက်လာတတ်တယ်။

ခဏာခဏာပါပဲ ...
ပြန်မဆုံနိုင်တော့ဘူးဆိုတာ
မာရ်နတ်ရဲ့လက်နဲ့ ဖြည့်စွက်ခဲ့တဲ့အလား
အကြိမ်ကြိမ်ပြန်စဉ်းစားတိုင်း
သက်ပြင်းတွေ ရှိဝေမှုန်မှိုင်းလာတတ်တာ
ကံကိုလည်း အပြစ်မတင်ရက်ပြန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



(၂)

တိမ်တွေဖြာခဲ့ပြီ ...

လှပခြင်းကျောင်းဆောက်ဖို့လည်း

ငါတို့တွေ ပါရမီပါးခဲ့ရပြီ။

ဒါပါပဲ ...

ညှိလို့မရတဲ့ကြိုးမှာ

ပြာမှုန်တွေအလိမ်းလိမ်းနဲ့

မီးတောက်တွေက ယိမ်းခဲ့လေတော့

ကိုယ့်ကိုယ်ကိုယ် သတ်လိမ်းဖို့လည်း

သွေးစိမ်းတွေက အခန်းဆက်နဲ့လေ။

ယုံကြည်ရာရှာဖွေရင်း

ငါဟာ ဆူးပုံနင်းခဲ့မိတဲ့ကောင်ပါ။

ပြဇာတ်တစ်ပုဒ်လို

ငါ့ကိုယ်ငါ ရုံသွင်းပြီး

ရုန်းထွက်မရတဲ့ကောင်ပါ။

ဒါပဲလားဆိုတော့

ရေကြည်လာမှာကို မျှော်လင့်ရင်းနဲ့

မြက်နကိုတော့ ပြက္ခဒိန်ထဲ ရှာမတွေ့ခဲ့ပြန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

(၃)

ဆိုခဲ့ဝေ မြဲ့ဝေ

ချစ်တယ်

ဟောဒီသံသရာထဲ ကမ္ဘာပျောက်မယ့်နေ့မှာမှ

မင်းစိတ်နဲ့ အိပ်စက်မယ့်ကောင်ပါ။

ချစ်သူတစ်ယောက်ရဲ့ ဝိုးတဝါးကို

သေချာတဲ့ဘာသာရပ်မှန်း

ကောင်းကင်က လျှပ်ပန်းလက်တယ်။

အစနဲ့အဆုံး

ရာဇဝင်တန်ခိုလုံးလည်း

တောက်ပခြင်းတွေ နီးစုန်းမြှုပ်ခဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

(၄)

ပီတိတွေ ဖြာတဲ့အခါ ဖြာမယ်

ဒီအသိမှာ ဆာတဲ့အခါဆာမယ်

ဒါပေမဲ့

အဲဒီမီးတစ်ရှူပဲ ငါယုံကြည်ခဲ့မိတာပါ။

လူ့'အနှ'ရဲ့ ဖြစ်စဉ်တွေကိုပဲ ညီး

ပြာမှုန်လွင့်ယူကြပြီး

ငါ ယုံကြည်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

(၅)

အခြေအနေမပီသလို့
တောလေပီသစွာပဲ ငါနေချင်နေမယ်။
နင့်အပေါ် ယုံကြည်ချက်ကတော့
တစ်စက်ကလေးမှ မယိုဖိတ်ခဲ့ပါဘူး။
အားလုံးကို အဲဒီစိတ်နဲ့ သွေးတိတ်စေခဲ့တာ။
ငါ့ကိုယ်ပေါ်က ဒဏ်ရာတွေလည်း
စံပယ်တွေတုံးမှ လုံးလုံးပျောက်တော့မှာလေ။
ဒါပေမဲ့
နောက်ဆုံးမင်းအကြည့်ကတော့
'သစ္စာ' ကို 'တဏှာ' က ကြောက်ခဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

(၆)

ခေါင်းလောင်းသံတွေ ချိုတုန်းကတော့
ငါတို့ရဲ့အတိတ်တစ်ဒေသမှာ
ရယ်သံတွေ ပိုခဲ့ကြတယ်။
ကျောင်းတော်ဟာ စိမ်းစိုပြီး
ငါတို့နှစ်ယောက်လည်း
အဖြူနဲ့အစိမ်း လိမ်းခဲ့တာပေါ့။

ငါလိုကောင်အတွက်
ရှုတ်တရက် မီးပြတ်တဲ့ညတွေဆို နင်က လင်းလွင့်
အသည်းတွေ ရင့်ခဲ့ရပြီနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၇)

မယုံချင်ဘူး —
ဒီလောက် အချိန်ကို ကောင်းကြွက်ငြီ
နှင်းရှေ့ကို ရောက်ခဲ့တယ်ဆေ
ငါ့ရဲ့ဒေသတမ်းစောင်
အဲဒီတုန်းကပဲ ရေးသင့်ခဲ့
မှန်တိုင်းသင့်မှ နားလည်ခဲ့

မေ့သွားနာ
အရှုးတစ်ယောက် နှင်းဆီရှုတဲ့အကြိမ်
နှင် ...မေ့သွား
အရှာနိုးထက် ...
ဂါထာတစ်ပုဒ်နဲ့ နှင် ...ဖျော်ခဲ့တာ
ငါ့ရဲ့ စုံလုံးကန်းမတ



www.burmeseclassic.com

www.burmeseclassic.com

(၁)

နှင်းနီးတွေတာလုံလုံ
ငါ့မှာ ညည်းတွားရတယ်။
ဆောင်းကြီးမြှုပ်တဲ့ညတွေဆိုလည်း
ငါ့မှာ အိမ်းဆေးချပ်ရှုမြန်တယ်။
အမြှောက်ရှင် ရင်ပြင်ပေါ်မှာ
ပန်းနိုးဖို့
ငါဟာ အတောမသတ်လည်း တိမ်းခဲ့ရတယ်။

ငါ့ဆိုတဲ့ကောင်က ...
အတိတ်ကို နိုစီးပြီး
အနိုင်ကို ငိုနိုးစေခဲ့တာလား
တန့်အင်း ...
အဲဒီအိတ်နဲ့ဆိုင်
"တသျှိုတော်အရှင်မိတ်ဆန့်ပေါ်ပြောကြား"
အဲဒီလိုလည်း ရုရောင်းရှုခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

(၉)

လူမသိ၊ လူမရှိတဲ့အရပ်ကိုသွားပြီး
နှင့်ကိုချစ်တယ်လို့ အော်ချင်တာ
နှင်မကြားစေချင်လို့ပါ။

လွင်တီးခေါင်မှာမှ
မိုးကိုမျှော်ငေးမိတဲ့
ငှါလိုအမိုက်ဇာနဲ့ဆိုးမျိုး
မရှိနိုင်တော့ဘူးထင်ရဲ့နော်...။



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

အဝေးကိုပြေးမှ
သတိရစိတ်ဟာ ပိုမိုနီးကပ်လာရဲ့
ငါရွေးချယ်ခဲ့တဲ့ပန်းဟာလည်း
ချိုမြိန်တဲ့ ဧရာလမ်းဖြစ်ခဲ့ရပြီ။

ငါ … မသွားခဲ့ဘူး။
နင် … မလာခဲ့ဘူး။
ငါတို့ တိတ်ဆိတ်နေလိုက်ရင်တော [illegible]
ဒီဇာတ်လမ်းက မီးမှိန်မှာတဲ့လား [illegible]



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ငါ ...မသိစိတ်နဲ့တိုးမိရဲ့
နင် ...သိစိတ်နဲ့ စွန့်မိရဲ့
နှလုံးသားလမ်းကြောင်းမှာ
နှစ်ယောက်စလုံး ကျွန်းခံမနေတော့လည်း
ရိုင်းမိလိုက်ကြရဲ့ပေါ့
ငါတို့တွေ မိုက်လုံးကြီးခဲ့တာလေ။

ငါ့အတွက် ကြည်နူးစွာကြောက်ရွံ့နေရသလို
နင်
ကြောက်ရွံ့စွာ ကြည်နူးနေရတယ်
မစာနိပါဘူးကွယ် ...
ဒီစိတ်တွေကို ပဲခွပ်နဲ့ ခုတ်လည်း
မျိုးမတုံးသွားတာက ခက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ဘယ်အထိလဲ ...
မျိုးစေ့ချခဲ့တဲ့မေတ္တာ
အညွန့်တလူလူထွက်လာခဲ့ပြီ။
လှိုက်မောခုန်ရီခဲ့ကြတဲ့ညတွေကို
သက်ပြင်းတွေ အစားထိုး
ငါတို့ ...မျိုချနိုင်ပါ့မလား ... လို့။

သတိမရလို့မဟုတ်ဘူးနော်။
လင်းပခဲ့တဲ့နေ့တွေဆိုတာ
ငါ့အတွက် ရှားပါးသက်တမ်းတစ်ခုပါ။
ဒီခေတ်မှာ လူ့အခြေအနေကိုပဲ
နှင့်တစ်ယောက်အတွက်နဲ့ ငါ ကျေးဇူးတင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

အချစ်ကန်းနေသူတစ်ယောက်အတွင်

အမှားသချို်တစ်ပုဒ်

နှင် —

မင်နီတွေ သုတ်သွားရင်တောင်

လွှမ်းစိမ့်စိမ့်စိမ့်

ငါ အောင်မှတ်တော့ ရချင်သေးတယ်

အောင်မှတ်တော့ —

ရ … ချင် … သေး … တယ် … ဟာ —

… …. …. … … … … … … … —

… …. …. … … … … … … … —

… …. …. … … … … … … … —

… …. …. … … … … … … … —



www.burmeseclassic.com

www.burmeseclassic.com

အခန်း (ဆယ့်လေး)

"ဘာ . . . ဘာပြောတယ် ညီထူး၊ ယွန်းယွန်းက လက်ထပ်တော့မယ်ဟုတ်လား"

တိုးမောင်၏အံ့ဩတကြီးမေးသံအဆုံးမှာတော့ ညီထူး ခပ်ယဲ့ယဲ့လေးပဲ ခေါင်းညိတ်ပြနိုင်တော့သည်။

ငွေဝင်းကလည်း မယုံကြည်နိုင်သော မျက်ဝန်းတွေဖြင့် . . .

"ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ ညီထူးရာ၊ ယွန်းယွန်း ခုလက်ထပ်မယ့်သူဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ"

ညီထူးက ပင့်သက်ကိုရှိုက်လိုက်ရင်း . . .

"နာမည်က မြင့်ဦးတင်တဲ့၊ မန္တလေးကိုသွားတုန်းက တွေ့လာတယ်လို့ ပြောတာပဲ"

"ဟာကွာ . . . ဒီလောက်တောင် မြန်ရသလားကွ"

သူရ ဖြတ်မေးလိုက်သံအဆုံးမှာ ညီထူးကပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သူရ၊ အဲဒီလူက မင်းမျိုးမင်းနွယ်တဲ့ကွာ၊ မျိုးရိုးစဉ်ဆက်လည်း ချမ်းသာတယ်၊ ယွန်းယွန်းနဲ့ခင်မင်ပြီးနောက်ပိုင်းမှာ လက်ထပ်ခွင့်တောင်းလာတယ်၊ ယွန်းယွန်းကလည်း လက်ထပ်သင့်တယ်လို့ ယူဆပြီး သက်ခံလိုက်တာတဲ့"

"ဒါဆို မင်း ယွန်းယွန်းကိုချစ်နေတယ်ဆိုတဲ့အကြောင်းတွေ မပြောပြတော့ဘူးလား"

ညီထူး ခပ်လေးလေးပဲ ခေါင်းခါလိုက်သည်။

"မပြောတော့ပါဘူးကွာ၊ ပြောခွင့်မှမရှိတော့တာပဲ၊ အခုတောင်သူ့ကို ငါ ကတိပေးထားတဲ့ကိစ္စတစ်ခု လုပ်ပေးရတော့မယ်"

"ဟော ... ဘာများလဲကွ"

"ငါ ... လဲ့လဲ့မိုးဦးကို လိုက်တုန်းက သူ့ဆီက အကူအညီတစ်ခုတောင်းခဲ့တယ်၊ အဲဒီအတွက် သူတောင်းတာတစ်ခုကိုလည်း ငါ ပြန်ပေးဖို့ကတိပေးခဲ့တယ်၊ ကတိဆိုတာထက် စာချုပ်တောင် ချုပ်ထားခဲ့တာ"

"ထားပါတော့ ... ခု သူတောင်းဆိုတာက"

တိုးမောင်စကားအဆုံးမှာ ညီထူးက ခေါင်းငိုက်စိုက်ချလိုက်ရင်း–

"သူ ... သူတောင်းဆိုတာက မနက်လေးမှာလုပ်မယ့် သူ့မင်္ဂလာပွဲမှာ ငါက သတို့သားအရန်လုပ်ပေးရမယ်တဲ့ကွာ"

"ဟာ"

"ညီထူး ... ညီထူး ... ဒီကိစ္စတော့ မဖြစ်သင့်ပါဘူးကွာ"

"ဟုတ်တယ် ... ဟော့ကောင်၊ ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ်ကွာ၊ အဲဒီကိစ္စကို မင်း ငြင်းလိုက်၊ ပြီးရင် ... ယွန်းယွန်းကို မင်းချစ်တယ်ဆိုတဲ့အကြောင်းကိုတော့ ပြောပြလိုက်သင့်တယ်"

ညီထူး အားမရှိတော့သည့်ပုံစံဖြင့် ခေါင်းထပ်ခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"တော်ပါပြီကွာ၊ အားလုံးလွန်ကုန်ပြီပဲ၊ ငါ့အတွက် နောင်တဆိုတဲ့ ဆုလဒ်က ထိုက်တန်ပါတယ်၊ တကဲ ိတော့ ငါဟာ တိုးမောင်ပြောခဲ့သလို အချစ်ဆိုတာကို မမြင်ဘဲ ကန်းနေတဲ့ကောင်ပါကွာ"

"ညီထူးရာ"

မချင့်မရဲလေသံနှင့် တိုးမောင်က ညည်းလိုက်သည်။

ဌေးဝင်းကလည်း

"ဒါဆို ... မင်း အခု ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ ညီထူး"

ညီထူးက ...

"ဘာဆက်လုပ်ရဦးမှာလဲ၊ အဲဒီ မြင့်ဦးတင်ဆိုတဲ့လူက ယွန်းယွန်းရဲ့ မိဘတွေနဲ့တောင် တွေ့ပြီးသွားပြီ၊ လာမယ့်အပတ် မန္တလေးမှာ မင်္ဂလာဆောင်ရင် ငါ လိုက်သွားပြီး သတို့သားအရန် လုပ်ပေးရုံပေါ့"

"ဟာ ညီထူး ... ဒီတစ်ခါ မင်း တကယ်ခံစားရမှာနော်"

"ယွန်းယွန်းကို ပြောဖြစ်အောင်တော့ ပြောကွာ"

"ဟုတ်တယ် ပေ့ကောင်၊ မင်းနဲ့ ယွန်းယွန်းနဲ့ကြားထဲမှာ ငယ်သံယောဇဉ်တွေဆိုတာက အကြီးကြီးပဲလေ၊ ပြီးတော့ ... မင်းကို ယွန်းယွန်း ချစ်နေတယ်ဆိုတာ ငါတို့ အစောကြီးကတည်းက သိနေတာပဲ၊ မင်း ဖွင့်ပြော လိုက်ရင် ယွန်းယွန်း စိတ်ပြောင်းသွားမှာပါကွ"

ညီထူး မချိပြုံးလေး ပြုံးလိုက်သည်။ ပြီး ...

"မင်းတို့ရဲ့စေတနာကို နားလည်ပါတယ်ကွာ၊ ဒါပေမဲ့ ... အချစ်ဆို တာထက် သူ့ဘဝအတွက် ရွေးချယ်မှုကို ငါ လက်ခံပေးရမှာပေါ့"

စကားအဆုံးမှာ တိုးမောင်က စူးစူးစိုက်စိုက်ကြည့်လာရင်း ...

"အေးပါကွာ၊ မင်း ဒီအချိန်မှာ ဒီစိတ်ထားနိုင်တာကိုတော့ ငါ လေးစားပါတယ်၊ ဒါပေမဲ့ ..."


www.burmeseclassic.com

www.burmeseclassic.com



စကားကို ဖြတ်ထားလိုက်ပြီးမှ တိုးမောင်က သက်ပြင်းချကာ ဆက်၍ ...

"ဒါပေမဲ့ ... ညီထူး မင်း ယွန်းယွန်းကို တကယ်ဆုံးရှုံးရတော့မယ်ဆိုတဲ့အချိန် မရောက်လာသေးလို့ပါကွာ။ ခုနက မင်းရေးထားတဲ့ ကဗျာလိုပေါ့ ... အောင်မှတ်ရချင်တဲ့စိတ် ဖြစ်လာဦးမှာပဲ"

"ဟုတ်တယ် ညီထူး၊ မင်း တကယ်စွန့်လွှတ်နိုင်တဲ့စိတ် မရှိရင် အဲဒီမင်္ဂလာပွဲကို လိုက်မသွားနဲ့ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ မင်း မခံစားနိုင်မှာစိုးလို့ပဲ"

လှိုက်လှိုက်ခါခါ ပြောလိုက်သည့် ဒွေးဝင်းစကားအဆုံးမှာတော့ ညီထူးက အဝေးကို ရီဝေဝေကြည့်လျက် ...

"ခံစားနိုင်ရမှာပေါ့ကွာ၊ သူ ... ငါ့ဆီက ဒီတစ်ခါလေးပဲ တောင်းဆိုတာကို ငါ လုပ်ပေးနိုင်တာ ငါ့အတွက် အောင်မှတ်ပဲပေါ့၊ အဲဒီအောင်မှတ်ဆိုတာဟာလည်း ငါ့အတွက် လွမ်းနေခွင့်ပဲလေ"

"အေးလေ ... အဲဒီအချိန်ကို၊ အဲဒီအခြေအနေကို မင်း ရင်ဆိုင်နိုင်ပါစေ၊ လက်ခံနိုင်ပါစေလို့ပဲ ငါတို့ ဆုတောင်းနေပါ့မယ် သူငယ်ချင်းရာ"

ညီထူး ဘာမှပြန်မပြောနိုင်တော့။ အဝေးကိုပဲ ကြည့်နေမိသေးသည်။ လေ့အဝှေ့မှာ ကြွေကျနေသော သစ်ရွက်ခြောက်တွေကိုကြည့်ရင်း ရင်ထဲမှာလည်း တစ်ခုတစ်ခုပဲ့ကြွေကျသွားသလို ဟာင်းလင်းဖြစ်နေတော့၏။

ထိုအရာကိုတော့ ညီထူးက 'အချစ်' ဟု တစ်ကိုယ်စာ ရှိုးစွပ်လိုက်လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတလေ ပြန်လည်သင်ကြားခွင့် မရနိုင်တော့သည့် အရာတွေထဲမှာ 'အချစ်' ဆိုသောဘာသာရပ်လည်း ပါဝင်နေသည် မဟုတ်ပါလား။

မနက်ဖြန်တွေကို ခါးစည်းရင်ဆိုင်နိုင်ဖို့အတွက် ညီထူးမျက်လုံးစုံမှိတ်ကာ အသက်ဝဝရှူရင်း အားယူလိုက်မိလေသည်။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဆယ့်ငါး)

ယခုတစ်ခေါက် ရောက်လာရသော မန္တလေးမြို့သည် ညီထူးအား ဝမ်းနည်းကြေကွဲမှုတွေနှင့် ဆီးကြိုနှုတ်ဆက်နေသည်။ ယွန်းယွန်းလိပ်စာ ပြောထားသည့် ဟိုတယ်ရှေ့မှာ ကားထိုးရပ်လိုက်ချိန်မှာတော့ တစ်ကိုယ်လုံး အားမရှိတော့သလို ခံစားလိုက်ရ၏။

ဒီခရီးသည် သူ့နှလုံးသားကို ကိုယ်တိုင်လာရောက်လက်ဖွဲ့လိုက် ရသည့်ခရီး။ 'အချစ်' ဆိုသည့်စိတ်ကို ဒီနေရာမှာမှ မြှုပ်နှံသင်္ဂြိုဟ်လိုက်ရ သောခရီး ...။

တစ်ဘဝစာတည်ချင်သော ကတိတစ်ခုကြောင့်သာ လာခဲ့ရသည်။ အပြန်ခရီးကို ကြိုတွေးကြည့်လျှင် အရာအားလုံး မှုန်ဝါးနေသလို၊ အဓိပ္ပာယ် မရှိတော့သလို ညီထူး ခံစားနေရ၏။

မည်သို့ပင်ဖြစ်စေ ...

အားတင်း၍လာခဲ့ရသော ခရီးတစ်ခုကတော့ ရောက်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီဟိုတယ်မှာ . . .

ယွန်းယွန်းနှင့်မြင့်ဦးတင်တို့ရဲ့နှစ်ဖက်မိဘတွေလည်း ရှိနေကြမည်။ ပြီး . . . နှစ်ဖက်သော အသိုင်းအဝိုင်းဆွေမျိုးတွေလည်း ရှိနေကြမည်တဲ့လေ။ နောက်ဆုံး မင်္ဂလာညစာစားပွဲကျင်းပမည်ကလည်း ဒီဟိုတယ်ပင်။

ဟိုတယ်အတွင်းထဲသို့ရောက်ရောက်ချင်း ယွန်းယွန်းဆီ ဖုန်းလှမ်းဆက်လိုက်၏။

"ယွန်းယွန်း . . . ငါ ဟိုတယ်ထဲကို ရောက်နေပြီ နင် ဘယ်မှာလဲ"

"အေး . . . အေး . . . ငါ ဆင်းလာခဲ့မယ်၊ အောက်ကပဲ စောင့်နေ . . . သိလား"

ဖုန်းချပြီး သိပ်မကြာလိုက်ပါ။ ယွန်းယွန်းနှင့်မြင့်ဦးတင်တို့နှစ်ယောက်သား ရောက်လာပါသည်။

တွေ့တွေ့ချင်း ယွန်းယွန်းက သော့တစ်ချောင်းကို လှမ်းပေးရင်း

"ရော့ ညီထူး . . . ဒါ နင် တည်းရမယ့်အခန်းသော့ပဲ၊ ခရီးပန်းလာရင် သွားနားလိုက်လေ၊ ညနေမှ တွေ့ကြတာပေါ့"

ညီထူးက . . .

"နားတော့ နားမှာပေါ့ဟာ၊ ဒါနဲ့ ဒီမှာ ငါ ဘာလုပ်ပေးစရာရှိသေးလဲ၊ အားမနာနဲ့နော် ဂျပုမ၊ အဲ . . . ယွန်းယွန်း"

စကားအဆုံးမှာ ယွန်းယွန်းက ရယ်လျက် . . .

"ဘာမှအားမနာပါဘူးဟာ၊ ကိုမြင့်ဦးတင်တို့ဘက်က အားလုံးစီစဉ်ထားပြီးပါပြီ၊ သနဲ့ဘက်ခါပဲ မင်္ဂလာဆောင်တော့မယ့်ဟာကို၊ ဩော် . . . ဒါနဲ့ နင်ဝတ်ရမယ့်အဝတ်အစားကို ပြီးမှ ငါ ပို့ခိုင်းလိုက်မယ်၊ သွားနားလိုက်တော့"

"အေးလေ . . . ဒါဆိုလည်း ပြီးတာပဲ"

ယွန်းယွန်းကို တစ်ချက်စိုက်ကြည့်ပြီး ညီထူးလှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူနေရည့်အခန်းထဲရောက်တော့ ဘာမှမစဉ်းစားချင်တော့ဘဲ ခြေပစ်လက်ပစ် လှဲအိပ်ချလိုက်မိ၏။

တစ်ညလုံး မအိပ်ဘဲ ကားမောင်းလာရသည့်ဒဏ်တွေကြောင့် ညီထူး မကြာခင်မှာပဲ အိပ်ပျော်သွားရလေသည်။

■

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိ။ ဖုန်းမြည်သံကြောင့် ညီထူး လန့်နိုးလာရသည်။ အချိန်ကြည့်လိုက်တော့ ညနေငါးနာရီကိုပင် ငွေ့ငွေ့လေးစွန်းနေပြီ။

ဖုန်းကိုင်လိုက်တော့ ယွန်းယွန်းက ...

"ညီထူး နိုးနေပြီလား"

"အေး ... နိုးနေပါပြီ၊ ငါ တော်တော်ကြာကြာ အိပ်ပျော်သွားတာပဲ"

ပြောရင်း ညီထူးက ဝါးခနဲသန်းလိုက်မိ၏။ ယွန်းယွန်းက ခပ်လွင်လွင်လေးရယ်ရင်း ...

"ပြီးရော ... ဒေသြာ် ရေမိုးချိုးပြီးရင် ဆင်းခဲ့လေ၊ ငါတို့ စားသောက်ခန်းမှာ စောင့်နေမယ် ... သိလား"

"အေး ... အေး ... ခဏနေရင် ငါ ရောက်ပါပြီ"

ရေမိုးချိုးပြီး၍ အဝတ်အစားလဲနေချိန်မှာပဲ ဖုန်းထဲသို့ message တစ်စောင် ဝင်လာသည်။ ကြည့်လိုက်တော့ တိုးမောင်ထံမှ ...

ပို့ထားသည့် စာသားတွေကတော့ ...


www.burmeseclassic.com

www.burmeseclassic.com

"ညီထူး . . . အချိန်တွေ တအားမလွန်ခင် ဖွင့်ပြောလိုက်ပါလို့ အကြံထပ်ပေးချင်တယ် သူငယ်ချင်းရာ"

message ဖတ်ပြီးချိန်မှာတော့ ညီထူး ပင့်သက်ကို လေးလေးပင်ပင်ကြီး ရှိုက်လိုက်မိသည်။

■

စားသောက်ခန်းထဲသို့ရောက်ရောက်ချင်း အဝမှာ ယွန်းယွန်းက အသင့်စောင့်နေသည်။ တွေ့တွေ့ချင်း ညီထူးကို ပြုံးပြကာ . . .

"ညီထူး . . . လာ . . . အထဲမှာကတော့ ငါတို့အမျိုးတွေနဲ့ ကိုမြင့်ဦးတင်တို့ အမျိုးတွေချည်းပဲ၊ မိတ်ဆက်ပေးမယ်လေ"

"ဪ . . . အေး . . . အေး"

တစ်ဝိုင်းချင်းလိုက်ကာ မိတ်ဆက်ရပြန်သည်။ မြင့်ဦးတင်၏မိဘဆွေမျိုးတွေက မင်းမျိုးမင်းနွယ်ဟုဆိုခဲ့သည့်အတိုင်း အတော်ကြီးကျယ်ပုံရ၏။ စကားပြောနေကြတာပင် မယ်မယ်တွေ မောင်မောင်တွေ မိုးမွှန်နေကြသည်။ စိတ်ထဲက သိပ်မပါသော်လည်း ယွန်းယွန်းမျက်နှာကြောင့် ညီထူးအားလုံးကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံလိုက်၏။

လူစုံသလောက်ရှိမှ ယွန်းယွန်းကပဲ . . .

"ကဲ . . . ညီထူး ငါ့အမျိုးတွေကိုတော့ နင် သိပြီးသားပဲ၊ ဪ . . . တစ်ယောက်တော့ နင်နဲ့သိမှာ မဟုတ်သေးဘူး၊ ငါ့ညီမဝမ်းကွဲလေးခန်းကုန်ကပဲ၊ သူလည်း သတို့သမီးအရန်လုပ်ပေးဖို့ရောက်နေတာ၊ ... နင်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ချောချောလေးပါဟ၊ နင်တောင် ... ကြွချင်



www.burmeseclassic.com

www.burmeseclassic.com

ကြွေ သွားမှာ"

ရင်ထဲမှာ နင့်ခနဲဖြစ်သွားရသည်။

ယွန်းယွန်းရယ် ငါ့ရဲ့ပြောင်းလဲမှုတွေကိုမသိဘဲ တစ်သက်လုံး ဒီလို
ထင်နေတော့မှာလားဟာ။

စိတ်ထဲမှာ စဉ်းစားမိသော်လည်း ပါးစပ်က မပြောဖြစ်တော့။ ယွန်း
ယွန်းခေါ်သွားသည့်နောက်ကိုပဲ လိုက်သွားလိုက်သည်။

အခန်းထောင့်နားဆီမှ ဝိုင်းတစ်ဝိုင်းကိုရောက်တော့ ယွန်းယွန်းက
ကျောပေးပြီး ထိုင်နေသည့် မိန်းကလေးတစ်ဦးအား ပခုံးပုတ်၍ ...

"ညီမလေး ... ဒါ မမ,သူငယ်ချင်းလေ၊ ရန်ကုန်ကပဲ၊ သတို့သား
အရန်လုပ်ပေးမယ်ဆိုတာ သူပေါ့"

ဆတ်ခနဲ လှည့်ကြည့်လာသည့် ကောင်မလေး၏မျက်နှာကို မြင်
လိုက်ရချိန်မှာတော့ ညီထူးပါးစပ်ဖျားမှ လွှတ်ခနဲ ..

"ခိုင် ... ခိုင် ... ခိုင်ရတနာဖြူဖြူ ဇော်ဝင်းသန်း"

ဟုတ်ပါသည်။ နာမည်ရှည်သလို လူကလည်း ဝီစိကီစွတွေ ရှည်
လျားထွေပြားလွန်းသော ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်း ဖြစ်သည်။ ကတ္တီပါ
လမ်းခွဲမဟုတ်ဘဲ အရှုံးကွက်နင်းကာ လမ်းခွဲပြတ်စဲခဲ့ရသော ငတိမကို အမှု
လတ်လတ်ပြန်တွေ့လိုက်ရခြင်း ဖြစ်၏။ ကံတရားက မည်သို့မည်ပုံ မစလို
သနည်း။ ဒီအခြေအနေမျိုးမှာ လာဆုံနေရသည်မို့ ညီထူး တုန်လှုပ်သွား
သည်။

ငတိမကတော့ အံ့ဩဟန်လေးဖြစ်သွားပြီးမှ ခပ်မှေးမှေးကြည့်ကာ
မဲ့ပြုံးလေး ပြုံးရင်း ...

"ဩော် ... သူလား၊ သူဆိုရင်တော့ မိတ်မဆက်ပေးပါနဲ့တော့
မမရယ်၊ ခိုင်နဲ့က မိတ်ဟောင်းဆွေဟောင်းအရင်းကြီးတွေပါ"


www.burmeseclassic.com

www.burmeseclassic.com



ယွန်းယွန်းက အံ့သြဟန်ဖြင့် ညီထူးကို မျက်ခုံးပင့်ကာ ကြည့်လျက်

"ဟင် . . . ဟုတ်လား ညီထူး"

ထိုအခါမှ ညီထူးက အိုးတိုးအမ်းတမ်း အ,ထစ်အ,ထစ်ဖြင့် . . .

"အဲ . . . အင်း . . . ဟုတ် . . . ဟုတ်တယ် ယွန်းယွန်းရဲ့ သူနဲ့ ငါနဲ့က အရင်ကတည်းက သိတာပါ"

"ဒါဆိုလည်း ပြီးရော၊ စကားပြောကြဦးလေ၊ ခဏနေမှ ထမင်းစားဖို့ ငါ လာခေါ်မယ်"

ယွန်းယွန်းက ပြုံးစစနှင့် ပြောရင်း လှည့်ထွက်ခါနီးမှာပင် ညီထူးကို ကပ်ကာ တိုးတိုးပြောသွားသေးသည်။

"ဟဲ့ ညီထူး . . . နင်နဲ့ ငါ့ညီမက ဇာတ်လမ်းတွေ ဖြစ်ခဲ့ဖူးတာများလား"

ညီထူး ပြန်ပြောချိန်ပင် မရလိုက်တော့။ ထိုအချိန်မှာပဲ နိုင်ရတနာ ဖြူဖြူဇော်ဝင်းသန်းက . . .

"ထိုင်ပါဦး ကိုညီထူးရဲ့၊ ဟိုတစ်လောတုန်းကတော့ ရူးသွားပြီလို့ ထင်ထားတာ၊ ခု နေကောင်းသွားပြီလား . . . ဟင်း ဟင်း"

ခနဲ့သလို ရွဲ့သလိုပင် ငတိမက ပြောလာသေးသည်။ ညီထူး ဘာပြန်ပြောရမည်ကို အလျင်အမြန် စဉ်းစားလိုက်ရ၏။ မဟုတ်လျှင် ပေရှည်နေမှာစိုး၍ဖြစ်သည်။

ထိုကြောင့် ရူးသလိုပေါသလို အမူအရာလုပ်ရင်း . . .

"အဟဲ . . . ဟီး နေကတော့ ကောင်းသလိုပါပဲ၊ ဒီက တစ်ယောက်ကို သိခဲ့ဖူးသလိုလိုရှိလို့ သိတယ်လို့ ယွန်းယွန်းကို ပြောလိုက်တာ၊ သွားဦးမယ်နော်၊ ဆေးသောက်ဖို့ အချိန်နီးနေလို့"

ပြောရင်း ညီထူး ကပျာကယာ လှည့်ထွက်လာခဲ့သည်။ စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ရှုပ်ထွေးနောက်ကျိလာသဖြင့် ဟိုတယ်အပြင်ထိအောင် ထွက်လာခဲ့လိုက်၏။ ဒီအတိုင်းဆိုရင်တော့ ထိုင်တီမနှင့်တွဲပြီး သတ္တုသားအရန်လုပ်ဖို့ကိစ္စသည် အခက်အခဲတွေ ရှိလာလေပြီ။ ပြီး ... ဝေတီမက တခြားသူမဟုတ်။ ယွန်းယွန်း ၏ ညီမဝမ်းကွဲ။

ခေါင်းအေးအေးထားကာ စဉ်းစားဦးမည်ဆိုပြီး နီးစပ်ရာစားသောက် ဆိုင်တစ်ဆိုင်သို့ ကားမောင်းထွက်လာခဲ့သည်။ စားသောက်ရင်းစဉ်းစားသော် လည်း ဘာလုပ်ရမည်မှန်း ဝေခွဲမရသေး။

သို့နှင့် ကြံရာမရသဲ တိုးမောင်ဆီ ဖုန်းဆက်ပြီး တိုင်ပင်ကြည့်သည်။ တိုးမောင်က ...

"ဟေ့ကောင် ... ဘာမှစဉ်းစားမနေနဲ့တော့၊ ဒီအတိုင်းဆိုရင် မင်း သတ္တုသားအရန်လုပ်ပေးဖို့လည်း အဆင်ပြေမှာ မဟုတ်ဘူး။ ဖြစ်ချင်တာ ဖြစ်ကွာ၊ ယွန်းယွန်းကို ဖွင့်ပြောလိုက်၊ သူ လက်ခံရင် တစ်ခါတည်းသာ နိုးပြေးလာခဲ့လိုက်၊ ကြားလား ဒါပဲ"

"ဟာ"

ခပ်ပြတ်ပြတ်ပြောပြီး တိုးမောင်က ဖုန်းချသွားသည်။

ငိုင်တွေနေမိပြီးမှ အခြေအနေအားလုံးကို ချိုင့်စဉ်းစားရင်း ညီဖာ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတော့၏။

■

တကယ်ပဲ သူ ဖွင့်ပြောလိုက်လို့ ယွန်းယွန်းက လက်ခံခဲ့တဲ့လား လက်ခံရင်ရော ...


www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် စိတ်ဆိုးမုန်းတီးနာကြည်းသွားရင်ရော …

အဖြေဆိုတာ တစ်ခုခုတော့ ရှိမှာပဲဆိုသည့်အတွေးဖြင့် ညီထူး န်းခနဲ ထရပ်မိလိုက်သည်။

■

ပရိသတ်ကြီးရေ … အရမ်းကြီးတော့ မျက်လုံးပြူးမသွားကြပါနဲ့ ဦး နည်းလမ်းဆိုတာ တတိယတစ်ခုလည်း ရှိနေသေးတယ် မဟုတ်လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဆယ့်ခြောက်)

"ယွန်းယွန်း ... သမီး ဘာတွေ အလိုမကျဖြစ်နေတာလဲ၊ ပြန်လာကတည်းက မျက်နှာကြီးကို မှုန်ကုတ်နေတာပဲ"

နှစ်ဖက်မိဘတွေနှင့် မျက်နှာစုံညီစွာ ညစာစားပြီးအပြန် ဟိုတယ်ခန်းထဲသို့ ရောက်ရောက်ချင်း မေမေက မေးလာခြင်းဖြစ်သည်။

ယွန်းယွန်းက စိတ်ရှုပ်နေသောအသွင်ဖြင့် ...

"ဘာဖြစ်ရမှာလဲ မေမေရဲ့ ... ကိုမြင့်ဦးတင်ရဲ့အမေ ပြောတာ မကြားဘူးလား၊ လက်ထပ်ပြီးရင် အမရပူရက သူတို့အိမ်မှာပဲ လိုက်နေရမှာ ဆိုတာလေ၊ သမီးကို ကုမ္ပဏီအလုပ်တွေလည်း မလုပ်နဲ့တော့တဲ့၊ အဲဒါကို စိတ်တိုနေတာ"

စကားအဆုံးမှာ မေမေက ပြုံးရင်း ...

"ဩော် သမီးရယ် ... သူတို့က ရှေးရိုးဆန်တဲ့မိသားစုလေ၊ သူတို့ပြောတဲ့ပုံစံက သူတို့မိသားစုဝင်တွေမှာ ယောကျ်ားတွေက အလုပ်လုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com


တာ၊ မိန်းမဆိုတာ အိမ်မှာနေပြီး အိမ်မှုကိစ္စတွေပဲ လုပ်ရမယ်ဆိုတာမျိုးလေ"

ယွန်းယွန်းက ဘယ်ပြန်ညာပြန်ခေါင်းခါလိုက်ပြီး ...

"မဟုတ်သေးပါဘူး မေမေရာ၊ သမီးမှာလည်း သမီးအလုပ်နဲ့ပဲလေ၊ ဒီခေတ်မှာ မိန်းကလေးတွေက ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းပြီး အလုပ်လုပ်တာ ဘာဆန်းလို့လဲ၊ ဒီကိစ္စက သူ့အမေကြီး တင်စီးတာပါ"

မေမေ့မျက်နှာထား တည်သွားသည်။ စေ့စေ့ကြည့်လာရင်းပင် ...

"ဒီမှာ သမီး ... သမီးရဲ့အိမ်ထောင်ရေးကို သမီးဘာသာ ဆုံးဖြတ်ဖို့ မေမေတို့ ခွင့်ပြုထားသလို၊ အခုလည်း သမီးကိုယ်တိုင် ရွေးချယ်ခဲ့တာပဲ၊ သမီး ဘာဖြစ်ဖြစ် လက်ခံနိုင်ရမှာပေါ့"

"ဟုတ်ပါတယ်၊ ကိုမြင့်ဦးတင်ကို လက်ထပ်သင့်တဲ့ယောကျ်ား တစ်ယောက်လို့ယူဆပြီး သမီးလက်ခံခဲ့တာ၊ သမီးသိထားတာက အိမ်ထောင်ရေးတစ်ခုဆိုတာ မိန်းမက အိမ်မှာနေ၊ အိမ်အလုပ်ပဲလုပ်ပြီး လင်သားကို ပြုစုနေဖို့ တစ်ခုတည်းမဟုတ်ဘူး မေမေ၊ ကျန်တဲ့အစိတ်အပိုင်းတွေ အများကြီးရှိသေးတယ်"

"အဲဒါတွေကို သမီးတို့ လူငယ်ချင်း အစောကြီးကတည်းက ညှိနှိုင်းထားကြပါလား၊ သမီးက အိမ်ထောင်ပြုဖို့ကို အချိန်တိုတိုနဲ့ ဆုံးဖြတ်ခဲ့တာကိုး"

ယွန်းယွန်း ခေါင်းကုတ်ကာ ခုတင်ပေါ် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ ပြီး ...

"ဘာပဲဖြစ်ဖြစ် မေမေရာ ... သမီး ဒီကိစ္စကိုတော့ ကိုမြင့်ဦးတင်နဲ့ ရအောင်ညှိမယ်"

မေမေက အနားမှာ လာကပ်ထိုင်ရင်း ...

"အင်း ... ညှိယူပေါ့ သမီးရယ်၊ တကယ်ဆို မေမေ့ကို တင်မိုး


www.burmeseclassic.com

www.burmeseclassic.com



သမီး အိမ်ထောင်ပြုရင် သားညီထူးနဲ့ပဲလို့ ထင်ထားကြတာ"

"ရှင်"

ယွန်းယွန်း မျက်လုံးဝိုင်းသွားရသည်။ သူမေ့ထားခဲ့သော အနေအထားတစ်ခုကို လူကြီးတွေက မျှော်လင့်ထားခဲ့သည်တဲ့လား။

ငိုင်တွေကာ ဆွံ့အနေချိန်မှာပဲ မေမေက ...

"ဟုတ်တယ် သမီး။ မေမေတို့က သမီးအိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ခွင့်ပြုထားလို့သာ သမီးရဲ့ဆုံးဖြတ်ချက်ကို မစွက်ဖက်ခဲ့တာလေ၊ တကယ်ဆို သမီးနဲ့ သားညီထူးတို့က ဟိုးငယ်ငယ်လေးကတည်းကပဲ ..."

မေမေ့စကားမဆုံးခင်မှာပဲ ယွန်းယွန်းက မကြားချင်တော့သလို လက်ကာပြလိုက်ရင်း ...

"တော်ပါတော့ မေမေရယ်၊ အဲဒီအကြောင်းအရာတွေကို သမီး မသိချင်, မကြားချင်တော့ပါဘူး၊ ဒီအချိန်မှာ မပြောပါနဲ့တော့"

"ဒါဆို ... ဘာဖြစ်လို့ သားညီထူးကို သတို့သားအရန် လုပ်ခိုင်း ခေါ်လိုက်တာလဲ၊ အဲဒီအတွက် သူ့စိတ်ထဲမှာ တစ်ခုခုခံစားသွားရမှာကို သမီး ထည့်မတွက်ဘူးလား"

ယွန်းယွန်း နာနာကျင်ကျင်ပဲ ပြုံးလိုက်မိသည်။

"မေမေရယ် ... သမီးဘဝမှာ သူ့ကိုပေးခဲ့တာတွေ အများကြီးပါ သူ့ဆီက ဒီတစ်ခုလေး ပြန်တောင်းလိုက်ရုံနဲ့ သူ အရမ်းကြီးခံစားရမှာ မဟုတ်ပါဘူး။ ပြီးတော့ ... ညီထူးအကြောင်းလည်း မေမေ သိသားပဲ"

မေမေက သနားသလိုကြည့်ရင်း ခေါင်းကို ခပ်ဖြည်းဖြည်းခါလိုက်သည်။

"မဟုတ်သေးဘူး သမီးရဲ့၊ ဒီအချိန်မှာ မပြောသင့်တော့တာ သိပေမယ့် တစ်ခုတော့ ပြောလိုက်ဦးမယ်၊ အိမ်ထောင်တစ်ခုကို ခဏအတွင်း



www.burmeseclassic.com

www.burmeseclassic.com


မှာ တစ်ယောက်ကိုတစ်ယောက် အထင်ကြီးလေးစားမှုတွေနဲ့ ပြုလိုက်ကြပေမယ့် ရေရှည်ခိုင်မြဲဖို့ဆိုတာက နားလည်မှုတွေ၊ သံယောဇဉ်တွေ အဓိကလိုတာလေ၊ အခု သမီးတို့က လက်တောင်မထပ်ရသေးဘူး သဘောထားတွေက ဟနေကြပြီ၊ မေမေ့ဆန္ဒကတော့ သမီး အိမ်ထောင်ပြုပြု၊ မပြုပြု သမီးတစ်သက်လုံး စိတ်ချမ်းသာတာပဲ မြင်နေချင်တာပါ၊ ဘဝတစ်လျှောက်လုံးအတွက် ဆုံးဖြတ်ရမယ့် ကံယကံရှင်သမီးရဲ့ ဆုံးဖြတ်ချက်ကို မမှားစေချင်ဘူး"

"မေမေက ခု သမီး ဆုံးဖြတ်လိုက်တာကို မှားတယ်လို့ ဆိုလိုချင်တာလား"

ပြန်မေးလိုက်သည့်စကားအဆုံးမှာတော့ မေမေက ခေါင်းကို ခပ်သွက်သွက် ခါလျက် . . .

"အိုး . . . မေမေပြောတာ အဲဒီသဘောမဟုတ်ပါဘူး၊ မောင်မြင့်ဦးတင်ဟာ လက်ထပ်သင့်တဲ့ ယောကျာ်းတစ်ယောက်ဆိုတာ မေမေ လက်ခံပါတယ်"

"ဒါဆို . . . မေမေပြောချင်တာက"

"နောင်တစ်ချိန်ကျမှ သမီး နောင်တရမှာစိုးလို့ မေမေ ဒီစကားတွေပြောထားတာပါ၊ သမီး စဉ်းစားပြီးရင်တောင် ထပ်ကာထပ်ကာ စဉ်းစားနိုင်ဖို့လေ"

တစ်သက်လုံး ရိုးအေးသိမ်မွေ့စွာ နေလာခဲ့ပြီး စကားနည်းသော မေမေ့ထံမှ ထွက်လာသည့်စကားတွေက ယွန်းယွန်းကို တွေဝေသွားစေသည်။

မေမေ . . . ခုချိန်ကျမှ ဘာသဘောနဲ့ ဒါတွေ လာပြောနေတာလဲ၊ သူမ စဉ်းစားမရနိုင်သေး။ ခေါင်းထဲမှာ အတွေးတွေ ရှုပ်ယှက်ခတ်


www.burmeseclassic.com

www.burmeseclassic.com


သွားရသည်။

ထိုစဉ် …

"မမ … ညီမလေး ဝင်ခဲ့မယ်နော်"

အသံနှင့်အတူ အခန်းထဲဝင်လာသော ညီမဝမ်းကွဲဖြစ်သည့် ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းကို တွေ့လိုက်ရသည်။

"အေး … လာလေ ညီမလေး"

ထိုအချိန်မှာပဲ မေမေက ထိုင်နေရာမှ အသာထ,ကာ …

"ကဲ … ညီအစ်မနှစ်ယောက် စကားပြောကြဦး၊ မေမေ အပြင်ခဏထွက်လိုက်ဦးမယ်"

မေမေထွက်သွားတော့မှ ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းက …

"မမ … ဟိုလေ ခုနက ကိုညီထူးနဲ့မမက တော်တော်ခင်လားဟင်"

ယွန်းယွန်းက မျက်မှောင်ကို မသိမသာကြုတ်ရင်း …

"ခင်တာပေါ့ ညီမလေးရဲ့၊ မမတို့က ငယ်ငယ်လေးက အိမ်ချင်းကပ်နေလာကြတာလေ၊ ညီမလေးတို့က ရန်ကုန်ကို ပြောင်းလာတာ မကြာသေးတော့ သူ့အကြောင်း မပြောဖြစ်တာပါ၊ ဒါနဲ့ ခုနကပြောတော့ ညီမလေးနဲ့ ညီထူးနဲ့က သိတယ်ဆို"

ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းက ရှက်သလို အမူအရာကလေးလုပ်ရင်း …

"အဟင်း … သိတာတော့ သိပါတယ်၊ ဒါနဲ့ … သူ့အကြောင်း … အဲ … သူ့ရဲ့စရိုက်ကို အသေးစိတ်ထပ်သိချင်တယ်"

"ဟင် … ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ … ညီမလေးနဲ့သူက မကြာခင်ကပဲ ချစ်သူ


www.burmeseclassic.com

www.burmeseclassic.com


တွေဖြစ်ပြီးမှ အကြောင်းတစ်ခုကြောင့် ပြတ်သွားလို့ပဲ''

''ဟင်''

ယွန်းယွန်း၏အံ့သြတကြီးရေရွတ်လိုက်သံလေးအဆုံးမှာတော့ ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းက အားကိုးတကြီးပုံစံလေးနှင့် ကြည့်လာပြီး . . .

''ပြောပြပါ မမရယ်၊ ခုလို သူ့နဲ့ ပြန်ဆုံရတဲ့အချိန်မှာ ညီမလေး ဆုံးဖြတ်ချက်တစ်ခုကို ထပ်ချချင်လို့ပါ''

''ဪ''

ယွန်းယွန်း ခပ်တိုးတိုးပဲ ညည်းလိုက်မိသည်။ တစ်ဆက်တည်း စဉ်းစားမိသည်က ညီထူး၏မရှင်းမလင်းဇာတ်လမ်းတွေက ခုချိန်ထိ သူ့အား လာပတ်သက်နေသေးသည်ပဲ။

■

ညီမဝမ်းကွဲ ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်း ပြန်သွားချိန်မှာတော့ အခန်းထဲမှ တစ်ယောက်တည်းထိုင်ရင်း ယွန်းယွန်း စိတ်ရှုပ်ထွေးနေမိသည်။

မြင့်ဦးတင်၏မေမေနှင့် ပတ်သက်သောကိစ္စကြောင့် စိတ်ရှုပ်ရသည့်အထဲ ညီထူးကိစ္စကတမျိုး။ ပုံစံကြည့်ရသည်မှာ သူ့ညီမက ညီထူးနှင့် ပြန်ပတ်သက်ချင်နေသော်လည်း ညီထူးဘက်ကတော့ ဇာတ်လမ်းထပ်ဆက်ချင်ပုံမရချေ။ ညီထူး အကြောင်းနောကျေနေအောင် သိထားသော ယွန်းယွန်းမှာ ပို၍စိတ်ရှုပ်နေရသည်။

ဒီအတိုင်းဆိုလျှင် ညီထူးကို ၁၁တို့သားအရုံလုပ်ခိုင်းဖို့ မသင့်တော်တော့။ အားလုံးရှုပ်ကုန်မည်။


www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမည်ကို စဉ်းစားရင်း ယွန်းယွန်း ဖုန်းကိုင်ကာ နံပါတ်တချို့ကို နှိပ်လိုက်လေသည်။

ညီထူးဆီ …

■

"ညီထူး … နောက်ငါးမိနစ်လောက်ကြာရင် ဟိုတယ်ရှေ့က ပန်းခြံလေးထဲမှာ ခဏစောင့်နေပါလား၊ ပြောစရာရှိလို့"

"အေး … စောင့်နေမယ်၊ ငါလည်း နင့်ကို ပြောစရာတွေ ရှိတယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဆယ့်ခုနစ်)

ည . . . ကိုးနာရီထိုးလုပြီ။

အနည်းငယ် အိုက်စပ်နေသလိုရှိသော်လည်း တစ်ချက်တစ်ချက် ဖြတ်တိုက်လိုက်သော ညလေပြည်ကြောင့် ပန်းခြံလေးထဲမှာ နေသာထိုင်သာ ရှိနေ၏။

ည၏ရနံ့လား၊ ဒါမှမဟုတ် ပန်းခြံလေးထဲမှ အမျိုးအမည်မသိ ပန်းတို့ဆီမှ ထွက်ပေါ်လာသော ရနံ့တွေကြောင့်လားမပြောတတ်။ ညီထူး အာရုံထဲသို့ ရနံ့တစ်မျိုးက တိုးဝှေ့ကျီစယ်နေကြသည်။

ထိုစဉ် . . .

သူ . . . အလွတ်ရနေသော ရနံ့လေးတစ်ခုကိုပါ ညီထူး သက်ဝင် ခံစားမိလိုက်သည်။

သေချာသည်။ သူမ . . . လာပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

"ညီထူး ... နင့်ကို ငါ ပြောစရာရှိတယ်"

အနည်းငယ်တုံ့ဆိုင်းဆိုင်းဖြစ်နေသော စကားသံအဆုံးမှာတော့ ညီထူး ယွန်းယွန်းဘက်ကို မျက်နှာမူလိုက်သည်။

ပြီး ထိုင်နေသောခုံတန်းလျားလေးမှ မတ်တတ်ထရပ်လိုက်ရင်း

"ငါ့မှာလည်း ပြောစရာတွေ ရှိတယ် ယွန်းယွန်း ... ဒါပေမဲ့ နင် အရင်ပြောလေ"

စိုက်ကြည့်နေသည့် ညီထူး၏မျက်ဝန်းအစုံအား ရင်မဆိုင်ချင်သလို လွှဲဖယ်လိုက်ရင်း ယွန်းယွန်းက ...

"ငါ ရှည်ရှည်ဝေးဝေးတော့ မပြောချင်တော့ဘူး ညီထူးရာ၊ နင်နဲ့ ငါ့ညီမတို့ရဲ့ဖာတ်လမ်းဟောင်းကို ငါ သိပြီးပြီ၊ အဲဒီတော့ ... နင် သတို့ သားအရန် လုပ်ပေးဖို့ဆိုတာ ..."

စကားမဆုံးခင်မှာပဲ ညီထူးက ဖြတ်၍ ...

"အဲဒါ အကောင်းဆုံးပဲ ယွန်းယွန်း၊ ငါ အရန်ခုံမှာ မထိုင်ရတော့တာ ကျိန်စာတစ်ခု လွတ်မြောက်သွားသလိုပါပဲဟာ"

နားမလည်နိုင်သော မျက်ဝန်းတွေက ဖျတ်ခနဲ ရောက်လာသည်။

ကြည့်ပါ ယွန်းယွန်းရယ်။ ငါ့မျက်လုံးတွေထဲကတစ်ဆင့် ငါ့ရင်ဘတ် ထဲအထိ မြင်အောင်ကြည့်လိုက်စမ်းပါ။

နှစ်ယောက်သား အတန်ကြာစိုက်ကြည့်နေမိကြသေးသည်။ ပြောခွင့်မရှိ၊ ကြားနားခွင့်မရှိတော့သည့် အသံတိတ်စကားလုံးတွေ နှစ် ယောက်စလုံး၏ရင်ထဲသို့ တိုးလျှိုပေါက် စီးဝင်နေကြသလို အကြည့်နှစ်ခု ဆုံမှတ်မှာလည်း ကိုယ်စီသက်ပြင်းတွေက ဖွဖွ။

www.burmeseclassic.com


ညီထူးက ပင့်သက်ကို ရှိုက်ရင်း ...

"ယွန်းယွန်း ... နင် အတ္တကြီးတယ်လို့ ပြောခဲ့တဲ့ ငါ့ကို နောက်ဆုံး တစ်ကြိမ်အဖြစ် အတ္တကြီးခွင့်ပေးပါလားဟာ"

"ဟင် ညီထူး ... နင် ဘာကိုပြောချင်တာလဲ"

ညီထူးက ယွန်းယွန်း၏မျက်ဝန်းတွေထဲအထိ ထွင်းဖောက်ကြည့်လျက် ...

"ငါ ... အရင်တုန်းက အပေါစားပစ္စည်းတစ်ခုလို ရေလဲသုံးခဲ့ပေမယ့် ခုချိန်မှာ နောက်ကျ နောင်တတွေနဲ့ သိလိုက်ရတဲ့ စကားလေးပါ၊ ငါ ... ငါ ... နင့်ကို ချစ်တယ် ယွန်းယွန်း၊ အရမ်းချစ်တယ်"

"ဟင်"

ညီထူး ပါးစပ်မှ ဘယ်တော့မှ ထွက်မလာတော့ဟု ထင်ထားသည့် စကားတွေကို ကြားလိုက်ရသောကြောင့် ယွန်းယွန်း တုန်လှုပ်သွားရသည်။ ခဏလောက် ကြက်သေသေနေမိပြီးမှ လက်ရှိအခြေအနေကို ပြန်စဉ်းစားမိပြီး မစီစဉ်ထားသောစကားလုံးတွေက ထွက်ကျသွား၏။

"ညီထူး ... ဒီ ... ဒီစကားတွေပြောနေရမယ့်အချိန် မဟုတ်ဘူးလေ၊ ငါ့ကို လာမပြောပါနဲ့တော့၊ နင် ... နင် ... တစ်ချိန်လုံး မသိမမြင်နိုင်ခဲ့တဲ့ဟာကို ... ခုမှ ... ခုမှ ... ဟာ"

စိတ်လှုပ်ရှားလွန်း၍လား မသိ။ ယွန်းယွန်းစကားသံတွေက တုန်ယင်ကာ တိမ်ဝင်သွားရသည်။

ညီထူးက ချက်ချင်းပင် ယွန်းယွန်း၏လက်ကလေးကို ဖျတ်ခနဲဆွဲကိုင် လိုက်ကာ ...

"ယွန်းယွန်း ... တစ်ခုခုတော့ ပြောပါဦးဟာ၊ ငါတို့နှစ်ယောက်စလုံးအတွက် နောက်မကျသေးဘူးမဟုတ်လား၊ ပြင်ဆင်ချိန်ရှိသေးတယ်


www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား ပြောပါဟာ ... နင် ငါ့ကို ချစ်တယ်မဟုတ်လားဟင်''

ကြည်နူးမှုနှင့် ကြောက်ရွံ့မှုတွေက တစ်ချိန်တည်းမှာပင် ရင်ထဲသို့ တိုးဝင်လာသလို ယွန်းယွန်း ခံစားနေရသည်။ ကြည်နူးမှုက ဘယ်တော့မှ မကြားရတော့ဘူးဟု ထင်ထားသည့်စကားကို ကြားလိုက်ရခြင်းကြောင့် ဖြစ်သည်။ ကြောက်ရွံ့မှုကတော့ လက်ရှိအခြေအနေကြီးကို ရင်ဆိုင်နေရသော ကြောင့် ...။

ရင်ထဲမှာ လှုပ်ဆွဲနေလေပြီ။

နောက်ဆုံးမှာ အသိတရားတစ်ခုကို အမိအရ ဖမ်းဆုပ်လိုက်ပြီး

''တော်တော့ ညီထူး၊ ဒီအချိန် ဒီနေရာမှာ ငါ့ကို နင် ဒီစကားတွေ ပြောနေဖို့ မသင့်တော့ဘူး။ ငါ ရွေးချယ်ထားတဲ့ လမ်းကို ငါ ဆက်လျှောက် ရတော့မယ်၊ ငါ့ဆန္ဒတစ်ခုအတွက်နဲ့ နှစ်ဖက်အသိုင်းအဝိုင်း မျက်နှာပျက်မခံ နိုင်ဘူး။ ငါ ... ငါ ... မိန်းကလေးဆိုတဲ့ သိက္ခာတော့ ရှိချင်တယ်ဟာ၊ နင်လည်း အချစ်ဆိုတာကို မမြင်နိုင်ခဲ့တဲ့အချိန်တွေအတွက် ရဲရဲကြီးနောင်တ ရလိုက်စမ်းပါ''

နာကျင်စိတ်ဖြင့် ညီထူး ခြောက်ခြောက်ကပ်ကပ် ရယ်လိုက်မိ သည်။ ပြန်ပြောလိုက်သည့် စကားသံကလည်း အက်ကွဲရှတစွာ။

''ဟုတ်တယ် ယွန်းယွန်း၊ ငါ နောင်တရရဲ့ပါတယ်၊ ငါဟာ အချစ် ဆိုတာကို မမြင်ဘဲ ကန်းနေခဲ့တဲ့ကောင်ဆိုလည်း ဟုတ်တယ်၊ ဒါပေမဲ့ ငါ မြင်နိုင်တဲ့အချိန်ကျမှ နင် ဘာဖြစ်လို့ မျက်စိစုံမှိတ်ထားတာလဲဟာ၊ ပြောစမ်း ပါ၊ ငါ့ကို တစ်ခုခုတော့ ပြောလိုက်စမ်းပါ''

ညီထူး၏ စကားလုံးတွေက မြားတစ်စင်းလို ရင်ထဲသို့ ထုတ်ချင်း ဖောက်ဝင်သွားသည်။ မျက်နှာပေါ်မှာလည်း အရိပ်အမျိုးမျိုး ဖြတ်သန်းသွား ပြီး တစ်ဆို့နေသော လည်ချောင်းထဲမှ စကားသံတိုးတိုးလေး ထွက်ကျလာ


www.burmeseclassic.com

www.burmeseclassic.com



တော့မည့်အလား တုန်ယင်စွာ။

"ညီထူး ... ငါ ... ငါလေ ... နင့် ... နင့်ကို ..."

နှစ်ယောက်ကြားရှိ လေဟာနယ်သေးသေးလေးထဲသို့ မျှော်လင့်ခြင်းတွေ တိုးဝင်လာကြသည်။ တစ်လောကလုံးရှိ ပန်းတွေ ပွင့်လာတော့ ည်ကို စောင့်ကြည့်နေရသည့်သူကဲ့သို့ ညီထူး ပရမ်းပတာ စည်းချက်တွေနှင့် ခုန်နေ၏။

ပြောလေ ယွန်းယွန်း။ မျက်တောင်တစ်ခတ်စာလောက် အချိန်လေးနဲ့ ငါတို့နှစ်ယောက်ကြားက နံရံကို ချိုးဖျက်ပစ်လိုက်စမ်းပါ။

စိတ်ထဲ မြည်တမ်းရင်း မျှော်လင့်ချက်တွေ အရောင်ရင့်လာဖို့ ညီထူး စောင့်စားနေစဉ်မှာပဲ မာရ်နတ်၏တမန်တော်အသံကို ကြားလိုက်ရသလိုမျိုး။

"မနေခြည်ယွန်းယွန်း ... ဆရာက စကားပြောရာရှိလို့ ခဏလောက် ဧည့်ခန်းထဲကို လာခဲ့ပါတဲ့"

ယွန်းယွန်း ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်သွားရသည်။ ညီထူး ဆုပ်ကိုင်ထားသော သူမ၏လက်ကိုလည်း အမြန်ဆွဲယူလိုက်၏။ ဆတ်ခနဲ ကြည့်ကြည့်လိုက်တော့ မြင့်ဦးတင်၏တပည့်တစ်ယောက်ကို တွေ့လိုက်ရသည်။

ပျက်ယွင်းသွားသော မျက်နှာကိုထိန်းရင်း ယွန်းယွန်းက ...

"လာခဲ့မယ်လို့ ပြောလိုက်ပါ"

ထိုလူက မသက်သာသလို တစ်ချက်စိုက်ကြည့်ပြီး လှည့်ထွက်သွားသည်။

ထိုအခါမှ ယွန်းယွန်းက ရပ်ကြည့်နေသော ညီထူးမျက်နှာကို ကြည့်ဘဲ အသံတိမ်တိမ်ကလေးနှင့် ...

"ညီထူး ... ငါ သွားတော့မယ်၊ နင့်ကို သတို့သားအဖြစ်လုပ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com


ခဲ့တာ ဘယ်လိုမှစိတ်မရှိပါနဲ့၊ လုပ်ဖို့မလိုတော့ဘူးဆိုတော့ မနက်ဖြန် နင် ရန်ကုန်ပြန်တော့ပေါ့"

ကြေကွဲမှုတွေကို သိမ်းထုပ်ရင်း ညီထူး နာနာကျင်ကျင် ကြည့်လိုက်မိသည်။ ပြီး ...

"ပြန်ဆိုလည်း ပြန်ရတော့မှာပေါ့ဟာ၊ အေးလေ ... ငါ ဘယ်တော့မှ ထပ်မထွက်နိုင်တော့တဲ့စကားကိုလည်း ပြောပြီးပြီပဲ"

ပြောရင်းပင် ညီထူးက အိတ်ကပ်ထဲမှ စာရွက်ခေါက်လေးကို ထုတ် ကာ လှမ်းပေးရင်း ...

"ရော့ ယွန်းယွန်း၊ ဒီအထဲက စာလုံးတွေဟာ ငါ ခုနကပြောတဲ့ စကားလုံးနှစ်လုံးထက် ပိုပြည့်စုံတဲ့ ငါတို့နှစ်ယောက်ကြားက မှတ်တမ်းပဲ နင့်အတွက် ငါ့ရဲ့နောက်ဆုံးလက်ဆောင်ပဲ ဖြစ်မှာပါ"

ယွန်းယွန်းက တုန်ယင်နေသော လက်ဖြင့် လှမ်းယူလိုက်သည်။ ရင်ထဲမှာလည်း ကြေကွဲမှုတွေက မိုးလို ပြိုဆင်းလာလေ၏။

ဘုရားရေ ... ငါတို့နှစ်ယောက်ရဲ့အဆုံးသတ်ဟာ ဒီလို နာကျင် မိနစ်တွေနဲ့ပဲ အဆုံးသတ်တော့မှာလားကွယ်။ တစ်ဘဝစာကို ခုလို အဆုံး သတ်လိုက်ရတာ မတန်လိုက်တာ။

ထိုအချိန်မှာပဲ ညီထူးက ...

"သွားတော့လေ ဂျူပူမ၊ ဟိုတစ်ယောက်စောင့်နေတယ် မဟုတ် လား၊ ငါကတော့ နင်နဲ့ နောက်ဆုံးဆုံခဲ့တဲ့ နေရာလေးမှာပဲ တစ်ညလုံး ထိုင်နေဦးမှာပါ၊ မနက်ဖြန်ပြန်ရင် နှုတ်ဆက်တော့ဘူးနော်၊ ခုတည်း နှုတ်ဆက်လိုက်တယ်နော် ဂျူပူမ၊ နင် တစ်ဘဝလုံး ပျော်ရွှင်ပါစေလို့ ငါ ဆုတောင်းပါတယ်"

ပြောရင်း ညီထူးက နောက်တယ်တော့မှ ကိုင်ညှိမရနိုင်တော့သည့်


www.burmeseclassic.com

www.burmeseclassic.com

ယွန်းယွန်း၏နားရွက်ကလေးအား တစ်သက်စာ ဖွဖွလှမ်းကိုင်လိုက်ပါသည်။

ဒါပါပဲကွယ်။ အချစ်ကန်းနေခဲ့တဲ့ ကောင်တစ်ကောင်အတွက် အမှတ်တရဆိုတာ ဒီလောက်ပဲ ယူသွားခွင့်ရှိတာပေါ့။

တစ်စက္ကန့် .. နှစ်စက္ကန့် ... ပြီး ...

ကိုင်ထားသော ညီထူး၏လက်ကို အသာအယာဆွဲဖယ်ရင်း ယွန်းယွန်း ချာခနဲလှည့်ထွက်လိုက်သည်။ လှည့်အထွက်မှာပဲ ညီထူး မမြင်လိုက်နိုင်သည့် မျက်ရည်တစ်စက်က ပါးပြင်ပေါ်သို့ ပေါက်ခနဲ ကျသွားလေ၏။

အလွမ်းဝတ်မှုန်တို့ ပြိုက်ယိုကျဆင်းလာသော ညအလယ်မှာတော့ ညီထူး ရပ်ငေးထိုင်ကျန်နေဆဲ။

■

ဖြေရှင်း၍မရသော အမှန်တရားတွေထဲမှာ အလွမ်းဆိုတာ ဘယ်နှရာနှုန်းများ ပါပါသလဲ ... ?

ကြိုက်ရာရွေးပါ။ (၁၅%)

(၂၅%)

(၄၅%)

(၇၅%)

(၉၉%)

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဆယ့်ရှစ်)

"ညစာစားတုန်းက နေခြည့်မျက်နှာ သိပ်မကောင်းတာကို ကိုယ် သတိထားလိုက်မိတယ်၊ ဘာဖြစ်လို့လဲ၊ ကိုယ့်ကို မကျေနပ်တာများ ရှိလို့ လား"

မျက်နှာထားတည်တည်ဖြင့် မေးလာသော မြင့်ဦးတင်အား ယွန်း ယွန်းက ခပ်တည်တည်အကြည့်နှင့်သာ တုံ့ပြန်လိုက်၏။

ပြီး လေသံမှန်မှန်နှင့်ပဲ ပြန်ပြောလိုက်သည်။

"ရှိတယ် ကိုမြင့်ဦးတင်၊ ညစာစားတုန်းက ရှင့်မယ်မယ် ပြောတဲ့ ကိစ္စပဲ"

"ဟင် . . . မယ်မယ်ပြောတာ ဟုတ်လား၊ ဘာများလဲ နေခြည်"

ယွန်းယွန်းက . . .

"လက်ထပ်ပြီးရင် အမရပူရမှာပဲ ကျွန်မ လိုက်နေရမယ်ဆိုတဲ့ကိစ္စ ပါ၊ အဲဒီတော့ လုံးဝမဖြစ်နိုင်ဘူး ကိုမြင့်ဦးတင်၊ ကျွန်မအလုပ်က ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



မှာရော၊ မန္တလေးမှာပါ ရှိတယ်၊ ကူးချည် သန်းချည်လုပ်နေရဦးမှာပဲ၊ ပြီးတော့ အဲဒီအလုပ်ကို ကျွန်မ မစွန့်လွှတ်နိုင်ဘူး''

မြင့်ဦးတင် မသိမသာ မျက်နှာပျက်သွားသည်။

''ဩော် ‥ နေခြည်ကလည်း နေခြည်တို့ကုမ္ပဏီမှာက ဦးဆောင်ပြီး လုပ်နိုင်သေးတဲ့ နေခြည့်ဖေဖေ ရှိနေတာပဲ''

''အဲဒီလိုတော့ မပြောပါနဲ့ ကိုမြင့်ဦးတင်၊ ကုမ္ပဏီမှာ ကျွန်မတာဝန်ယူထားရတဲ့ အစိတ်အပိုင်းလည်း ရှိပါသေးတယ်၊ ရှင်လည်း သိထားတာပဲ''

မြင့်ဦးတင်မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးလာပုံက အထင်းသား ပေါ်လာသည်။ ယွန်းယွန်းကိုကြည့်ကာ သက်ပြင်းကြမ်းကြမ်းချလိုက်ပြီး ...

''လောလောဆယ်မှာတော့ မယ်မယ့်ဆန္ဒကို လိုက်ရောပေးလိုက်ပါ နေခြည်ရယ်၊ နောက်တော့ ကိုယ်ပြောပေးပါ့မယ်''

''နောက်ဆိုတာ အချိန်ဘယ်လောက်လဲ၊ တစ်လလား၊ နှစ်လလား၊ ကျွန်မသဘောကတော့ ခုလို လက်မထပ်ခင်မှာ အရင်ညှိသင့်တယ်လို့ ယူဆတာပဲ''

''နေခြည်ရယ် ခက်လိုက်တာ၊ ယောင်နောက်ဆံထုံးပါဆိုတဲ့စကားလည်း ရှိတာပဲဥစ္စာ၊ ဒါ အစဉ်အလာပဲလေ၊ ကိုယ့်အိမ်မှာနေလည်း ဘာမှ ပူပင်ကြောင့်ကြစရာ မလိုအောင် ပြည့်စုံပါတယ်၊ ပြီးတော့ ကိုယ့်အစ်ကိုတွေရဲ့ဇနီးတွေဆိုလည်း ဒီလိုပဲ လိုက်နေတာပဲ''

ယွန်းယွန်းက မျက်နှာကိုမဲ့ရင်း ခေါင်းအသာခါလိုက်သည်။

''မဟုတ်သေးဘူး ကိုမြင့်ဦးတင်၊ နှစ်ဆယ့်တစ်ရာစုမှာ အဲဒီအစဉ်အလာဆိုတာ မရှိတော့ပါဘူး၊ ပြီးတော့ ကျွန်မက အဲဒီမိန်းမတွေနဲ့ မတူဘူးလေ၊ အိမ်မှာဖဲ လိုက်နေပြီး လင်ယူသားမွေးကိစ္စလောက်နဲ့ ကျွန်မဘဝကို အချိန်ကုန်မခံနိုင်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဦးတင်မျက်နှာက ဆတ်ခနဲ တင်းမာသယောင်ယောင်ဖြစ်သွားသည်။ ပြီးမှ ယွန်းယွန်းကိုကြည့်ကာ စိတ်လျှော့ချလိုက်သောဟန်ဖြင့် ...

"ကောင်းပြီလေ၊ နေခြည့်သဘောက ဒီလိုဆိုတော့လည်း ကိုယ်မယ်မယ့်ကို ပြောလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ ကိုမြင့်ဦးတင်"

ထိုစကားကို ယွန်းယွန်း စိတ်ပါလက်ပါ ပြောလိုက်ခြင်းဖြစ်သည်။ စကားအဆုံးမှာပဲ မြင့်ဦးတင်က မဆိုမပို ပြုံးလျက် ...

"ဒါနဲ့ ... ကိုယ့်ကို လက်ထပ်ဖို့လက်ခံခဲ့တာဟာ ဘာအကြောင်းက အစကလဲ နေခြည်"

ဘုရားရေ ... မကြာခင်လက်ထပ်တော့မယ့် မိန်းမတစ်ယောက်ကို ဘယ်လိုမေးလိုက်တာပါလဲဒ်နော့။

မျက်မှောင်လေးကြုတ်ကာ စဉ်းစားပြီးမှ ယွန်းယွန်း ပြန်ဖြေလိုက်သည်။

"ရှင် လက်ထပ်ခွင့်တောင်းတုန်းက ကျွန်မ စဉ်းစားခဲ့တဲ့စံနှုန်းတွေကိုတော့ အသေးစိတ် ပြန်မပြောချင်တော့ပါဘူး။ သေချာတာကတော့ ရှင်ဟာ လက်ထပ်သင့်တဲ့ ယောကျ်ားတစ်ယောက်မို့လို့ပဲ၊ ကျွန်မက အိမ်ထောင်ရေး တစ်ခုကို နားလည်မှုနဲ့ တည်ဆောက်ချင်တာ၊ အဲဒါဟာ ရှင့်ကို တစ်သက်လုံး ပုံအောပြီး အားကိုးသွားမယ်ဆိုတဲ့သဘောမျိုး မဟုတ်ဘူးနော်"

မြင့်ဦးတင်က တဟင်းဟင်း ရယ်တော့သည်။ ပြီး ...

"ဟုတ်ပါပြီဗျာ၊ နေခြည်ဟာ ခပ်ညံ့ညံ့မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ ကိုယ် သိပါတယ်၊ ထားပါတော့၊ ကိုယ် နေခြည့်ကို ချစ်သွားမိတဲ့အချက်တွေလည်း အများကြီးပါပဲ၊ ဒါပေမဲ့ နေခြည်နဲ့ လက်ထပ်တော့မယ့်လူတစ်ယောက်အနေနဲ့ တစ်ခုတော့ ပြောချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဘာများလဲ ကိုမြင့်ဦးတင်"

အတန်ကြာအောင် ငြိမ်ကာ ပြောသင့်မပြောသင့်စဉ်းစားနေပုံရသည်။ ပြီးမှ သက်ပြင်းကို ဖွဖွချရင်း မြင့်ဦးတင်က ...

"နေခြည် တောင်းဆိုထားတဲ့အချက်ကို ကိုယ် မယ်မယ်နဲ့ ရအောင်ညှိပေးပါ့မယ်၊ နောက်ပြီး ကိုယ်ပြောချင်တာက နေခြည်လို မကြာခင်မှာလက်ထပ်တော့မယ့် မိန်းကလေးတစ်ယောက်ဟာ သူငယ်ချင်းယောကျ်ားလေးတစ်ယောက်နဲ့ ဒီအချိန်ကြီး အပြင်မှာ နှစ်ယောက်တည်း မရှိနေသင့်ဘူးလို့ ထင်တာပဲ"

ယွန်းယွန်းစိတ်ထဲမှာ ထောင်းခနဲဖြစ်သွားရသည်။ ဆတ်ခနဲ စူးစူးရဲရဲလေး ပြန်ကြည့်လိုက်ပြီးမှ ...

"ကိုမြင့်တင်ဦး ... ရှင် ကျွန်မရဲ့သိက္ခာနဲ့ ကိုယ့်ကျင့်တရားကိုယုံရင် ဒီစကားမျိုး မပြောသင့်ပါဘူး။ ဒါဟာ သံသယလို့ မသုံးနှုန်းတာပဲရှိတယ်၊ ကျွန်မ ရှင်းရှင်းပဲ ပြောမယ်၊ ညီထူးနဲ့ ကျွန်မဆိုတာ ဟိုးငယ်ငယ်လေးတည်းက သူငယ်ချင်းတွေပါ။ ပြီးတော့ ... ခုတွေ့တယ်ဆိုတာကလည်းလူသူလုံးဝမရှိတဲ့ ဆိတ်ကွယ်ရာမှာလည်း မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ကိုယ်ကလည်း စိတ်ပူလို့ ပြောမိတာပါ၊ နေခြည်ကို ယုံပေမယ့် တစ်ဖက်လူကိုတော့ ကိုယ် မသိနိုင်ဘူးလေ"

"တော်တော့ ကိုမြင့်တင်ဦး၊ ကြာရင် စကားတွေက ပိုရှုပ်ကုန်တော့မယ်၊ ဒါဆိုရင် ဒီလိုလုပ်ပါလား။ ရှင်လည်း ရှင့်မယ်မယ်နဲ့ ညှိဖို့အချိန်ရအောင်ကျွန်မကိုလည်း ထပ်လေ့လာဖို့ရအောင် မင်္ဂလာပွဲကို တစ်ပတ်လောက်ထပ်ရွှေ့လိုက်ပါလား။ အဲဒီအတွက် ကုန်ကျစရိတ်ကို ကျွန်မတာဝန်ယူပါ့မယ်"

ရှုံ့သလိုပြောပြီး ယွန်းယွန်း ထထွက်လာခဲ့သည်။ မိတ်တို့လှမ်းချဲ


www.burmeseclassic.com

www.burmeseclassic.com


မြင့်ဦးတင် လှမ်းခေါ်တာကိုပင် လှည့်မကြည့်မိတော့။

■

အရာရာကို သံသယမျက်စိနဲ့ ကြည့်ရမယ်ဆိုတဲ့ ပညာရှင်ကြီးဒေးကားကို ပြောလိုက်ကြပါ။ ချစ်ခြင်းနဲ့ဆက်နွယ်နေတဲ့ကိစ္စတွေမှာတော့ သံသယဟာ အဆိပ်အတောက်လို ဆေးဘက်ဝင်ပါတယ်လို့။

ဘယ်အရာမဆို မသုံးတတ်လျှင် 'ဘေး' ဆိုတာကို တချို့လူတွေ မေ့နေတတ်ကြပါသည်။

■

အခန်းထဲပြန်ရောက်တော့ . . .

ရှုပ်ထွေးနောက်ကျိနေသောစိတ်ကို သက်သာလိုသက်သာငြား ငြိမ်ပြီး ထိုင်နေမိသေးသည်။

သူမ ပြောခဲ့သောစကားတွေကို မြင့်ဦးတင် သဘောပေါက်ပါ့မလား။ ယွန်းယွန်း တွေးမရ။

ဘယ်လိုပဲဖြစ်ဖြစ် သူမဘက်ကတော့ တောင်းဆိုစရာရှိတာကို တောင်းဆိုပြီးပြီ။ ညှိပေးရမှာက သူတို့ကိစ္စ။

ယခုမှပဲ မေမေပြောသလို သူမ ဆုံးဖြတ်လိုက်တာ မှားသွားပြီ လားဟူသည့် အတွေးက ဝင်လာသည်။


www.burmeseclassic.com

www.burmeseclassic.com


သို့သော် ဒီအချိန်ကျမှ ဘာမှမတတ်နိုင်တော့။

တွေးရင်း စိတ်ထဲမှာ ပြန်မွန်းကျပ်သလိုဖြစ်လာ၍ ဟိုတယ်အခန်းရှေ့မှ ဝရန်တာဆီသို့ ထွက်ခဲ့လိုက်သည်။

အပေါ်ထပ်ဝရန်တာမှ အောက်ဘက်သို့ ဟိုဟိုဒီဒီအကြည့် ...

"ဟင်"

အောက်ဘက်ပန်းခြံလေးထဲက ခုံတန်းလျားလေးမှာ ထိုင်နေသေးသော ညီထူးကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ဗုဒ္ဓေါ ... ဒီကောင် ဘယ်အချိန်အထိ အဲဒီနေရာမှာ ထိုင်နေဦးမှာပါလိမ့်။ သူပြောသလို တစ်ညလုံးဆိုရင်တော့ ဒုက္ခပါပဲ။

စိတ်ညစ်ညစ်နှင့် တွေးလိုက်မိသည်။ တစ်ဆက်တည်း ညီထူးပေးလိုက်သည့် စာရွက်ကို သတိရလာ၏။

ချက်ချင်းပင် အခန်းထဲပြန်ဝင်ကာ ဖွင့်ဖတ်လိုက်သည်။

"အို"

သူတို့နှစ်ယောက်ကြားက ပုံရိပ်တွေကို ထင်ဟပ်အောင်ရေးထားသော ကဗျာတစ်ပုဒ် ဖြစ်နေသည်။

ဖတ်ရင်း ... ဖတ်ရင်းပင် ...

ငယ်ဘဝက သံယောဇဉ်ပုံရိပ်တွေကို တစိမ့်စိမ့်ပြန်ကာ သတိရလာပြီး ရင်ထဲက လှိုက်မောမှုတွေကြောင့် ခိုက်ခိုက်တုန်သွားရလေသည်။

ပြီး မသိစိတ်တွေနှင့် အိပ်မက်က လန့်နိုးလာသူပမာ သူမ ထရပ်လိုက်မိသည်။

■


www.burmeseclassic.com

www.burmeseclassic.com

"ကိုညီထူး"

ခေါ်သံကြောင့် ညီထူး ဆတ်ခနဲ ကြည့်လိုက်မိသည်။ အားရပါးရ လွှမ်းနေသော အလွမ်းပင် 'သီး' သွားရ၏။ ခေါ်သံနှင့်အတူ နံဘေးမှာ ဝင်ထိုင်လိုက်သူက တခြားမဟုတ်။ တစ်ချိန်က ရည်းစားတွေဖြစ်ခဲ့ပြီး ဇာတ်နာခဲ့ရသော နိုင်ရတနာမြူမြူဇော်ဝင်းသန်းပင် ဖြစ်လေသည်။

ညီထူး စိတ်ညစ်သွားရ၏။ အရင်လို ရည်းစားတွေမဟုတ်တော့ပေမယ့်လည်း ယွန်းယွန်းညီမဆိုသော အသိဖြင့် ...

"ဪ ... နိုင် ... နိုင်ရတနာမြူ ... မြူ"

စကားပင် မဆုံးလိုက်။ ဇော်မက ထခစ်ခစ်ရယ်ကာ ...

"အရင်လို နိုင်လို့ပဲ ခေါ်ပါ မောင်ရဲ့"

"ဗျာ"

ညီထူး မြီးညှောင်းနီး တွန့်သွားရသည်။ မျက်ကလူးဆန်ပျာ ကြည့်လိုက်တော့ ဇော်မက ချွဲကိုယ်ရှင်း ထိကပ်သွားအောင် တိုးကပ်လာရင်း ...

"မောင် ... မောင့်ကို အရင်လို မောင်လို့ ပြန်ခေါ်ခွင့်ရှိတယ်မဟုတ်လား ဟင်"

ဒုက္ခပါပဲ။ ကျိန်ကာတော့ တက်လေပြီ။ ဇော်မက အတည်ပေါက်ကြီး လာပြောနေသည်လား မပြောတတ်။

ဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ်မှာပဲ ...

"ညီထူး"

"ဟင်"

ရှေ့တည့်တည့်မှာ လာရပ်ပြီး ခေါ်လိုက်သော ခေါ်သံကြောင့် ညီထူး လန့်ပြီး မော့ကြည့်လိုက်မိသည်။ မျက်ဝန်းထဲမှာ မီးတောက်တလက်လက်

www.burmeseclassic.com

www.burmeseclassic.com

နင့် စိုက်ကြည့်နေသူက ယွန်းယွန်း။

ပြီး ... ထွက်လာသည့်စကားသံတွေကလည်း မီးတောင်တစ်လုံး အရှိန်ပြင်းပြင်းနှင့် ပွင့်ထွက်သွားသလို ...။

"ဒီမှာ ညီထူး ... နင်နဲ့ငါ ဒီနေရာမှာ စကားပြောခဲ့တာ နာရီပိုင်းပဲ ရှိသေးတယ်၊ ငါက ... ငါက ... နင်နဲ့ပတ်သက်ခဲ့တဲ့ ငါ့ဘဝတစ်ခုလုံးမှာ ငါ မညာချင်တဲ့ စကားတစ်ခွန်းကို ပြောချင်လို့ လာခဲ့တာ၊ တော်သေးတာပေါ့ဟာ၊ ငါ့ရဲ့ဆုံးဖြတ်ချက်တွေမှားတော့မလို့၊ ခု ... ခုတော့ နင်က ... ညီထူး"

ညီထူး ရှင်းပြရန်အတွက် အလန့်တကြား မော့ကြည့်လိုက်မိသည်။

သို့သော် ယွန်းယွန်းကပဲ ဆက်၍ ...

"ညီထူး ... နင့်တစ်ဘဝလုံး သိမ်းထားဖို့ စကားတစ်ခွန်းတော့ ပြောခဲ့မယ်၊ အဲဒါ ... နင့် မုန်းတယ်ဆိုတာပဲ၊ နင်ဟာ အချစ်ကန်းနေရုံတင် မကဘူး၊ နင့်ဘဝတစ်ခုလုံးမှာ အချစ်ဆိုတဲ့ စကားနဲ့တောင် မတန်တဲ့ကောင် ရော့ ... နင်နဲ့ငါ့ရဲ့ငယ်စာရင်းကို ဟောဒီလို လွှင့်ပစ်လိုက်ပြီ"

ပြောရင်းပင် လက်ထဲမှာ ကိုင်လာသော ကဗျာစာရွက်ကို လုံးချေပြီး ညီထူးမျက်နှာသို့ ပစ်ပေါက်လိုက်သည်။

ညီထူးက ဝုန်းခနဲ ထရပ်လိုက်ပြီး ...

"ယွန်းယွန်း ခဏနေဦး၊ ငါ ရှင်းပြပါဦးမယ်"

"ဘာမှနားမထောင်ဘူး၊ တော်တော့ ... တော်တော့"

နားနှစ်ဖက်ပိတ်ကာ ပေါက်ပေါက်ကွဲကွဲအော်ပြောရင်း ယွန်းယွန်း လှည့်ပြေးသွားလေသည်။

"ယွန်း ... ယွန်း ... ယွန်းယွန်း"

အော်ခေါ်ရင်း ပြေးလိုက်သွားတာပင် မမီတော့၊ ထိုအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းက နောက်က ပြေးလိုက်လာပြီး ...

"ကိုညီထူး ... ကိုညီထူး ... ဘာတွေဖြစ်တာလဲဟင်၊ မမ ဘာဖြစ်သွားတာလဲ"

ညီထူးက ရှုတင်းတင်း လှည့်ကြည့်လိုက်ကာ ...

"တော်ပါတော့ ... ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းရယ်၊ မင်းနဲ့ငါက ဘာမှပတ်သက်တော့တာ မဟုတ်ဘူး၊ ခုတော့ မင်းပြောလိုက်တဲ့စကားကြောင့် ငါ့ကို ယွန်းယွန်း အထင်လွဲသွားရုံတင်မကဘူး၊ မချစ်တဲ့အပြင် မုန်းပါ မုန်းသွားပြီကွ"

ခိုင်ရတနာဖြူဖြူဇော်ဝင်းသန်းက ဘာမှနားမလည်နိုင်သလို ခေါင်းခါယမ်းလျက် ...

"ဘာမှနားမလည်တော့ဘူး ကိုညီထူးရာ၊ မမက တစ်ရက်နှစ်ရက်နေရင်ပဲ လက်ထပ်တော့မှာလေ၊ ခုနက ရှင့်ကိုပြောတယ်ဆိုတာကလည်း ကျွန်မ အရှက်မရှိလို့မဟုတ်ဘူး၊ ရှင် ကျွန်မကို အရူးကွက်နင်းသွားကို မကျေနပ်လို့ ပြန်ကျုပ်ချင်စိတ်နဲ့ တမင်ပြောလိုက်တာ၊ ဒါ ... ဒါဆို ... ရှင် ... ရှင်နဲ့မမက"

လေပူကြီးကို မှုတ်ထုတ်လိုက်ပြီးမှ ညီထူး ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ် ခိုင်၊ တစ်ချိန်က ကိစ္စအတွက်တော့ ငါ တောင်းပန်ပါတယ်၊ ငါ ရည်းစားတွေ အများကြီးထားခဲ့တယ်၊ ဒါပေမဲ့ ငါ့ရင်ထဲက တကယ်ချစ်တဲ့သူဟာ ယွန်းယွန်းပဲလို့ သိလိုက်ရတဲ့အချိန်မှာ ယွန်းယွန်းက လက်ထပ်တော့မယ်တဲ့ဟာ၊ ခုလည်း သူတောင်းခဲ့တဲ့ ကတိအတွက် သတို့သားအရန် လုပ်ပေးဖို့ ဒီကိုလိုက်လာခဲ့တာ၊ ဒါပေမဲ့"

စကားကိုဖြတ်ထားလိုက်ပြီး ညီထူးက ယွန်းယွန်းလုံးချေလွှင့်ပစ်ခဲ့သည့် ကဗျာစာရွက်လေးကို သွားကောက်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com


ပြီး ... ခုံတန်းလေးမှာ လျှောရဲရဲထိုင်ချလိုက်ရင်း ...

"ဒါပေမဲ့ ... ငါ့ရဲ့အချစ်ကို သိစေချင်လို့ ဒီနေ့ပဲ ပြောလိုက်မိတယ်၊ ကောင်းပါတယ်ဟာ ... ငါ့လိုကောင်အတွက် ဒီလိုပဲ အဆုံးသတ်တာ ကောင်းပါတယ်၊ ဒါမှ သူလည်း စိတ်ဖြောင့်ဖြောင့်နဲ့ မင်္ဂလာဆောင်လို့ရမှာ ပေါ့"

"ကိုညီထူးရယ် ... ရှင်နဲ့မမတို့အဖြစ်ကလည်း"

သက်ပြင်းချရင်း နိုင်ရတနာဖြူဖြူဇော်ဝင်းသန်း လိုက်လှိုက်မောမော ညည်းလိုက်မိသည်။ ပြီး ... ညီထူးလက်ထဲမှ လုံးကျေနေသည့် ကဗျာ စာရွက်ကို လှမ်းယူကာ ဖတ်နေပြန်၏။

ပြီး ... ညီထူးဘက်လှည့်ကာ ...

"ဒါဆို ... ခု ကိုညီထူး ဘာဆက်လုပ်မှာလဲဟင်"

ညီထူးက ခပ်နွမ်းနွမ်းလေး ပြုံးရင်း ...

"ဘာမှမလုပ်တော့ပါဘူး၊ သူ့ကို ပြောထားတဲ့အတိုင်း မနက်ဖြန် ရန်ကုန်ပြန်တော့မယ်လေ၊ ကဲ ... ညဉ့်နက်ပြီ နိုင်လည်း အပေါ်တက်တော့ ငါတော့ ခဏထိုင်နေလိုက်ဦးမယ်"

စကားအဆုံးမှာ နိုင်ရတနာဖြူဖြူဇော်ဝင်းသန်းက ခပ်လေးလေး ထရပ်လိုက်သည်။ မသွားခင်မှာ ညီထူးကို တစ်ချက်စိုက်ကြည့်၍ ...

"ရှင်တို့နှစ်ယောက်အတွက် ကျွန်မ စိတ်မကောင်းပါဘူး ကိုညီထူး"

"ရပါတယ်ဗျာ၊ လူ့အဖွဲ့အစည်းထဲက ဖြစ်တည်မှုတွေကို ကိုယ့် လက်နဲ့ ဖန်တီးလို့မှ မရတာ၊ သူ့ဟာသူ စနစ်တကျ ဖြစ်တည်နေတာပဲလေ၊ ခုလည်း ငါခံစားနေရပေမယ့် သူ့ဘဝအတွက်တော့ ကျေနပ်ပါတယ်"

ခြေသံပါးပါး ပျောက်ကွယ်သွားသည့်တိုင် အမှောင်ထဲမှာ တစ် ယောက်တည်းထိုင်ရင်း ညီထူးရင်ဘတ်ထဲ၌ ဟင်းလင်းများပြီး ပြည့်နှက်နေ


www.burmeseclassic.com

www.burmeseclassic.com

တော့၏။

ညတစ်အမှောင်သည် အလွမ်းကို အရောင်ရင့်စေနိုင်မှန်း ညီထူး ကောင်းကောင်းကြီး နားလည်လိုက်လေပြီ။

■

တံခါးပိတ်ထားသော ယွန်းယွန်း၏အခန်းရှေ့၌ ခိုင်ရတနာနွယ်မြူ ဇော်ဝင်းသန်း ရပ်နေမိသည်မှာ နာရီဝက်လောက်ပင် ရှိနေပြီ။

စိတ်ထဲမှာလည်း မပြတ်သားမှု မဝေခွဲတတ်မှုတွေနှင့် ...

အခန်းတံခါးခေါက်ရန် လက်ရွယ်လိုက်ပြီးမှ မခေါက်ဖြစ်ပြန်ဘဲ ချီတုံချတုံဖြစ်နေမိသည်။

ငါ ... မှားများ မှားသွားမလား။ ငါပြောလိုက်မယ့်စကားတွေဟာ မင်္ဂလာပွဲတစ်ခု ပျက်သွားစေနိုင်မလား။

အို ... ခုနက ဖြစ်ပျက်ခဲ့တဲ့ကိစ္စမှာလည်း ငါ့ပယောဂမှ မကင်းတာ ပဲ။

ငါ ... ခု ဘာလုပ်ရင်ကောင်းမလဲ။

စဉ်းစားရင်းပင် ဆုံးဖြတ်ချက်တစ်ခုကို စိတ်ပိုင်းကာ ချလိုက်ပြီး

'ဒေါက် .. ဒေါက် .. ဒေါက်'

■



www.burmeseclassic.com

www.burmeseclassic.com

ထိုတံခါးခေါက်သံသည် နှလုံးသားတံခါးနှစ်ချပ် ပွင့်ကောင်းပွင့်လာစေမည် ဖြစ်လာနိုင်သလို နှလုံးသားနှစ်ခုစလုံး မြှပ်နှံသင်္ဂြိုဟ်လိုက်ရမည့် မာန်နတ်၏ အချက်ပေးသံလည်း ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။

ဒါမှမဟုတ်လျှင်တော့ ...

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (ဆယ့်တိုး)

တစ်ညလုံးနီးပါး အိပ်ရေးပျက်ထားသလိုဖြစ်ခဲ့၍ မနက်ရှစ်နာရီခွဲ လောက်မှ ညီထူး အိပ်ရာထဖြစ်သည်။

နိုးနိုးချင်းမှာပဲ ယွန်းယွန်းနှင့် တစ်သက်လုံး ဝေးရပြီဆိုသည့်အသိ ကြောင့် ရင်ထဲမှာ စစ်ခနဲနာကျင်သွားရ၏။

အင်းလေ ... ဇာတ်လမ်းဆိုတာ စပြီးရင် အဆုံးတော့ရှိရမှာပဲ။ ကိုယ့်ဇာတ်သိမ်းမကောင်းတာကတော့ ကိုယ်ကံဇာတ်ဆရာရဲ့အလိုကျပဲပေါ့။

ရေမိုးချိုးကာ ခရီးဆောင်အိတ်ဆွဲပြီး ညီထူး ဟိုတယ်မှ တိတ် ကိတ်ကလေး ဆင်းလာခဲ့၏။

လမ်းတစ်လျှောက်မှာ ကားပါကင်ရောက်သည်အထိ မမြင်ချင်သော မျက်နှာတွေ တွေ့ရသလို မြင်ချင်သောမျက်နှာလေးကိုလည်း မတွေ့။

ကောင်းပါတယ်လေ ... ထပ်ဆုံနေရင် မန္တလေးမှာကတည်းက အလွမ်းကိုသက်တမ်းတိုးနေရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ကာ စက်နှိုးလိုက်သည်။ ပြီး . . .

"ကဲ . . . Goodbye မန္တလေးနဲ့ ယွန်းယွန်းရေ"

ဟု ညီထူး တိုးတိုးလေး ရေရွတ်လိုက်မိသည်။

သူ့ကို စောင့်ကြည့်နေသည့် မျက်ဝန်းတစ်စုံကိုတော့ ညီထူး သတိမထားမိလိုက်။

မောင်းထွက်သွားသော ညီထူးကားကိုကြည့်ကာ ထိုမျက်ဝန်းပိုင်ရှင်၏မျက်နှာပေါ်မှာတော့ . . .

အင်း . . . တစ်ခုခုတော့ ရှိနေပါလိမ့်မည်။

■

တရိပ်ရိပ်ပြေးနေသော ကား၏နောက်မှာတော့ ချစ်ခြင်းတရားတွေ တနင့်တပိုး ကျန်ခဲ့ပါလိမ့်မည်။ အခု ကားပေါ်တင်ကာ သယ်ဆောင်လာရသည်ကတော့ တစ်သက်လုံး သိမ်းဆည်းလိုက်ရတော့မည့် တသသအလွမ်းများ။

မန္တလေးမြို့ထဲက ထွက်စပြုနေပြီ။

မန္တလေးမြို့မှ နှုတ်ခွန်းဆက်သပါ၏ . . . တဲ့။

အင်းပေါ့လေ . . . ဒီဆိုင်းဘုတ်မှာတောင် နှုတ်ဆက်ခြင်းရဲ့တစ်ဖက်မှာ ကြိုဆိုခြင်းကို ရေးထားသေးတာပဲ။ အချစ်နဲ့အလွမ်းဆိုတာကလည်း လူတစ်ယောက်ရဲ့နံရံတစ်ဖက်စီမှာပါကွာ။

ဒီဆိုင်းဘုတ်ကိုကျော်လျှင်တော့ အဝေးပြေးလမ်းမပေါ်သို့ရောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကားကို အရှိန်မြှင့်ရန် လီဗာပေါ်သို့ ညီထူး ခြေထောက်ဖိနင်းလိုက်၏။

ထိုစဉ် ...

လမ်းဘေးတစ်နေရာမှ လူတစ်ယောက်ပြေးထွက်လာပြီး ကားလှမ်းတားလိုက်သည်ကို လှမ်းမြင်လိုက်ရသည်။ အငှားကားဟု ထင်နေ၍လားမသိ။ ဘာပဲဖြစ်ဖြစ် ညီထူး ကားကို အရှိန်လျှော့ပေးလိုက်၏။ လှမ်းတားသူကိုတော့ သဲသဲကွဲကွဲမမြင်ရသေး။ ကောင်မလေးတစ်ယောက်ဆိုတာကတော့ သေချာသည်။ ဂျင်းဘောင်းဘီကျပ်ကျပ်နှင့် တီရှပ်လေး ဝတ်ထားကာ ခေါင်း ထက်မှာလည်း ယောကျ်ားဆောင်းဦးထုပ်တစ်လုံးအား ခပ်ငိုက်ငိုက်ဆောင်း ထားသေးသည်။

ကားရပ်ပေးရင်း ညီထူးက ခေါင်းပြူကြည့်ကာ ...

"ဒီမှာ ... ဒါက အငှားကားမဟုတ် ... ဟင် ... နိုင် ... နိုင် ... ရတနာဖြူဖြူ"

ညီထူး အံ့သြလွန်း၍ နာမည်ကိုပင် ဆုံးအောင်မခေါ်နိုင်ဘဲ အိုးတိုးအမ်းတမ်းဖြစ်နေသည်။

ထိုအခါမှ ငတိမလေးက ဦးထုပ်ကိုဆွဲချွတ်ရင်း ...

"ဘယ်လိုလဲ ကိုညီထူးရဲ့ ... အသည်းကွဲပြီး အိမ်ပြန်တော့မှာပေါ့ဟုတ်လား"

အရေးထဲ ဒီအထိလာပြီး လျှာကရှည်နေသေးသည်။

ညီထူးက စိတ်မရှည်ဟန်နှင့် ...

"ဘာဖြစ်ရပြန်ပြီလဲဗျာ၊ မင်းက ဘယ်လိုဖြစ်ပြီး ဒီနေရာမှာရှိနေတာလဲ"

ငတိမလေး မျက်မှောင်ကြုတ်သွားသည်။ ပြီး မျက်စောင်းထိုးရင်း


www.burmeseclassic.com

www.burmeseclassic.com


"အောင်မာ ... သူများကိုပဲ အပြစ်တင်မနေပါနဲ့၊ ဟိုမှာကြည့်ဦး ... သူ့ကြောင့် ဒီနေရာကိုရောက်နေတာပေါ့"

ညွှန်ပြရာသို့ ညီထူး လှမ်းအကြည့် ...

"အို"

ရင်ခုန်သံတွေ ဖျိုးဖျိုးဖျစ်ဖျစ် မြည်သွားရသည်။ ခပ်လှမ်းလှမ်းတစ်နေရာရပ်နေသူက ယွန်းယွန်းမှ ယွန်းယွန်းအစစ်။

ချစ်ရပါသော ... ဂျပုမလေး။

ညီထူး ကားတံခါးဖွင့်ပြီး ဒရောသောပါး ပြေးဆင်းသွားလိုက်သည်။ အနားရောက်တော့ အံ့ဩခြင်း၊ မယုံနိုင်ခြင်းတွေနှင့်။

"ယွန်းယွန်း ... နင် ... နင်က ငါနဲ့တွေ့ဖို့ ဒီမှာစောင့်နေတာ ဟုတ်လား"

မျက်စောင်းလဲ့လဲ့လေးက အရင်ရောက်လာသည်။ မြင်ကွင်းထဲက ပျောက်ကွယ်သွားမှာစိုးရိမ်သည့်အလား ညီထူး တရှိုက်နင့်နင့် ကြည့်နေမိတော့၏။

ယွန်းယွန်းက ...

"ဟုတ်တယ် ညီထူး၊ ငါ ပြောစရာလည်း ရှိလို့၊ နားထောင်စရာလည်း ရှိသေးတယ်ထင်လို့ ဒီမှာစောင့်နေတာ"

"ဘာ ... ဘာပြောမှာလဲဟင်"

မျှော်လင့်တကြီး ညီထူး မေးလိုက်မိသည်။ ယွန်းယွန်းက ရှက်ပြုံးငွေ့ငွေ့ကိုပြုံးရင်း ...

"နင်ပဲ အရင်ပြောပါ၊ အရင်လိုပဲပေါ့၊ ညီထူး ... နင် ထည့်ပြီး သုံးခဲ့ဖူးတဲ့ ချစ်တယ်ဆိုတဲ့စကားမပါဘဲ ငါ့ကို ပရိုပို့(စ်)လုပ်ကြည့်စမ်းပါ ဘယ်လိုပြောမလဲ ... ပြော"

www.burmeseclassic.com

"ဟေ"

ညီထူးရင်ထဲ ကြယ်တွေ ဖြာလင်းသွားရသည်။ မထိတရိလေးကြည့်နေသော ယွန်းယွန်း၏နားရွက်ကလေးတစ်ဖက်ကို ဆွဲကိုင်လိုက်ပြီး . . .

"ဂျူပမရယ် . . . ငါ့ဘဝမှာရှိနေတဲ့ နောက်ဆုံးလက်ကျန်အချိန်တွေကို နင်နဲ့ ဖြတ်သန်းချင်တာမျိုးပေါ့၊ အဲဒါ ငါ့ဘဝမှာ ပထမဆုံးပြောဖူးတဲ့ နောက်ဆုံးရည်းစားစကားပဲ"

"အို"

မျက်နှာလေးပေါ်မှာ တစ်ခါမှမမြင်ဖူးသော အချစ်ရောင်တွေ တောက်ကာ ယွန်းယွန်း ခေါင်းကလေးငုံ့ကိုင်းသွားသည်။

ပြန်ပြောလာသည့်စကားသံလေးကလည်း ကြည်နူးလိုက်မောစွာ

"ငါ . . . ငါလည်း နင့်လိုပါပဲ ညီထူးရယ်၊ အဲဒီဆုံးဖြတ်ချက်ချဖို့အတွက် ငါ အသိုင်းအဝိုင်းနှစ်ခု စတေးလိုက်ရတယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ငါ့ကိုယ်ငါ ညာပြီး တစ်သက်လုံး ဟန်ဆောင်မနေချင်လို့ပေါ့၊ ခုတောင် ဒီလောက်ပင်ပန်းနေရင် ရေရှည်ကိုကြည့်လိုက်တိုင်း ငါ မောတယ်"

ညီထူးက ယွန်းယွန်းလက်ကလေးကို တယုတယဆုပ်ကိုင်လိုက်ပြီး

"အသိုင်းအဝိုင်းနှစ်ခု စတေးလိုက်ရတာဟာ လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်စီးသွားတာမှမဟုတ်ဘဲ ယွန်းယွန်းရယ်၊ ငါတို့နှစ်ယောက်အနေနဲ့ လိမ်ပြာသန့်တဲ့ အသိုင်းအဝိုင်းနှစ်ခု ပြန်တည်ဆောက်လို့ရသေးတာပဲ"

"ငါ နားလည်ပါတယ်၊ ဟိုဘက်က အသိုင်းအဝိုင်းဟာ ငါနဲ့ ဘယ်လိုမှ သဟဇာတမဖြစ်နိုင်ဘူးဆိုတာလည်း ငါ သိတယ်၊ ငါ အခုလို ရပ်လိုက်တဲ့အတွက် ငါ့မိဘတွေဘက်က မျက်နှာပူစရာဖြစ်ပေမယ့် မေမေတို့က


www.burmeseclassic.com

www.burmeseclassic.com


ကျေနပ်မှာပါ"

"အဲဒါ ဘာဖြစ်လို့လဲ သိလား"

ယွန်းယွန်းက မျက်စောင်းထပ်ထိုးလိုက်ရင်း ...

"ဘာဖြစ်ရမှာလဲ ကောင်စုတ်ရဲ့ နင် လက်မတင်လေး အကန်းဘဝက လွတ်သွားတာကိုး"

"အချစ်ကို မြင်သွားတာပါဟာ"

"မသိဘူး၊ အကန်းဟာ အကန်းပဲ"

ညီထူးက အသည်းယားစွာ ချစ်သူကိုယ်လုံးလေးကို ဆွဲဖက်လိုက်ပြီး ...

"ဂျုပုမ ခွေးမလေး ... ငါ ကန်းခဲ့တာ ရိုးရိုးအကန်းမဟုတ်ဘူးဟ၊ လပ်ဗ်ဘလိုင်း (Love blind) လို့ ခေါ်တယ်၊ သိရဲ့လား"

"အောင်မာ ... ကြီးကြီးကျယ်ကျယ်၊ ကဲ ကိုယ်တော် ခု ဘာလုပ်မှာလဲ"

BURMESE CLASSIC

"ဟိုမှာလေ"

ညီထူး လှမ်းပြသည့်ကားကိုကြည့်ကာ ယွန်းယွန်း ပြုံးလိုက်ရင်း ရင်ထဲမှာ ပြည့်စုံသွားသောပီတိကို ခံစားလိုက်ရလေသည်။

ဒါပါပဲ ...။

■

ကဲ မိတ်ဆွေ ... သူတို့နှစ်ယောက် ဘာလုပ်ကြမလဲဆိုတာကို အောက်မှာ ရဲရဲကြီး ရေးပစ်လိုက်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

သိပြီးသားပဲ ဖြစ်မှာပါ။ အဲ ... ရမှတ်ကတော့ ...

... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ... ...

(၁၀၀–မှတ်)

BURMESE CLASSIC

လေးစားစွာ

မြဝါကြိုင်

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

၅ နာရီ ၃၉ မိနစ်

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ပြီးလုံးချင်းဝတ္ထုများ


၁။ ချစ်သူရေးတဲ့ ရည်းစားစာ (ဗွီဒီယို)

၂။ ချစ်သူဝှက်တဲ့ ခေတ်သစ်ဒေင်

၃။ ချစ်သူပြောတဲ့ ရည်းစားစကား (ဗွီဒီယို)

၄။ အပျိုစင် (ဗွီဒီယို)

၅။ ချစ်လို့ (ဗွီဒီယို)

၆။ အိပ်မက်အက်ဆေး

၇။ ဟန်းနီးမွန်း (ဗွီဒီယို)

၈။ ရူပါခန်းဒေး (ဗွီဒီယို)

၉။ ဖူးစာကွန်ရက်


### ယခုလ


၁၀။ သူငယ်ချင်းဒိုင်ယာရီ


BURMESE CLASSIC
www.burmeseclassic.com